www.burmeseclassic.com

ဂ်ဝင်ဖူးတရှင်ရုပ်ပုံလွှာ

# ဒဿအကျဉ်းစခွာ

BURMESE CLASSIC .com



င်ဖူးတရှင်ရဲ့ရုပ်ပုံလွှာအတိအကျမြင်နိုင်မယ့်ဂမ္ဘီရနည်း

www.burmeseclassic.com

www.burmeseclassic.com

# မှော်ဝင်ဖူးစာရှင်ရုပ်ပုံလွှာ

BURMESE CLASSIC .com

သင့်ဖူးစာရှင်ရဲ့ရုပ်ရည်ဘယ်လိုရှိမလဲ

အတိအကျသိနိုင်မယ့်လျှို့ဝှက်နည်း

## ဒဿကျော်စွာ

www.burmeseclassic.com

www.burmeseclassic.com

ခင်များတို့တော့ မသိဘူး။

ကျွန်တော်ကတော့ လတ်ဆတ်တာ၊ 'သစ်'တာမှ ကြိုက်တယ်။

ရည်းစားဟောင်းကို ကန်ထုတ်ပစ်ဖို့ ဝန်မလေးသလို ...

အဝတ်ဟောင်းကြီးလဲ ဆွဲဆုတ်ပစ်ဖို့ ဝန်မလေးဘူး။

ဒီလိုပဲ ...

ကိုယ်ဖန်တီးတဲ့ အနုပညာဆိုလဲ အမြဲ 'လန်း'နေမှ။

●

ဟိုးရှေးကနေ အခုထိ ဝတ္ထုတွေ ရေးလာကြတာများပြီများ။

ဘာပဲဖြစ်ဖြစ် ပုံစံကတော့ ဒါတွေချည်းပါပဲ။

ကြာတော့ ပျင်းလာတယ်။

အဟောင်းကြီးတော့ လုပ်မနေချင်တော့ဘူး။ ဘယ်သူနဲ့မှ ကို မတူချင်တော့တာ။

ဒါကြောင့် ကျွန်တော် အသစ်လုပ်ကြည့်ပါပြီ။

ဒီအတွက် အချိန်အတော်ယူခဲ့ရတယ်။ ထုတ်ဝေသူကတော့ စိတ်ညစ်တာပေါ့။ ဒီအတောအတွင်း ကြတောက်တောက် ထွက်လာတဲ့ ကျွန်တော့်ဝတ္ထုတွေကို ဆက်အားပေးခဲ့ကြသူတွေကိုလည်း အထူး ကျေးဇူးတင်ပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

အား ဒီပုံစံသစ်၊ ဒီဖိုင်းသစ်လေးတွေလည်း မြည်းကြည့်ပါ

ဦး

ကြိုက်ကြမယ် ထင်ပါတယ်။

ပေးမယ့် ရသကတော့ သည်းထိတ်ရင်ဖိုရသပါပဲ။

ဒါပေမဲ့ အရင်နဲ့တော့ တူတော့မှာမဟုတ်ဘူး။ ကျွန်တော့် ကြွေးကြော်သံအတိုင်းပေါ့ဗျာ။

တစ်ချို့က 'ကြိုက်'ပြီး တစ်ချို့က'ကြောက်'မှာပေမယ့် လုံးဝ သစ်မှာတော့ ကျိန်းသေပါတယ်။

ဒီတစ်အုပ်ဟာ ဇာတ်ပြောင်းဇာတ်လဲရဲ့ အစပါ။

နောက်ထပ် ဆက်တိုက်လာဦးမယ်။

ဒီ့ထက် ဒီ့ထက် ပို 'သစ်'သွားမယ်။



**ပထမနည်း**

**စမ်းသပ်ရက်စွဲ - မတ်လ ၂၀**

BURMESE CLASSIC .com

"ဒီနည်းက နည်းနည်းတော့ ကြောက်ဖို့ ကောင်းတယ်"

"ဘာလို့လဲ"

"မကောင်းဆိုးရွားတွေကို မြင်ရတတ်တယ်လို့ အဆိုရှိတယ်လေ"

ထိုသို့ အမှာစကားကိုကြားသော်လည်း ကြိုးကြာမေ သိပ်တော့ ဂရုမစိုက်မိပါ။ သူမရင်ထဲတွင် ကြောက်စိတ်ထက် မိမိဖူးစာရှင် ဘယ်သူ ဖြစ်လာမလဲဆိုတာ မြင်သိလိုစိတ်က ပိုများနေခဲ့လေသည်။

"မန်ကျီးခေါက်ကိုသွေးပြီး မျက်လုံးနှစ်ဘက်လုံးကို ကွင်းရုံပဲ မဟုတ်လား"

"ဟုတ်တယ်လေ၊ ဒါပေမဲ့ မန်ကျီးခေါက်က သင်္ချိုင်းမှာ ပေါက်နေတဲ့ မန်ကျီးပင်က ယူရမှာနော်"

www.burmeseclassic.com

www.burmeseclassic.com



"ဪတော့ မှန်ကြည့်ရမှာလား"

"ဟုတ်တယ်၊ ဒါပေမဲ့ ည ၁၂နာရီ တိတိကျမှ ကြည့်ရမယ်၊ ဒီလိုကြည့်တဲ့ညကလည်း လပြည့်ညဖြစ်ရမယ်"

"လပြည့်ညရဲ့ သန်းခေါင်ယံမှာ နှစ်ဘက်လုံးကို မန်ကျီးခေါက်တွေ အကွင်းလိုက် သွေးလိမ်းထားတဲ့ မျက်လုံးတွေနဲ့ မှန်ကိုကြည့်ရမှာပေါ့၊ ဒီလိုလား"

"ဒီအခါ မှန်ထဲမှာ အခန့်မသင့်ရင် မကောင်းဆိုးရွားတွေကို မြင်ရတတ်တယ်လို့ ပြောတာပဲ၊ ဒါပေမဲ့ လုံးဝကြောက်မသွားရဘူးတဲ့၊ မျက်စေ့ကို လုံးဝမလွှဲပဲ ဆက်ကြည့်သွားရမယ်၊ နောက်ဆုံးမှာတော့ ကိုယ့်ဖူးစာရှင်ရဲ့ မျက်နှာဟာ မှန်ထဲမှာ ပေါ်လာလိမ့်မယ်လို့ဆိုတယ်"

"တကယ်ပေါ်လာပါ့မလား၊ အဲဒီနည်းက ..."

"အင်း ပြောကြတာပဲ၊ ငါတော့ မစမ်းဖူးဘူး"

"သိပ်လွယ်လွန်းတယ်"

"သန်ချိုင်းမှာပေါက်နေတဲ့ မန်ကျီးပင်က မန်ကျီးခေါက်
သွေးလိမ်းရမှာလေ၊ ဘယ်မှာလွယ်လို့လဲ"

"ဘာပဲဖြစ်ဖြစ် သိပ်တော့ မခက်ဘူးလေ၊ အဲဒီလောက်လေး
တော့ ကိုယ့်ဖူးစာဘက်ရဲ့ ရုပ်ရည်ကို သိရလိမ့်မယ်လို့ မထ
ဘူး၊ တွက်ရ ချက်ရတာတွေလည်း မပါဘူး၊ လုပ်ရမှာက



တစ်ဆင့်တည်းရယ်"

"လုပ်ကြည့်ပါဦးလေ၊ ဒီနည်းကို အောင်မြင်အောင်လုပ်ဖို့တောင် သိပ်မလွယ်ဘူးလို့ ပြောကြတာပဲ၊ အခက်အခဲတွေ အတော်များများရှိတတ်တယ်တဲ့"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## ဒုတိယနည်း
## စမ်းသပ်ရက်စွဲ - မေလ ၂၀

“ငါပြောမယ့်နည်းအတွက်က ဘဲဥတစ်လုံးပဲလိုတယ်”

“ဘဲဥ အစိမ်းလား”

“အင်း၊ အစိမ်းကိုပဲ ပြုတ်ရမှာပေါ့”

“ပြုတ်ပြီးတော့ ဘာဆက်လုပ်ရမလဲ”

“ပြုတ်ပြီး သဗ္ဗာဘာဂလို့ခေါ်တဲ့ ဖူးစာရေးနတ်ကို တစ်ရက်တင်ရတယ်”

“သဗ္ဗာဘာဂဆိုတဲ့ ဖူးစာရေးနတ်ဟုတ်လား၊ အဲဒီနတ်က ဘယ်မှာ ရှိတာလဲ၊ ဟိုလေ နတ်ကွန်းတို့ဘာတို့ပြောတာ၊ သူ့ကို ဘယ်မှာ နတ်တင်ရမှာလဲ”

“ဖူးစာရေးနတ် နတ်ကွန်းက ... အင်း ... ရှိတယ်တော့ ကြားဖူးတာပဲ၊ ဒါပေမယ့် ရှားတယ်၊ ရပါတယ်၊ သစ်ပင်ကြီး

BURMESE CLASSIC .com



ကြီးတွေအောက်မှာ ဘာနတ်ရုပ်မှ သီးသီးသန့်သန့် မရှိတဲ့ နတ်စင်မျိုးလေးတွေ ရှိတတ်တယ် မဟုတ်လား၊ အဲဒီလို နတ်စင်မျိုးမှာ တင်ပေါ့”

“အဲဒီလို နတ်ရုပ်သီးသန့်မရှိတဲ့ နတ်စင်မျိုးကို ရုတ်တရက် ရှာလို့မတွေ့ရင်ကော”

“လွယ်ပါတယ် ရိုက်လိုက်ပေါ့၊ ကိုယ့်အိမ်နားက သစ်ပင်ခပ်ကြီးကြီးမှာ စင့်ကလေးလိုရိုက် ရတာပဲ၊ လွယ်လွယ်လေး”

“ဟုတ်ပါပြီ အဲဒီနတ်စင်မှာ တစ်ရက်တင်ရမှာနော်”

“အင်း ဟုတ်တယ်၊ တိတိကျကျပြောရရင်တော့ ဆယ့်နှစ်နာရီပေါ့လေ၊ ဉပမာ နံနက် ၈နာရီလောက်မှာ စလုပ်တယ်ဆိုရင် ည၈နာရီမှာ နတ်တင်ထားရာက ပြန်စွန့်ပေါ့”

“အင်း၊ ပြီးတော့ကော”

“ပြီးတော့ ဘဲဥပြုတ်ကို အခွံနွာပြီး အထဲကအနှစ်တွေကို ပန်းကန်သန့်သန့်တစ်လုံးနဲ့ ဖယ်ထုတ်ရမယ်၊ လုံးဝမစားရဘူး”

“အကာကိုပဲ စားရမှာလား”

“အင်း၊ ဘဲဥအနှစ်ကို ထုတ်တဲ့အခါ ပုံမပျက်အောင်ထုတ်ရမှာနော်၊ ပြီးတော့ အဲဒီအနှစ်တွေရဲ့နေရာ ဘဲဥအလည်ပိုင်းမှာ ဆားတွေကို အပြည့်ပြန်ဖြည့်ရမယ်”

www.burmeseclassic.com

www.burmeseclassic.com



“အခွံနွာပြီးတဲ့ ဘဲဥပြုတ်ကို ထက်ခြမ်းခြမ်းပြီး အထဲက အနှစ်တွေထုတ် နောက်ဆားတွေ အဲဒီနေရာ ပြန်သိပ်လို့ကော ရလား”

“ရတယ်၊ ဒါပေမယ့် ဆားတွေဟာ ဘဲဥအနှစ်ရှိခဲ့သလိုမျိုး အပြည့်ဖြစ်နေရမှာနော်”

“ဟုတ်ပြီ နောက် ဘာဆက်လုပ်ရမလဲ”

“နတ်စင်ရှေ့မှာပဲ ဖူးစာရှင်နဲ့တွေ့ရပါစေလို့ ဆုတောင်းပြီး အဲဒီဘဲဥပြုတ်ကို စားလိုက်ရတယ်”

“အမယ်လေး ငန်လိုက်မယ့်အမျိုး၊ ဆားက အပြည့်သိပ်ထားတာဆိုတော့”

“ဟုတ်တယ် ငန်လိမ့်မယ်၊ အဲဒီ ဘဲဥကိုစားပြီးတာနဲ့ အိမ်ပြန် အိပ်ရာ ဝင်လိုက်ရတယ်၊ ငန်တဲ့အတွက် ညလည်ချောင်းမှာ ရေဆာတယ်လို့ အိပ်မက်မက်လိမ့်မယ်၊ ကိုယ့်ဖူးစာရှင်က အိပ်မက်ထဲမှာ ကိုယ့်ကို ရေလာတိုက်လိမ့်မယ်”

“ဒါပဲလား”

“အင်း၊ ဒါပဲလေ၊ ဒီလို အိပ်မက် မက်တဲ့အခါ အိပ်မက်ထဲမှာ ကိုယ့်ကို ရေလာတိုက်သူရဲ့ မျက်နှာကို သေချာကြည့်ထား၊ အဲဒါ ကိုယ့်ဖူးစာရှင်ဖြစ်လာမယ့်သူပဲ”

“တစ်မျိုးပဲနော်၊ နင်ပြောတဲ့နည်းက”



“ဘာလဲ မယုံလို့လား”

“မဟုတ်ပါဘူး၊ အင်း တစ်မျိုးတော့ တစ်မျိုးပဲ၊ တွက်ရချက် ရတာတွေလည်း မပါဘူးနော်”

“နင်က ဖူးစာရှင်ဖြစ်လာမယ့်သူရဲ့ရုပ်ပုံလွှာကို မြင်ဘူးဖို့များ ဘာတွေ တွက်ချက်ချင်သေးလို့လဲ”

“အင်း ငါ့စိတ်အစွဲလို့ပဲ ပြောရမလားမသိပါဘူး၊ ငယ်ငယ်ကတည်းက ဖေဒင်တို့ဘာတို့တွေ တွက်ချက်ကြတာကို မြင်ဘူးတော့ တွက်တဲချက်တဲ့နည်းလမ်းကမှ ပိုမှန်ပြီး ပိုထိရောက်တယ်လို့ ထင်မိတယ်၊ ဒါကြောင့် ကိုယ့်ဖူးစာရှင် ရုပ်ပုံလွှာ မြင်ဘူးဖို့ အတွက်လည်း တွက်ချက်လို့ရရင် ကောင်းမှာ”

“ဒီနည်းလဲ လုပ်ကြည့်ပါဦးလေ၊ တော်ရုံနဲ့ မအောင်မြင်နိုင်ဘူးလို့ ပြောကြတယ်”

www.burmeseclassic.com

www.burmeseclassic.com



## တတိယနည်း


**စမ်းသပ်ရက်စွဲ - ဇူလိုင်လ ၂၀**

"အဲဒါ ဘာပုံလဲဟင်"

ဒေါ်လေးဖြစ်သူက ပုံဆွဲလို့မပြီးမီမှာပင် ကြိုးကြာမေက မေးမိလေ၏။ ဒေါ်လေးက ဘာမှမပြော ပြုံးရင်း တစ်ချက်လှမ်းကြည့်ကာ ဆွဲလက်စပုံကိုသာ ပြီးအောင် ဆက်ဆွဲလေသည်။

လတ်စသတ်ပြီးလိုက်လေမှ ဒေါ်လေးက လက်ကို ဖယ်လိုက်သည်။

ကြိုးကြာမေမြင်ရသလောက်တော့ စတုရန်းကြက်လျှာလိုလို ဟာရဲ့ ထောင့်ချွန်းမှာ အဝိုင်းကလေးတွေပါတဲ့ပုံပါပဲ။





"ဒီပုံက ရှေး အိန္ဒိယလောကီပညာဆိုင်ရာ ပုံတစ်ပုံပဲကွဲ့၊ သူ့ကို အမျိုးမျိုးပဲ နာမည်ခေါ်ကြတယ်၊ ဒေါ်လေးဖတ်ဖူးတဲ့ စာတစ်အုပ်ထဲမှာတော့ သျှမတ်လို့ အသံထွက်တယ်၊ တခြား စာအုပ်တစ်အုပ်မှာတော့ ဂျေရာလို့ ရေးထားတာလည်း တွေ့ဘူးတယ်၊ ထားပါတော့လေ နာမည်က အရေးမကြီးပါဘူး၊ အရေးကြီးတာက ဒီပုံကလေးနဲ့ သမီးတွေချင်တဲ့ ဖူးစာရှင်ရဲ့ ရုပ်ပုံလွှာကို တွေ့အောင်လုပ်လို့ရတယ်လို့ ဆိုတယ်"

"ဘယ်လိုလုပ်ရမှာလဲဟင် ဒေါ်လေး"

"ဒါကိုလုပ်ဖို့ ကျောက်သင်ပုန်းရယ်၊ မီးသွေးရယ်၊ စပါးစေ့လေး လက်တစ်ဆုပ်စာရယ် လိုတယ်"

"ဩော် လိုတဲ့ပစ္စည်းတွေက ရှာရလွယ်သားပဲ"

"ကျောက်သင်ပုန်းက အသစ်၊ မီးသွေးကလည်း အသစ်ဖြစ်ရမယ်နော် မီးမဖိုရသေးတဲ့ မီးသွေး"

"အင်း ဆိုင်ကနေ မီးသွေးသွားဝယ်လိုက်မှာပေါ့"

"စပါးကလည်း ကိုယ်တိုင် စပါးနှံကနေ ဆွတ်ယူရမယ့် စပါးစေ့တွေလိုတာ"

"ကိုယ်တိုင် စပါးနှံကနေ ဆွတ်ယူရမယ် ဟုတ်လား"

"ဟုတ်တယ် ဒီလို ဆွတ်တဲ့အခါမှာ ဖူးစာဖက်ကို တွေ့ဖူးချင်လို့ ကူညီပါ မြေနတ်မင်းကြီးရယ်လို့ တိုင်တယ်ပြီး ဆွတ်ရ

www.burmeseclassic.com

www.burmeseclassic.com

မယ်၊ ဆွတ်တဲ့အခါမှာလဲ မိန်းကလေးဖြစ်ရင် ဘယ်ဘက် ယောကျ်ားလေးဖြစ်ရင် ညာဘက်လက်နဲ့ ဆွတ်ရမှာ၊ တစ်ဆက်တည်းပဲ စပါးစေ့တွေ လက်တစ်ဆုပ်စာလုံးပြည့်အောင် ဆွတ်ရမှာ''

ကြိုးကြာမေက မျက်နှာကလေးမော့ကာ စဉ်းစားဟန်ပြုလေသည်။

''သမီးတို့လို မြို့မှာနေတဲ့သူတွေအဖို့ ဒီလိုလုပ်ရတာ အခက်အခဲတော့နည်းနည်းရှိတယ်၊ ဒါပေမယ့် ကိစ္စမရှိပါဘူးလေ၊ ဖြစ်အောင်လုပ်ရင်တော့ ဖြစ်ရမှာပေါ့၊ အဲဒီလိုတာတွေ ရပြီဆိုပါတော့၊ ဘာဆက်လုပ်ရမလဲ''

''ကျောက်သင်ပုန်း အသစ်ပေါ်မှာ မီးသွေးနဲ့ အခု ဒေါ်လေးဆွဲပြတဲ့ပုံကို ဆွဲရမယ်၊ ဆွဲပြီးရင် ထောင့်ချွန်းက အဝိုင်းလေးတွေ တွေ့လား၊ အဲဒီအဝိုင်းတစ်ခုမှာ စပါးစေ့ကလေးတွေ တစ်ပုံစီ ပုံ၊ အလယ်မှာတော့ ကျန်တဲ့စပါးစေ့လေးတွေကို ပုံရမယ်''

''စပါးစေ့ဘယ်လောက်တွေ ပုံရမှာလဲဟင်''

''ထောင့်တွေမှာ အဝိုင်းလေးတွေက လေးဝိုင်း ရှိတယ်လေ၊ အလည်မှာလဲ တစ်ပုံပုံရမှာဆိုတော့ စုစုပေါင်း ငါးပုံပေါ့၊ ကိုယ့်လက်တစ်ဆုပ်နဲ့ အပြည့်ယူလာတဲ့ စပါးစေ့ကလေးတွေ



ကို ငါးပုံအညီအမျှခွဲပြီး ပုံရမှာပေါ့ကွယ်''

''ကျောက်သင်ပုန်းပေါ် ထောင့်ချွန်းမှာ အဝိုင်းကလေးတွေပါတဲ့ စတုရန်းကြက်လျှာပုံဆွဲ၊ ပြီးတော့ အဝိုင်းလေးခုထဲမှာ စပါးစေ့ တစ်ပုံစီ၊ ပုံရဲ့ အလည်တည့်တည့်မှာက တစ်ပုံ ပုံရမယ်၊ ဟုတ်ပြီနော်''

''ဘေး လေးထောင့်က စပါးလုံးပုံလေးတွေက အရပ် လေးမျက်နှာကို ကိုယ်စားပြုတယ်၊ အလယ်က စပါးလုံးပုံကတော့ ကိုယ့်ကိုယ်ကို ကိုယ်စားပြုတယ်၊ အဲဒီအလယ်က စပါးလုံးပုံလေးကို ရေတွေမြုပ်သွားတဲ့အထိ ရေစက်ကလေးတွေဖြန်းပေးရမယ်''

''ဘယ်လိုမျိုးလဲ''

''သဲပုံကလေးကို ရေရွှဲအောင် ဖြန်းသလိုမျိုးပေါ့၊ စပါးလုံးပုံလေးကို ရေတွေ ဖုံးသွားအောင် ဖြန်းရမှာ''

''ကိုယ့်ကိုယ်ကို ကိုယ်စားပြုထားတဲ့ စပါးလုံးပုံကလေးကို ရေဖြန်းရမယ် ဟုတ်လား''

''ဟုတ်တယ်၊ ဒီလို လုပ်ထားပြီးရင် ညဘက်ကျ အိပ်မက်မက်ရော၊ ရေနစ်တယ်လို့ အိပ်မက်မက်တာ၊ ဒီလိုအိပ်မက်ထဲမှာ ရေနစ်နေတဲ့အခါ ကိုယ့်ကိုတယ်မယ့်သူရောက်လာလိမ့်မယ်၊ အဲဒါ ဖူးစာရှင်ပဲ''

www.burmeseclassic.com

www.burmeseclassic.com

"အိပ်မက်ထဲမှာ ရောက်လာမှာလား"

"အင်းပေါ့၊ ကိုယ်ရေနှစ်နေတာကို လာကယ်တယ်လို့ အိပ်မက် မက်မှာ"

"ဆန်းတော့ ဆန်းတယ်နော်၊ ဒီနည်းက ..."

"အင်း ... ဆန်းတယ်၊ အောင်မြင် အထမြောက်အောင် လုပ်ဖို့လည်း ခက်တယ်"



**စတုတ္ထနည်း**

**စမ်းသပ်ရက်စွဲ - စက်တင်ဘာလ ၂၀**

"ဆရာ ပုံတစ်ပုံဆွဲပြမယ်၊ အဲဒီပုံက လောကီပညာမှာ တော်တော်သုံးကြတယ်"

ဗေဒင်ဆရာက စာရွက်တစ်ရွက်ပေါ်တွင်ခဲတံဖြင့် လေးထောင့်ပုံလေး ဆွဲလိုက်လေ၏။

"အဲဒီပုံ သမီးသိတယ်၊ ထောင့်လေးတွေမှာ အဝိုင်းကလေးတွေ ပါတဲ့ပုံလေ"

"ဟုတ်တယ် ... ဟုတ်တယ်၊ သမီးက သိတောင်နေပြီကိုး၊ ဒါပေမဲ့ ဒီပုံကို ဆွဲနည်းရှိတယ်၊ ခုက လွယ်အောင်ပြလိုက်တာ တကယ်ဆွဲတဲ့အခါ ဘောပန်မကြွပဲတစ်ဆက်တည်းဆွဲရမှာ"

"ဘယ်လိုပြောတာလဲ"

"ပုံမှန်အားဖြင့်ဆိုရင် လူတွေက စတုရန်းကြက်လျှာပုံလေးကို အရင်ဆွဲပြီး ထောင့်တွေမှာ အဝိုင်းလေးတွေ လိုက်ထည့်တယ်

www.burmeseclassic.com

www.burmeseclassic.com



ကြတယ်လေ''

''အင်းလေ အဲဒီလို ဆွဲရမှာ မဟုတ်ဘူးလား''

''မဟုတ်ဘူး၊ တစ်ဆက်တည်း ဆွဲရမှာ၊ ထိပ်ဆုံးက အဝိုင်းလေးကို အရင်ဆွဲ၊ ပြီးတော့ တစ်ဆက်တည်း စတုရန်းကြက်လျှာရဲ့ ထိပ်ဆုံးအနားတစ်ဘက်ကို ဆွဲပြီး အဆုံးမှာ အဝိုင်းလေးကို ဆက်ဆွဲ၊ ပြီးတော့ မျဉ်းဆက်ဆွဲ၊ အဲဒါမျိုးနဲ့ တဆက်တည်း သွားရမှာ''


''နည်းနည်းတော့ လက်ဝင်မယ်နော်''

''အင်း၊ သစ်ရွက်ပေါ်မှာ သံချွန်နဲ့ အဲဒီလို တစ်ဆက်တည်းပုံပေါ်အောင် ဆွဲရမှာဆိုတော့ ခက်တယ်ပြောရမှာပေါ့''

''ဟို အင်းတွေ ဘာတွေ လုပ်တာကျနေတာပဲ''

''ဒါပေါ့ ဒါလည်း အစီအရင်တစ်ခုပဲလေ''

''ဘုဇပတ်ရွက်ပေါ်မှာ ဒီပုံကို ဆွဲရမှာနော် ဟုတ်လား''





''ဟုတ်တယ်၊ ဒီလိုဆွဲတဲ့နေရာမှာ သစ်ရွက်ပြတ်ထွက်သွားခြင်း၊ ပြဲဆုတ်သွားခြင်း မရှိရဘူး၊ ပြီးတော့ စမှတ်ဖြစ်တဲ့ စက်ဝိုင်းအောက်ခြေနေရာလေးမှာပဲ ဆုံးမှတ်ဟာ တိတိပပ သွားထိနေရမယ်၊ လိုသွားခြင်း လွန်ပြီး အစွန်းထွက်သွားခြင်း မရှိရဘူး၊ တစ်ဆက်တည်းဆွဲရမှာဖြစ်လို့ ပြီးရင် ပြန်ပြင်လို့လည်း မရဘူး၊ ဆွဲကတည်းက တစ်ခါတည်း သေသေသပ်သပ်ရအောင် ဆွဲဖို့ပဲ၊ မဟုတ်ရင်တော့ နောက်တစ်ရွက်အသစ်အစက ပြန်ဆွဲပေတော့၊ ဒီလိုဆွဲရင်းက ဖူးစာရှင်ကို မြင်ဖူးရပါလို၏လို့ စိတ်က နှလုံးသွင်း ဆုတောင်းထားရမယ်''

''အဲဒီလို အားလုံးပေါင်း နှစ်ရွက်လုပ်ရမှာနော်၊ ဟုတ်လား''

''ဟုတ်တယ်၊ မျက်စိ တစ်ဘက်အတွက်တစ်ရွက်မို့ အားလုံးပေါင်း နှစ်ရွက်ပေါ့''

''ညအိပ်ရာဝင်တဲ့အခါ ဒီလို ပုံဆွဲထားတဲ့ ဘုဇပတ်ရွက်တွေကို မျက်စိပေါ် ကပ်ပြီး အိပ်ရမှာလား''

''အစီအရင်လုပ်ထားတဲ့ ဘုဇပတ်ရွက်တွေလို့ ပြောစမ်းပါ၊ ဒီပုံလေး ဆွဲတာပေမယ့် သန့်ရှင်းတဲ့ သံချွန်၊ သန့်ရှင်းတဲ့သစ်ရွက်နဲ့ အင်းချသလို ခက်ခက်ခဲခဲလုပ်ရမှာမို့ ဒါအစီအရင်ပဲပေါ့၊ အဲဒါလေးတွေကို မျက်လုံးတစ်ဘတ်စီရဲ့အပေါ် တစ်ခုစီ ကပ်ပြီး အိပ်ပေါ့''

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုညကျရင် အိပ်မက်မက်မှာလား"

"အင်း ကိုယ့်ဖူးစာရှင်ကို အိပ်မက်ထဲမှာ မြင်ရတတ်တယ်လို့ ဆိုတယ်"



ဖူးစာရေးနတ်ကို

အိန္ဒိယအယူအရ 'သဗ္ဗာဘဂ' ခေါ်ကြတယ်။

အနောက်တိုင်းအယူအရ ဖူးစာရေးနတ်ကတော့

—· 'ကျူးပစ်' ပေါ့လေ။

အံ့ဩစရာကောင်းတာက ဖူးစာဘက်ဆိုင်ရာကိစ္စအားလုံးဟာ

ထူးဆန်းစွာ လျှို့ဝှက်နက်နဲမှုတွေနဲ့ ဆက်စပ်နေတတ်ပြီး

ပရလောကနဲ့လည်း

နက်ရှိုင်းစွာ ဆက်နွယ်ပတ်သက်မှုရှိနေတတ်ကြတာပါပဲ။

■

www.burmeseclassic.com

www.burmeseclassic.com



ကြိုးကြာမေ၏ စကားမဆုံးခင်မှာပင် နှောင်ချိုက တစ်ခွန်း ဖြတ်မေးလိုက်လေသည်။

"နှင် အဲဒီနည်းအားလုံးကို လုပ်ပြီးပြီလား"

"အင်း လုပ်ပြီးပြီ"

နှောင်ချိုတစ်ယောက် သက်ပြင်းတစ်ချက်ကို ဝိုးတဝါးချလိုက်လေသည်။ မရွံ့မရဲ၊ အနည်းငယ်တွန့်ဆုတ်နေသော လေသံဖြင့် ဆက်မေးမိသည်။

"နှင် ... နှင် ဘာတွေ တွေ့လဲဟင်"

"ဝမ်းနည်းဖို့ကောင်းတာက တစ်နည်းမှ ငါမအောင်မြင်လိုက်ဘူးဟာ"

"ဘာရယ်"

"ဟုတ်တယ်၊ တိုက်ဆိုင်တယ်လို့ပဲ ပြောရမလားမသိဘူး၊ ငါ အဲဒီနည်းတွေလုပ်တိုင်းမှာ အခက်အခဲ အမျိုးမျိုးနဲ့ တွေ့ခဲ့ရတာချည်းပဲ"

"ငါ့ကို ဟိုတစ်ခါ သင်္ချိုင်းထဲက မန်ကျီးခေါက်ရှာခိုင်းတာ အဲဒါတွေ လုပ်ဖို့လား"

"ဟုတ်တယ်လေ"



"ဘုဇပတ်ရွက်လည်း ငါပဲ ရှာပေးရတယ်နော်"

"အင်းလေ ငါလိုသမျှ အကုန် နှင်ပဲ ရှာပေးနေတာပဲ၊ ဒါပေမဲ့ ငါ့စိတ်ထင် အဲဒီလို ကိုယ်တိုင်မရှာတာကြောင့်များ ဒီအစီအရင်တွေ မအောင်မြင်တာလားလို့"

"ဘာဆိုင်လို့လဲဟာ နှင်ကလဲ"

"ငါပြောပြမယ်ဟဲ့၊ ပထမတစ်ကြိမ်ကတည်းက ငါ အသေအချာကို ပြင်ဆင်ထားတာ၊ မန်ကျီးခေါက်ကို သွေးပြီးမျက်စေ့နှစ်ဘက်ကို အစောကြီးကတည်းက ကွင်းထားတာ၊ ဒါပေမဲ့ ထူးထူးဆန်းဆန်း အဲဒီညက မီးပျက်တယ်"

"မီးပျက်တာများ ဘာထူးဆန်းသလဲ ဟ"

"ငါဆက်ပြောတာနားထောင်ဦး၊ မီးလဲပျက်ရော ငါ့အိပ်ချင်လာလိုက်တာ အရမ်းပဲ၊ မှန်ကို ထကြည့်ရမှာကလဲ သန်းခေါင်မှ မဟုတ်လား၊ ငါလဲ အချိန်ရသေးတာပဲဆိုပြီး အိပ်ပစ်လိုက်မိတယ်"

"ပြီးတော့ နှင် မနိုးဘဲ တစ်ဆက်တည်း အိပ်ပျော်သွားရော မဟုတ်လား"

နှောင်ချိုက သူတွေးမိသလို ပြောလိုက်လေသည်။ သို့သော် ကြိုးကြာမေက ခေါင်းခါလိုက်သည်ကိုမြင်သဖြင့် အံ့သြသွားရလေ၏။

"ဟင်အင်း နိုးပါတယ်၊ ငါက နှိုးစက်ပေးပြီးမှ အိပ်တာကိုး၊

www.burmeseclassic.com

ဒါပေမဲ့ ဖြစ်ချင်တော့ အဲဒီညမှာ မုန့်ကို ဘယ်လိုမှ ရှာလို့မရတာ''

''ဘာရယ် မုန့်ရှာမရဘူး ဟုတ်လား၊ နင်က ကြိုရှာမထားဘူးလား''

''ငါ အားလုံးကြိုပြီး အသင့်ပြင်ထားပါတယ်၊ ငါတို့အိမ်မှာလဲ မုန့်က ဒီလောက်မရှားပါဘူး၊ ဒါပေမဲ့ အဲဒီညသန်းခေါင်ကျတော့ ငါမုန့်ထဲကြည့်ဖို့ ထွက်လာတဲ့အခါ အိမ်မှာမုန့်တစ်ချပ်မှ မရှိတာ အမှန်ဘဲ''

''ဘယ်လိုဖြစ်ရတာလဲ''

''ဧည့်ခန်းမှာထားတဲ့ မုန့်ကြီးလေ၊ ကနုတ်ပန်းဆောင်ကြီးနဲ့ဟာက၊ အဲဒီညဦးပိုင်းကပဲ ကြောင်တွေ ဆော့ရင်းနိုက်မိပြီး ကွဲသွားတယ်၊ ငါအိပ်နေတုန်းဖြစ်တာ လူကြီးတွေက မုန့်ကွဲစတွေ သိမ်းလိုက်ပြီ၊ ငါတို့ အိပ်ခန်းထဲမှာလည်း မုန့်တင်ခုံရှိသေးတယ်၊ အဲဒီညကတော့ ဘိရိုကြီးက အဲဒီမုန့်တင်ခုံရှေ့တည့်တည့်ခံနေတယ်၊ ငါဘယ်လိုမှ ရွှေ့မရဘူး၊ ဖေဖေက ပစ္စည်းတစ်ခုခု ရှာရင်း ရွှေ့ထားမိတာလို့ နောက်မှ သိရတယ်၊ တခြားမုန့်သေးသေးမွှားမွှားတောင် အဲဒီညက တစ်ခုမှ ငါရှာမရခဲ့တာတော့ တကယ့်ကို ဆန်းတဲ့ကိစ္စပဲ''

ကြီးကြာမေ ပြောသည်များအား နောင်ချိုက မျက်ခုံးတွေ

www.burmeseclassic.com



ရှုံ့မတတ် လိုက်စဉ်းစား နေမိလေသည်။ သူလည်း ထိုကိစ္စအတွက် အဖြေရှာမတွေ့ခဲ့ပါ။

''နောက် တစ်ခြားကိစ္စတွေလည်း ငါပြောဦးမယ်၊ ဘဲဥထဲ ဆားသိပ်စားရတဲ့ အစီအရင်ကလည်း ငါ့အတွက် အောင်မြင်ခါနီးမှ အနှောင့်အယှက်ကြုံရတယ်''

''ဘယ်လို အနှောင့်အယှက်လဲ''

''နှိုးစက်က ရုတ်တရက်ထမြည်တာလေ၊ အိပ်မက်မက်ခါနီးကျမှ''

''နင်က နှိုးစက်ကို သံပတ်ပေးထားလို့လား''

''ဟင်အင်း၊ ငါ အေသအချာကို မှတ်မိတယ်၊ လုံးဝကို သံပတ်ပေးမထားတာ၊ သူ ထမြည်တာကလည်း အိပ်မက် သလိုလိုဖြစ်နေတဲ့အချိန်ကြီးမှာ ငါ့မှာ ရုတ်တရက်မို့ လန့်သွားပြီး ရင်တွေပန်းတွေ တုန်နေတာနဲ့ တော်တော်ကြီးကြာမှ ပြန်အိပ်နိုင်တော့တယ်၊ ဒီလိုအိပ်ပျော်သွားတော့လဲ ဘာအိပ်မက်မှ ထပ်မလာတော့ဘူး''

နောင်ချိုက ခေါင်းတဆတ်ဆတ်ညိတ်မိသည်။ ထူးဆန်းတာတော့ အမှန်ပါပဲ။

''နောက်တစ်ခုက စပါးစေ့လေးတွေပုံပြီးလုပ်ရတဲ့ အစီအရင်၊ အဲဒီမှာလဲ အိပ်မက်မလိုလိုဖြစ်လိုက်သေးတယ်''

www.burmeseclassic.com

www.burmeseclassic.com



"အိပ်မက်မက်လိုက်သေးလား အိပ်မက်ထဲမှာ နှင်ဘယ်သူ့ကို တွေ့သလဲဟင်"

"အိပ်မက်သလိုလို ဖြစ်တာဟဲ့၊ အိပ်မက်ပီပီပြင်ပြင်မက်တာ မဟုတ်ဘူး၊ ဒါပေမဲ့ အဲ့ဒီအချိန် ညကြီးလည်ခေါင်မှ တိုက်တိုက်ဆိုင်ဆိုင် နယ်က အမျိုးတွေ ရောက်လာတယ်၊ ကလေးတွေလဲ ပါလာတာမို့ ဆူညံပြီး ဆက်အိပ်လို့တောင် မရတော့ပါဘူးဟယ်"

"နှင့်ဟာကလဲ"

နောင်ချိုပင် သက်ပြင်းချမိလေ၏။ တကယ်ဝင်တိုက်ဆိုင်လွန်းသော အနှောင့်အယှက်များပါပဲ။

"ဘယ်လိုလဲ ငါပြောတဲ့ ထူးထူးခြားခြားတိုက်ဆိုင်လွန်းတယ်ဆိုတာ ယုံပြီ မဟုတ်လား"

"ဘုဇပတ်ရွက်နဲ့ အိပ်မက်မက်အောင်လုပ်တာကကော"

"အဲဒီညက ငါတို့ရပ်ကွက်မှာ မီးလန့်တယ်လေ"

"ဩော် ဟိုတစ်နေ့က ညလယ်ခေါင်ကြီးဖြစ်တာ၊ အဲဒီနေ့က နှင်အစီအရင်လုပ်တဲ့နေ့လား"

"အေးလေ ဘုဇပတ်ရွက်နှစ်ရွက်ကို မျက်စိတစ်ဘက်စီကပ်လို့ ငါမှာ မှေးမှေး မှေးမှေး အိပ်မောကျမလိုရှိသေးတယ်၊ မီးက ထလန့်ပါလေရောဟာ"



နောင်ချိုက မချိတရိပြုံးမိလေသည်။ စိတ်ထဲမှလဲ အသံတိတ်ပြောမိခဲ့လေ၏။ ဘာလို့များ နှင့်ဖူးစာဘက်ကို ဒီလောက်မြင်ဘူးချင်နေတာလဲ သူငယ်ချင်းရယ်။

"အေးလေ နှင့်ဟာတွေကလဲ တွေးကြည့်ရင်တော့ တော်တော် ထူးထူးဆန်းဆန်း တိုက်ဆိုင်နေတာပါပဲ၊ လေးခါက်လုပ်တာ လေးခါက်လုံးပျက်တယ်ဆိုတော့"

"ဒါကြောင့် ဒီတစ်ကြိမ်မှာတော့ လုံးဝ မပျက်စေချင်တော့ဘူးဟယ်"

"ဒီတစ်ကြိမ် ဟုတ်လား၊ နှင်က နောက်ထပ်နည်းတစ်ခု သိလာရလို့လား"

"ဟင်အင်းလေ၊ အရင်နည်းတွေကိုပဲ နောက်တစ်ခေါက်ပြန်လုပ်မှာ၊ ဒီတစ်ခါတော့ ငါကိုယ်တိုင် လိုအပ်တာတွေအားလုံး အစအဆုံးရှာဖွေ စီရင်မယ်"

"ရပါတယ်၊ ငါရှာပေးလဲ ရတာပဲဟာ"

"ဟင်အင်းလေ၊ အဲဒါကြောင့် မအောင်မြင်တာလို့ ငါ့စိတ်ထဲမှာ စွဲနေတယ်၊ ကိုယ်တိုင်အရာအားလုံး လုပ်ရမယ်ထင်တာပဲ၊ နှင်က ဘေးက ကူညီပေါ့"

နောင်ချိုက ကြိုးကြာမေ၏ မျက်နှာကို ဖျပ်ကနဲကြည့်လိုက်မိသည်။ အားတက်စိတ်ပါလွန်းနေဟန် အသွင်ကို မြင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကူတာကရပါတယ်၊ ယယ်ယယ်ကတည်းက တစ်သက်လုံး လဲ နင်လိုသမျှ ငါကူခဲ့တာပဲ"

"ကောင်းပြီလေ၊ ဒါဆို နက်ဖြန်ခါညမှာ ငါတို့ သင်္ချိုင်းထဲ သွားကြမယ်"

"သင်္ချိုင်း ဟုတ်လား၊ ဘာသွားလုပ်မလို့တုန်း"

"မန်ကျီးခေါက်သွားယူမလို့လေ၊ မျက်လုံးမှာ ကွင်းဖို့ မန်ကျီး ခေါက်၊ ပထမဦးဆုံးနည်းက အဲဒါနဲ့လုပ်ရမှာပဲ၊ နင်မေ့သွား ပြီလား"

"ငါပဲ သွားယူလိုက်လို့ မရဘူးလားဟယ်၊ နင်ပါမှ ဖြစ်မှာ လား"

"သြော် နောင်ချိုရယ် ငါပြောပြီးပါပကော ဒီတစ်ခါ အရာ အားလုံး ငါပဲ ကိုယ်တိုင်ကိုယ်ကျလုပ်မယ်လို့၊ နင်က ငါ့နား ကနေ လိုသမျှ ကူပေးပေါ့ ဟုတ်လား"

ထိုသို့ဖြင့်ပင် ...

သွေးလန့် ခြောက်ခြားဖွယ်၊

အံ့သြ ကြောက်မက်ဖွယ်၊

ကိစ္စရပ်များမှာ မမျှော်လင့်စွာ ဆက်တိုက် ပေါ်ပေါက်ခဲ့ရပါ လေတော့သည်။



[ ၁၈ ]

သင်္ချိုင်းမြေ၏ ထိတ်လန့်ဖွယ် လွှမ်းမိုးဖမ်းစားထားမှုကြောင့် နောင်ချိုရော ကြိုးကြာမေပါ စိတ်တွေ လေးလံတုန်လှုပ်နေမိကြလေ သည်။

ခပ်သွက်သွက်၊

တိတ်ဆိတ်စွာဖြင့်ပင် လုပ်စရာရှိသည်များကို သူတို့ မြန်မြန် လုပ်ဆောင်ခဲ့ကြ၏။

ညနေချိန် နေဝင်ရီတရောသာ ရှိသေးသော်လည်း သင်္ချိုင်းထဲမှာ တော့ လူသူကင်းမဲ့ကာ မှိုင်းမှိုင်းဝေဝေ ရှိနေလေပြီ။

အခေါက်ခွာယူရမည့် သင်္ချိုင်းလယ်ရှိ မန်ကျီးပင်ကြီးကပင် ထစ်ရွက်တွနေသော ပင်စည်အတွန့်အလိပ်များဖြင့် မားမားကြီးရပ်နေ သည်မှာ မကောင်းဆိုးရွားကြီးတစ်ကောင်ကဲ့သို့ ရှိလေသည်။

"ဒီပင်စည်က အခေါက်ကို ခွာရမှာလား

www.burmeseclassic.com

www.burmeseclassic.com



ကြိုးကြာမေက နောက်လှည့်ကာ နောင်ချိုအား မေးသည်။ နောင်ချိုက ခေါင်းညိတ်ပြရင်း လက်က ကမ်းပေးလိုက်လေသည်။

“ဟုတ်တယ်၊ ရော့ … ဒီမှာ … ဓါး”

မန်ကျီးပင်ခေါက်ကို ခွာသော ကြိုးကြာမေ၏လက်မှာ အနည်းငယ်တုန်ရင်၍နေသည်။

ထိုစဉ်တွင် မန်းကျီးပင်ကိုင်းတစ်နေရာပေါ် နဂိုကတည်းက နားနေဟန်တူသော ငှက်ဆိုးတစ်ကောင်က ‘ဂီး’ ကနဲအော်ကာ ထပျံသွားလေသောကြောင့် ကြိုးကြာမေတို့နှစ်ယောက်လုံး လန့်အော်မိမတတ်ဖြစ်သွားရလေသည်။

ယောက်ျားလေးမို့ နောင်ချိုက ရှက်သွားပြီး

“ဒီ ငှက်စုတ်ကလဲ ရုတ်တရက်ကြီး”

ဟု အရှက်ပြေ ပြောလိုက်ရလေသည်။ သို့သော် သူ့အသွင်က သင်္ချိုင်းထဲ ဝင်စကလို မဟုတ်တော့။ မျက်လုံးများက ကြီးကန်းတောင်းမှောက်ဖြစ်ကာ ပခုံးနှစ်ဘက်ကိုလည်း ရှုံ့၍ထားသည်ကို မြင်ရလေသည်။

နောက်ပိုင်း၌ စကားပြောသည်ကပင် တိုးတိုးလေး။

တစ်စုံတစ်ယောက်ကြားသွားလေမှာ စိုးရိမ်နေသည့်အလား။

ကြိုးကြာမေလည်း မန်ကျီးပင်စည်ကို လက်ထဲမှ မောင်းချဓါးဖြင့် ခပ်သုတ်သုတ်လှီးလေတော့သည်။



မန်ကျီးခေါက် အသားကောင်းကောင်းရဖို့တောင် ဂရုမစိုက်နိုင်တော့။

ပတ်ဝန်းကျင်ကလည်း ကြောက်လန့်စိတ်ကို ပိုအားပြုနေသကဲ့သို့ရှိလေသည်။

ညနေချိန် နေဝင်ဆဲမို့ ကြက်သွေးရောင် အစွမ်းကုန်တောက်ပကာ သင်္ချိုင်းအုပ်ဂူများကြားသို့ အလင်းများကျရောက်နေပုံမှာ မှော်အတတ်ဖြင့် ပြုလုပ်ထားသော ရောင်ခြည်တန်းများကဲ့သို့ ဖြစ်နေလေသည်။

စိမ်းဖန့်ဖန့်နှင့် ကျိန်းစပ်လွန်းသော အလင်းက ပရလောကသို့ အရှင်လတ်လတ် ရောက်သွားသည့်နှယ်။

လေပြင်းက လေချွန်သံသို့ အသံပြုတိုက်ခတ်လာသည်။ အဝေး တစ်စုံတစ်ယောက် အော်ခေါ်နေသကဲ့သို့ ထင်ရလေ၏။

မန်ကျီးခေါက်အနည်းငယ်အား ဖြတ်ထုတ်လိုက်ပြီးသော ကြိုးကြာမေသည် မန်ကျီးပင်အနီးမှ ခပ်သုတ်သုတ်ခွာလာခဲ့လေ၏။

“လာဟာ နောင်ချို ပြန်ကြရအောင်”

ထိုစဉ်မှာပင် …

မိုးက ဝေါကနဲ ရွာချလိုက်လေတော့သည်။

တစ်ဖြောက်ဖြောက် မိုးစက်ကလေး တစ်ပေါက်နှစ်ပေါက်မှသည် တဝုန်းဝုန်း တဝေါဝေါနှင့် အဟုန်ကြီးစွာ ရွာချပါလေတော့၏။

မိုးနှင့်အတူ လေပြင်းကပါ လိုက်လာလေသည်။ ထို့နောက်

www.burmeseclassic.com

www.burmeseclassic.com

တဆက်တည်းပါလာသည်က တိမ်ညိုအုပ်များ။ တိမ်တို့ အုံ့မှိုင်းသွားသဖြင့် ကောင်းကင်တစ်ပြင်လုံးမှာ ချက်ချင်းပင် မှောင်အတိကျသွားလေတော့သည်။

နောင်ချိုနှင့် ကြိုးကြာမေမှာ အပြေးအလွှား ပုန်းခိုရာကိုရှာကြရ၏။ ကြိုတွက်မထားမိသည်မို့ သူတို့ဆီတွင် ထီးတစ်လက်ကလေးမျှလည်း ပါမလာခဲ့ကြ။

ရေပါသောမိုးဖြင့်သဖြင့် တစ်ခဏအတွင်း သူတို့ တစ်ကိုယ်လုံးရွဲရွဲစို သွားကြလေ၏။

နဂိုကတည်းက ထိတ်လန့်စေခဲ့သော သင်္ချိုင်းမြေသည် ယခုအခါ ပို၍ပင် ခြောက်ခြားအောင်ပြုနေလေတော့သည်။ အ,ကာလသန်းခေါင်ယံဆီ တမုဟုတ်ချင်း ရောက်သွားသည်သို့။

အားနည်းလှသော အလင်းရောင်ပျပျကလေး အတွင်းတွင်နှစ်ယောက်သား ထင်ရာမြင်ရာကို စွပ်ပြေးသည်။

မိုးရေတို့စိုခွတ်သော မြေပြင်က ချက်ချင်းဗွက်ပေါက်သွားလေတော့သည်။ ရွှံ့လိုမြေပေါ်မှာ ပြေးရတာဆိုတော့ ခရီးက သိပ်မတွင်။ အလာတုန်းက သတိမပြုမိသလောက် သင်္ချိုင်းမြေဧရိယာကလည်း ကျယ်ပြန့်လွန်းလှချေသည်။

"ငါတို့ လမ်းများမှားလာကြပြီလား"

သင်္ချိုင်း၀ အုပ်တံတိုင်းကြီးအား ခုထိမမြင်ရသေးသည့်အတွက်



ကြိုးကြာမေက သံသယဖြင့် ရေရွတ်မိသည်။ နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက် ထိတ်လန့်တကြားလှမ်းကြည့်မိကြ၏။

တခြားသူတွေ ပြောတာ ကြားဖူးခဲ့သည်။

မကောင်းဆိုးရွားတွေလှည့်စားထားသည့်အခါ အခုလိုပဲ သင်္ချိုင်းထဲမှာ မျက်စိလည်နေတတ်သည်တဲ့။ ဝက်ပါလို သင်္ချိုင်းမြေထဲကနေ ဘယ်တော့မှ မထွက်နိုင်တော့။

နောက်ဆုံးမှာတော့ အသင့်စောင့်ဆိုင်းနေတတ်သည့် ကြောက်မက်ဖွယ်တစ်စုံတစ်ရာသည် မျက်စိလည်နေသူတို့အား ပင့်ကူအိမ်မှာ ခြကုန်လက်ပန်းကျသွားသော သားကောင်တို့နှယ် အသက်ဇီဝန်ကို နှုတ်ယူလေတော့သည်တဲ့။

နှစ်ယောက်လုံးပင် ထိုအတွေးကို ပြိုင်တူတွေးမိကြကြောင်း သူတို့ မျက်လုံးများက သက်သေခံနေကြလေသည်။

ကြိုးကြာမေက နောင်ချိုလက်မောင်းတစ်ဘက်ကို လာရောက်ဆုပ်ကိုင်သည်။ အေးစက်နေသော သူ့မလက်ဖျားကလေးမှာ သိသိသာသာပင် တုန်ရင်၍ နေပါလေ၏။

"လမ်းမှားတာတော့ မဖြစ်နိုင်ပါဘူး"

နောင်ချိုက အားတင်းပြုံးလိုက်ကာ ကြိုးကြာမေကို အားပေးစကားဆိုသည်။

"ဒါပေမဲ့ ဒီလောက်ဆို သင်္ချိုင်းအပြင်ကို ရောက်နေဖို့ ကောင်းပြ

www.burmeseclassic.com

www.burmeseclassic.com



လေ”

“ခုလဲ အပြင်ရောက်ရင် ရောက်နေမှာတော့၊ ဒီလောက်မှော် နေတာ ပတ်ဝန်းကျင်ကိုမှ သေချာမမြင်ရတာပဲ”

“မဖြစ်နိုင်ဘူး၊ သချိုင်းထဲက ထွက်လာပြီဆိုရင် စည်းရိုးအုပ်တံ တိုင်းကို မြင်ရမှာပေါ့၊ အခုက တွေ့မှ မတွေ့သေးပဲ”

“အဲဒီ အဝင်တံတိုင်းကိုလည်း ကျော်လာပြီး ဖြစ်ရင်ဖြစ်မှာ ပေါ့၊ လာပါ အိမ်မြန်မြန်ပြန်ရောက်အောင် ပြေးရအောင်”

ကြိုးကြာမေ အကြောက်မလွန်အောင်သာ အားပေးစကားပြော ရသော်လည်း နောင်ချိုကိုယ်တိုင် တုန်တုန်လှုပ်လှုပ်ဖြစ်နေမိသည်။

သချိုင်းဝ အုပ်တံတိုင်းတံခါးပေါက်ကို မတွေ့ရသေးသည်က ဆိုးလွန်းသည်။ အယူသည်းသည်ဟုပင် ပြောရမည်လားမသိ။ သချိုင် စည်းရိုးကို ကျော်လွန်နိုင်လိုက်လျှင်ပင် ထိတ်လန့်စရာများနှင့် စည်းခြ နိုင်မည့်နှယ် ထင်မြင်မိ၏။

ယခုတော့ ...

လူငယ်လေးနှစ်ယောက်သားမှာ ...

တစ်ယောက်လက် တစ်ယောက်ကိုင်လျက်

မိုးသံ တဝုန်းဝုန်း၊ လေပြင်းသံ တဝေါဝေါနှင့် တစစ ပိုသိ သည်းလာသော အမှောင်ထုကြားတွင် ထင်ရာမြင်ရာ ဖွတ်အတင် ပြေးလွှားဆဲ။



ထိုစဉ်မှာပင် လျှပ်စီးတစ်ချက် ဖျပ်ကနဲ လက်လိုက်သည်။

လျှပ်စီး၏ တဒင်္ဂအလင်းတွင်ပင် ...

သူတို့သွားရာလမ်းကို ပိတ်ဆီးထားသော မြင်ကွင်းတစ်ခုအား ရုတ်တရက် မြင်လိုက်ရလေတော့သည်။

မဲမှောင်နေသော ဇရပ်လိုလို အဆောက်အဦကြီးတစ်ခု။

အမှောင်ထဲတွင် လမ်းကို ကန့်လန့်ဖြတ်၍ တည်နေပုံမှာ သား ကောင်တို့အား အဆင်သင့် သတ်ဖြတ်ရန် ဆောင့်ကြောင့်ထိုင် စောင့် မျှော်နေသော မကောင်းဆိုးရွားကြီးတစ်ကောင်နှယ်။

ညှိထားသလိုပင် နှစ်ယောက်လုံး၏ ခြေလှမ်းများ တုန့်ဆိုင်း၍ သွားကြလေသည်။

ကြိုးကြာမေက လမ်းကို ကွင်းရှောင်ကာ ဆက်သွားမည်ပြု သည်။ သို့သော် နောင်ချိုကဆွဲထားလေ၏။

“လာလေ တို့တွေ ဇရပ်ထဲ ဝင်နားကြရအောင်၊ မိုးစဲမှ ဆက် သွားတာပေါ့”

“ဟယ် မဝင်ချင်ပါဘူး၊ ဘယ်လိုနေရာမှန်း မသိ၊ ဘာမှန်းမသိ နဲ့”

“ဘယ်လိုနေရာကမှာလဲ ဇရပ်ဖြစ်မှာပေါ့၊ ခုန အမိုးတံစက်မြိတ် မှာ ကနုတ်ပန်းတွေလိုလို ဆွဲထားတာတွေ့တာပဲ”

“သချိုင်းထဲက လွတ်အောင် အရင်ပြေးကြမယ်လေဟာ”

www.burmeseclassic.com

www.burmeseclassic.com



"ခုလဲ တို့တွေ သင်္ချိုင်းက ထွက်လာပြီးလောက်ပါပြီ၊ သင်္ချိုင်းထဲမှာက အုပ်ဂူတွေကလွဲပြီး ဘာအဆောက်အဦမှ မရှိတဲ့ဥစ္စာ၊ ဒီလောက်မိုးကြီးလေကြီးနဲ့ လျှောက်ပြေးနေလို့မကောင်းပါဘူး"

ထိုစဉ်မှာပင် မျက်စိရှေ့ရှိ ဇရပ်လိုလိုအဆောက်အဦမှ မီးရောင်လိုလို မြင်လိုက်ရသည်ကြောင့် နောင်ချို၏ ဆုံးဖြတ်ချက်ပိုခိုင်မာသွားရလေတော့သည်။

... ဟော အထဲမှာ လူရှိတယ်နဲ့တူတယ်၊ လာပါဟာ မြန်မြန်"

နောင်ချိုက ရှေ့မှ လောဆော်ကာသွားလေသည်။

ဇရပ်အဆောက်အဦဝသို့ ရောက်ကြစဉ်မှာပင် ကြိုးကြာမေက နောင်ချိုလက်ကို အသာအယာလှမ်းတို့လိုက်သည်။

သူမညွှန်ပြရာဆီကြည့်လိုက်တော့ ဇရပ်အတွင်းပိုင်း၌ အဝင်ဝဘက်အားကျောပေးကာ ထိုင်နေသော လူတစ်ယောက်။

အိပ်ပဲ ငိုက်နေသလား၊ တစ်စုံတစ်ခုအား နက်နက်နဲနဲတွေးတောနေသလား မသိ။ ထိုင်နေဟန်က ပကတိ ငြိမ်သက်လွန်းလှချေသည်။

နောင်ချိုက ခပ်သွက်သွက် ဇရပ်အတွင်းလှမ်းဝင်မည်ပြုလိုက်စဉ်မှာပင် ကြိုးကြာမေက သူ့လက်မောင်းတစ်ဘက်ကို ဆွဲထားလေ၏။

"နင်ကလဲ မလောပါနဲ့၊ သူ ... သူက လူမှ ဟုတ်ရဲ့လား မသိဘူး"

"ဟာ ငါတို့ မြင်နေရတာပဲ၊ လူမဟုတ်လို့ ဘာဖြစ်ရမှာလဲ"



"ငါကြားဖူးတာက အဲဒီလို နောက်လှည့်ထိုင်နေတဲ့သူကို လူတစ်ယောက်က ကျောကုန်းပုတ်ပြီး သွားခေါ်လိုက်တာ မျက်နှာတစ်ခုလုံး ရုပ်ပျက်ဆင်းပျက်မီးလောင်ထားတဲ့ မျက်နှာနဲ့ သရဲကြီးဖြစ်နေတယ်တဲ့၊ ခုကော အဲဒါမျိုးဖြစ်နေရင် ဘယ်နှယ့်လုပ်မလဲ"

"ဟာ နင်ကလဲ ပေါက်တီးပေါ... ရှာဟာ အဲဒါမျိုးတွေကအပြင်မှာ တကယ်မရှိပါဘူး၊ သက်သက် လျှောက်ပြောကြတာပါ၊ ဟိုမှာထိုင်နေတာလဲ လူအစစ်ကြီးပါ၊ လာ ... တို့တွေ ဝင်သွားကြရအောင်"

ပြောသာပြောရသော်လည်း နောင်ချိုသည်ပင် နည်းနည်းတော့ တုန့်တုန့်ဆိုင်းဆိုင်း ဖြစ်သွားမိလေ၏။ ကြိုးကြာမေပြောသလို ဖြစ်များနေမလား ကြောက်စိတ်တစ်ဝက်ရောသော သံသယဖြင့် ဇရပ်ထဲ ထိုင်နေသူထံ ချဉ်းကပ်သွားခဲ့လေ၏။

ကြိုးကြာမေက သူ့နောက်ပါးမှ တစ်လှမ်းချင်းလိုက်ပါလာသည်။

အပြင်တွင် မိုးတွေ သဲသဲမည်းမည်း ရွာကျနေဆဲ။

လူနှစ်ယောက် ဇရပ်ပေါ်တက်ကာ အနားချဉ်းကပ်လာသံကို မချကြားလောက်သော်လည်း ထိုင်နေသူကတော့ တုတ်တုတ်မျှ မလှုပ်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



တစ်လှမ်းပြီး

တစ်လှမ်း ...

အနားသို့ နီးနီးကပ်ကပ် တိုးဝင်ရောက်ရှိသွားသည်။

ခြေသုံးလေးလှမ်းမျှ အကွာတွင် နောင်ချိုမှာ ရပ်တန့်လိုက်မိလေ၏။

ဆက်သွားရကောင်းမလား?

ဒီလူကရော ရိုးရိုးလူကောင်းမှ ဟုတ်ရဲ့လား?

ကြိုးကြာမေပြောသလို မကောင်းဆိုးရွားများဖြစ်နေမှဖြင့် ...။

မိုးသံတွေ ဘယ်လောက်သည်းသည်း သူတို့ ဒီလောက်ထိ နီးကပ်လာတာကိုတော့ မုချကြားရပေမည်။ တစ်ချက်လောက်ဖြစ်ဖြစ် လှည့်ကြည့်ဖို့တော့ ကောင်း၏။

ဒီလူ အသက်မှ ရှိသေးရဲ့လား?

ဇဝေဇဝါအတွေးများဖြင့် နောင်ချိုသည်ချီတုံချတုံဖြစ်နေမိ၏။

ပြန်လှည့်ကြတော့ရင်ကောင်းမလားဟု

ကြိုးကြာမေအား တိုင်ပင်ရန်ပြင်စဉ်မှာပင် ...

ဝုန်းကနဲ၊

ရုတ်တရက်လှည့်လာသော ထိုင်နေသူကြောင့် ရင်ထဲထိတ်ကနဲဖြစ်ကာ ကြက်သီးမွေးညှင်းများ ထသွားရလေ၏။

အကယ်၍ ထိုသူသာ ရုပ်ပျက်ဆင်းပျက်မျက်နှာမျိုး ဖြစ်နေပါက နောင်ချိုတို့နှစ်ယောက်လုံး လိပ်ပြာလွင့်သွားလောက်ပါသည်။



ယခုတော့ ...

သာမာန်လူတစ်ယောက်၏ ပုံမှန်မျက်နှာမျိုးမြင်ရသည်ကိုပင် အရမ်းကြီး လန့်ဖျပ်ကာ နောက်သို့ ဆုတ်မိသွားခဲ့ရချေ၏။

"ကြောက်တတ်လိုက်တဲ့ကောင်တွေကွာ၊ ငါ့မြင်တာများ သရဲတစ္ဆေကျနေတာပဲ"

ထိုသူ၏ စကားစတင် ပြောလိုက်သံကြောင့် ရင်ထဲတွင် အလုံးကြီး ကျသွားသလို ခံစားလိုက်ကြရလေသည်။ နို့မို့ဆို ဆိတ်ဆိတ်နေမည်ဆိုပါက လူစင်စစ်မှ မဟုတ်ရဲ့လားဟုပင် သို့လောသို့လော အတွေးပွားနေလိမ့်ဦးမည် မဟုတ်ပါလား။

"ဟို အပြင်မှာ မိုးတွေ သည်းနေလို့ မိုးလာခိုတာပါခင်ဗျာ၊ ကျွန်တော်တို့ကို ခွင့်ပြုပါ"

"ငါ့ခွင့်တောင်းစရာမလိုပါဘူးလေ၊ ငါပိုင်တဲ့ ဇရပ်မှ မဟုတ်တာပဲ၊ ငါလည်း ဧည့်သည်တစ်ယောက်ပဲဥစ္စာ"

"ကျေးဇူးတင်ပါတယ်ဗျာ"

နောင်ချိုက ထိုလူကြီးအား ပြုံးပြဦးညွှတ်လိုက်ကာ ကြိုးကြာမေကို အသာလက်တို့ခေါ်လိုက်သည်။

ဇရပ်ထောင့်တစ်နေရာတွင် သံပြားဘာစ်ချပ်ခင်းထားသောအပေါ်၌ အုပ်ခဲသုံးလုံးဆိုင်ကာ မြေရေနွေးအိုးကြီးတစ်အိုး တည်ထားသည်ကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့သဖြင့် ထိုအနားလျှောက်သွားကြလေ၏။

ယခုမှ ချမ်းရကောင်းမှန်းသိလာလေတော့သည်။

မိုးရေစိုနေသော အဝတ်အစားများကို ညှစ်တန်ညှစ် မီးဖိုအနီးကပ်ကာ အပူဖြင့် သွေ့အောင်ပြုတန်ပြုဖြင့် အအေးဓာတ်ကို တတ်နိုင်သမျှ ကာကွယ်ကြရ၏။

ဟိုလူကြီးကတော့ သူတို့ဝင်လာစဉ်ကသာ စကားအနည်းငယ် ပြောခဲ့သော်လည်း ထိုင်လက်စအတိုင်းမပျက်ဘဲရှိနေကာ ပြန်လည်ငြိမ်ဆိတ်လျက်ရှိနေချေ၏။

အဝတ်များ အနည်းငယ်ခြောက်သွေ့သောအခါမှ နောင်ချိုနှင့် ကြိုးကြာမေက ထိုလူကြီးအနားသွားကာ အလ္လာပ သလ္လာပပြောရန်ကြံမိသည်။

"မိုးကလည်း တော်တော်နဲ့ စဲဦးမယ့်ပုံမပေါ်ဘူးနော်"

"နင့်လက်ထဲက ဘာအတွက်လဲ"

နောင်ချိုက စကားစသည်ကို လူကြီးက မဖြေဘဲ ကြိုးကြာမေကို ရုတ်တရက်လှမ်းမေးလိုက်သည့်အတွက် သူတို့နှစ်ယောက်လုံးကြောင်အမ်းအမ်းဖြစ်သွားကြလေသည်။

ကြိုးကြာမေအဖို့ ဖြေရခက်နေရသည်။

ဘာလဲဟု မေးသည်မဟုတ်၊ ဘာအတွက်လဲဟုမေးသည်ကတဲ့တိုးဆန်လွန်းလှပါသည်။



"မျက်လုံးကို ကွင်းဖို့ပါ အဘ"

"မျက်စိလည်း မနာနေပါဘူး၊ ဒါနဲ့ မျက်လုံးကွင်းရင် မမြင်အပ်တာတွေ မြင်တတ်တယ်ဆိုတာ မသိဘူးလား"

"ဟုတ် ဒါပေမဲ့ ဖူး ဖူးစာဘက်ကိုလည်း မြင်ရတယ်ဆိုလို့ပါ"

လူကြီးက နှုတ်ခမ်းထောင့်စွန်းတွန့်ကွေးကာ အနည်းငယ်ပြုံးသလို ပြုလေသည်။

"ဖူးစာဘက်ကိုမြင်ချင်တာလား၊ ဒီလို ကွင်းရုံနဲ့ ဖူးစာဘက်ကို မြင်ရမယ်လို့ နင့်ဘယ်သူပြောလဲ"

"ဒီ ... ဒီလိုပဲ ... ပြောကြတာပဲ"

"အင်း၊ လောကမှာ ဆန်းကြယ်တိုက်ဆိုင်မှုတွေဆိုတာ ရှိစမြဲမို့ မြင်တဲ့သူလည်း ရှိကောင်းရှိမှာပေါ့လေ၊ ဒါပေမဲ့ နောက်ထပ်နည်းတွေတော်တော်များများလည်း ရှိသေးတာပဲ"

"ကျွန် ကျွန်မ၊ နောက်ထပ်နည်းတွေလည်း သိထားပါသေးတယ်"

ကြိုးကြာမေမှာ ဒီကိစ္စနှင့်ပတ်သက်လျှင် အံ့တော်ပင်စိတ်ဝင်စားနေမှန်းသိသာလှပါသည်။ ခုမှတွေ့ရသော သူစိမ်းလူကြီးကိုပင် အားကြိုးမာန်တက်ပြောလေတော့၏။

လူကြီးက ပြုံးစစနှင့် နားထောင်ရင်း ကြိုးကြာမေစကား ဆုံးသွားသည့်အခါ ထူးဆန်းသောစကားတစ်ခွန်းကို ပြောလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမဲ့ မင်း ခုထိ ဘယ်နည်းနဲ့မှ မအောင်မြင်သေးဘူးမဟုတ်လား၊ သေချာပေါက် အောင်မြင်နိုင်မယ့်နည်းက ရှိပါတယ်"

ကြိုးကြာမေမှာ ခန္ဓာကိုယ် မတ်ကန်ဖြစ်သွားသည်ကို တွေ့ရသည်။

"သေချာပေါက်နည်း ဟုတ်လား၊ ကိုယ့်ဖူးစာရှင်ရဲ့ မျက်နှာကို အတိအကျ ကြိုတွေ့ဖူးနိုင်မယ့်နည်းလား ဟင်"

"ဒါပေါ့ ကိုယ်နဲ့ တစ်ချိန်ဖူးစာဆုံရမယ့်သူရဲ့ ရုပ်ပုံလွှာကို အသေအချာ ကြိုမြင်တွေ့နိုင်မယ့်နည်း"

"ဟာ၊ ကျွန်မကို အဲဒီနည်းပြောပြပါလား ဟင်"

လူကြီးက လက်လွတ်စပယ်ပြောပြီးကာမှ အသိတရားဝင်လာသလို မျက်နှာကွက်ကန်တစ်ချက် ပျက်သွားခဲ့လေသည်။

"အို မကောင်းပါဘူးကွယ် မသိချင်ပါနဲ့"

"ဘာဖြစ်လို့လဲ ကျွန်မ သိချင်လို့ပါ"

"ဒါဟာ လောကရဲ့ လျှို့ဝှက်ချက်ကို ဖော်ထုတ်တာပဲ၊ ဒီလို စတင်ဖော်ထုတ်တဲ့သူမှာ အပြစ်ခံရတတ်တယ်"

"ဟင် ကိုယ့်ကံကြမ္မာတစ်ခုလုံးတောင် ဗေဒင်တွေဘာတွေ တွက်လို့ရသေးတာပဲဟာ"

"အဲဒီနည်းတွေက အရင်ကတည်းက ရှိပြီးသားလေ၊ အခုလို ဖူးစာဘက်ရဲ့ရုပ်ပုံလွှာကို ဖော်ထုတ်တဲ့နည်းက အသစ်၊ ဒီနည်းကို စဖော်ထုတ်မယ့်သူက ကိုယ်ကျိုးအတွက် မသုံးရဘူး"

"ကျွန်မကတော့ ကျွန်မအတွက် ကျွန်မ သိချင်တာ"

"အဲဒါပြောတာပေါ့၊ ဒီလိုကိုယ်ကျိုးအတွက် လောကလျှို့ဝှက်ချက်ကို စဖော်ထုတ်မိရင် ကိုယ့်မှာ ဒဏ်ခံရတတ်တယ်လို့"

"ဒါဆို အဲဒီနည်းကို ကျွန်မတို့က တစ်သက်လုံး မသိရတော့ဘူးလား"

"တစ်ယောက်ယောက် စ,ဖော်ထုတ်ပြီးတဲ့အထိ စောင့်ပေါ့၊ သူ ဖော်ထုတ်ပြီးရင် ကိုယ်က တစ်ဆင့်သိလာမှာပဲလေ၊ အဲဒီကျရင်ဘယ်သူမဆို သုံးလို့ရပြီ"

"ဦးလေးပြောတာ ကျွန်မသိပ်မရှင်းဘူး၊ ဒါပေမဲ့ ကျွန်မကတော့ ဘယ်လိုဖြစ်ဖြစ် အဲဒီနည်းကို သိချင်တာပါပဲ"

"မင်းက အရင်ဆုံးသိချင်တာလား"

"အင်းပေါ့"

"ဒီအတွက် ဘယ်လိုဒဏ်မျိုးပဲဖြစ်ဖြစ် ခံစားဖို့ အသင့်ပဲပေါ့"

ကြိုးကြာမေက အတန်ငယ် စဉ်းစားသလို တုန့်ဆိုင်းသွားသည်။ ားမှ နားထောင်နေသော နှောင်းချိုက ဝင်တားမည်ပြု၏။ သို့သော် သူ မတားလိုက်နိုင်ခင်မှာပင် ...

"ဟုတ်ကဲ့၊ ကိုယ့်ဖူးစာဘက်ရဲ့ ရုပ်ပုံလွှာကိုသာ သိရပါစေ၊ ဘယ်လိုစွန့်စားမှုကိုမဆို ကျွန်မရင်ဆိုင်ဖို့အသင့်ပါ"



www.burmeseclassic.com

www.burmeseclassic.com


"ကောင်းပြီလေ၊ မင်းဘက်က ဒီလောက်တောင် ဆန္ဒရှိနေမှ တော့လည်း ပြောပြရတာပေါ့"

နောင်ချိုမှာ မနေသာတော့၍ ဝင်ပြောမိလေတော့သည်။

"ကျွန်တော်တော့ နားမလည်နိုင်တော့အောင်ပဲ၊ ဦးလေးပြောနေတာ ဗေဒင်တွက်သလို နည်းတစ်နည်း မဟုတ်ဘူးလား"

လူကြီးက ခေါင်းယမ်းလေသည်။

"နည်းတစ်နည်းမဟုတ်ဘူးကွဲ၊ နည်းလမ်းတစ်ခုလို့ပြောမှ ပိုမှန်လိမ့်မယ် အဆင့်ဖြဆင့်ပါတဲ့ အင်မတန်နက်နဲတဲ့ နည်းလမ်းစဉ်တစ်ခု"

"ဟုတ်ပါပြီလေ အဲဒီနည်းလမ်းကို ဦးလေးက ပြောပြလိုက်လို့ မရဘူးလား"

"မရဘူး၊ ဘာလို့ဆို ခုထိ မဖော်ထုတ်ရသေးတာမို့ပဲ"



လူကြီး၏ စကားသံသာလျှင် ပတ်ဝန်းကျင်တစ်ခုလုံး စိုးမိုးနေလေတော့သည်။ အပြင်မှာ မိုးစဲသွားလေပြီလား မသိ။ ဆူညံသံများရပ်တန့်သွားတာတော့ အသေအချာပဲဖြစ်လေသည်။

နောင်ချိုနှင့် ကြိုးကြာဇမသည် ထိတ်လန့်စွာ စိတ်လည်းဝင်စားစွာဖြင့်ပင် လူကြီးပြောလေသမျှကို တစ်လုံးမျှအလွတ်မခံနိုင်အောင် အာရုံကြီးစွာ ထားလျက် နားထောင်မိနေကြပါလေတော့သည်။

"အင်မတန်ကြောက်စရာကောင်းတာတွေကို တွေ့ကြုံရလိမ့်မယ်၊ နောက်ဆုတ်လည်း မပြေးနဲ့၊ လက်လျှော့ပြီးလည်း မသွားနဲ့၊ နောက်ဆုံးမှာ နည်းလမ်းတစ်ခုလုံးအပြည့်အစုံကို ဖော်ထုတ်လာနိုင်လိမ့်မယ်"

"အဲဒါဟာ ဖူးစာဘက်ရဲ့ ရုပ်ပုံလွှာကို ကြိုမြင်တွေ့နိုင်ဖို့ အသေချာဆုံးနည်းလမ်းလား ဟင်"

www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ် လောကရဲ့ လျို့ဝှက်ချက်တစ်ခုကို ဖော်ထုတ်တဲ့ နည်းစဉ်တစ်ခုပဲ၊ စပြီး ဖော်ထုတ်သူဟာ ကိုယ်ကျိုးအတွက် မသုံးရဘူး၊ သုံးရင် အန္တရာယ်ရှိတယ်၊ ဒီနည်းလမ်း ပေါ်ပေါက် လာပြီးနောက်မှာတော့ လောကရဲ့လျို့ဝှက်ချက်တစ်ခုကို လူတွေ သိစရာ ယိုပေါက်လေးတစ်ခု ဖြစ်သွားပြီပေါ့၊ နောင်းလူတွေက တော့ အကျိုးအဆမဲ့ သုံးနိုင်ပါပြီ၊ ဒီလိုသုံးနိုင်တဲ့အတွက်လည်း စဖော်ထုတ်ခဲ့သူကို ကမ္ဘာတည်သရွေ့ ကျေးဇူးတင်နေကြတော့ မယ်''

''ကျွန်မက စ,ဖော်ထုတ်သူ ဖြစ်ချင်ပါတယ်''

''ကောင်းပြီ ငါကတော့ ဒီနည်းလမ်းစဉ် ပေါ်ပေါက်လာစရာ လုပ်ရပ်လမ်းတွေကို သိတယ်၊ အဲဒါတွေ မင်းကို ပြောပြလိုက် မယ်၊ ကျန်တာကတော့ ကိုယ်တိုင်လုပ်ယူရမှာပဲ''

''ဦးလေးသိသမျှအားလုံး မချွင်းမချန်ပြောပြပေးပါ''

''လုပ်ရပ်လမ်းကလည်း အဆင့်ဖြဆင့်ရှိတယ်၊ အဲဒီအဆင့်ဖြဆင့် တစ်ဆင့်စီ လုပ်ဆောင်အောင်မြင်သွားတိုင်း ကိုယ့်ဖူးစာဘက်ရဲ့ ရုပ်ပုံလွှာကို မြင်တွေ့နိုင်မယ့် နည်းလမ်းစဉ်ဟာလည်း တစ်ဆင့် စီ ပေါ်ပေါက်လာလိမ့်မယ်''

''ကျွန်မက ဘာတွေ လုပ်ရမှာလဲ ဟင်''

''နားထောင် ... ''

ပထမဆုံး လုပ်ရမှာကတော့ ...

လောလောလတ်လတ် ဘဝစိမ်းသေသေထားတဲ့ နေရာမှာ

စွန်းထင်းနေတဲ့ သွေးနဲ့

ဟောဒီ ပုရပိုက်ကို သုတ်သိမ်းဖို့ပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ငါတော့ လုံးဝကို သဘောမတူဘူးဟာ၊ အဓိပ္ပါယ်မရှိဘူးလို့လည်း ငါထင်တယ်"

နောင်ချိုက မျက်စိပျက်မျက်နှာပျက်နှင့် ငြင်းဆန်နေလေ၏။ ကြိုးကြာမေက လက်ထဲရှိပုရပိုဒ်ကိုသာ မျက်တောင်မခတ်တမ်း ငေးနေရာမှ ခေါင်းမော့လာလျက် တစ်ချက်ဝင့်ကာ ကြည့်လေသည်။

ထိုပုရပိုဒ်မှာ ဇရပ်ပေါ်မှ လူကြီးပေးလိုက်သော ပုရပိုဒ်ဖြစ်သည်။

အပြင်ပန်းကြည့်ရသလောက်တော့ ခပ်ဟောင်းဟောင်းရှေးပုရပိုဒ်တစ်ခုအသွင်ထက် ဘာမျှမပို။ အပေါ်ယံတွင် မှိုင်းကိုင်စက္ကူလို ပါးပါးလေးတစ်ချပ်ကို တွေ့ရလေ၏။

ယနေ့ပါနှင့်ဆို ကြိုးကြာမေအဖို့ ထိုပုရပိုဒ်အား တယုတယငေးမိုက်ကြည့်နေသည်မှာ သုံးရက်ပင် ပြည့်မြောက်ခဲ့ပြီဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောင်ချိုကတော့ ကြိုဟ်ဆိုးမွေမည့် ပုရပိုဒ်ဟုပင် စိတ်က မှတ်ယူနေမိ၏။

အမှန်ဆို ဟိုနေ့ကတည်းက ဒီပုရပိုဒ်ယူမလာခဲ့ဖို့ သူတားခဲ့ရမှာ။

အဲဒီတုန်းက သင်္ချိုင်းထဲကဖြစ်ရပ်များနှင့် တုန်လှုပ်နေတာကြောင့်လည်းပါသည်။ နောင်ချိုမှာ ဘာမှပင် ထိထိရောက်ရောက်မတားမြစ်နိုင်ခဲ့။ သင်္ချိုင်းထဲက ထွက်လာပြီး ဇရပ်ပေါ်ရှိ လူကြီးနှင့်တွေ့ကာ အိမ်ပြန်ရောက်လာသည်အထိ အဖြစ်များအား အိပ်မက်ဆိုးကြီးတစ်ခုမက်နေသလိုသာ ခံစားနေခဲ့ရလေသည်။

"ငါတို့ နက်ဖြန်သွားကြမယ် နောင်ချို"

"ဘယ် ဘယ်ကိုသွားမှာလဲ ဟင်"

"ဟို အဘက သေချာမှာလိုက်တယ်လေ၊ ပုရပိုဒ်ကို ဖတ်ဖို့ လောလောလတ်လတ် အစိမ်းသေထားတဲ့ နေရာက သွေးနဲ့ ပထမဆုံးသုတ်လိမ်းရမယ်တဲ့၊ ငါအဲဒါ ဘယ်မှာရမလဲဆိုတာ စုံစမ်းနေတာ၊ ခု ... သိပြီ"

"အဲဒီတော့ ..."

"တို့တွေ လောလောလတ်လတ် အစိမ်းသေထားတဲ့နေရာကို သွားကြတာပေါ့ဟာ"



သစ်ပင်ပင်စည်တွင် သွေးများစွန်းထင်းပေကျံနေလေသည်။

ဤနေရာသည် မကြာသေးခင်ကမှ ပြင်းထန်လှစွာသော ယာဉ်တိုက်မှု ဖြစ်ပွားခဲ့ရာနေရာဖြစ်သည်။

လမ်းမတန်းမှ ချိုးကွေ့လာသောယာဉ်ကို လမ်းသွယ်လေးမှ ပြင်းထန်စွာမောင်းနှင်လာသောယာဉ်က ရှောင်ရင်း ထိန်းမရဖြစ်ကာ ...မ်းမှောက်လေတော့သည်။

မှောက်သောကားမှာ တရွတ်ဆွဲကြီး လွင့်ထွက်သွားပြီး လမ်း...နားရှိနေသော သစ်ပင်ပင်စည်ကို အရှိန်ပြင်းစွာ ဝင်တိုက်မိ၏။ ကံဆိုး...ချင်တော့ ယင်းသစ်ပင်အောက်တွင် လူတစ်ချို့ရှိနေကြ၏။

မိုးရွာနေချိန်မို့ မိုးခိုနေကြခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြွတ်သိပ်နေအောင်တင်လာသော ကားပေါ်မှ လူ ကိုးယောက်တို့မှာ ပွဲချင်းပြီး။ သစ်ပင်အောက်မိုးခိုနေသူများမှလည်း မရှုမလှသေဆုံးကြ၏။

သစ်ပင်နဲ့ကားကြား ညပ်မိတာဆိုတော့ သူတို့အဖြစ်က ပိုဆိုးသည်ဟု ပြောရပေမည်။ ဦးနှောက်တွေ အဖတ်လိုက် အခဲလိုက်ထွက်ကာ မြင်လို့ မကောင်းအောင် ဖြစ်သွားကြ၏။

သူတို့အထဲမှ လေးယောက်သေသည်။

စုစုပေါင်း ထိုသစ်ပင်အောက်မှာ သေသူ၁၃ယောက် ဖြစ်သွားသည်ပေါ့။

၁၃ဂဏာန်းဆိုသည်က နဂိုကတည်းက မကောင်းဆိုးရွားဂဏာန်းဟု လူအများ ယူဆထားခဲ့ကြတာပဲ။ ယာဉ်တိုက်မှုဖြစ်အပြီးမကြာမီမှာပင် ထိုနေရာတစ်ဝိုက်၌ မကောင်းဆိုးရွားကပ်နေသည်ဟူသော သတင်းစကားများပျံ့လွင့်လာလေတော့သည်။

နောင်ချိုနှင့် ကြိုးကြာမေတို့နှစ်ယောက်၊

ထိုသစ်ပင်အောက်ရောက်ကြတော့ နေ့ခင်းပိုင်းအတော်စောပါသေးသည်။ သို့သော် လူအသွားအလာ မရှိသလောက်ဖြစ်နေသည်မို့ အ,ကာလလို ခံစားနေရလေ၏။

ဒီနားမှာက နဂိုတည်းက အိမ်ခြေမရှိ။

အရင်က အကြော်တဲလေးတစ်ခု အနားမှာရှိသော်လည်း ဆိုးဆိုး



ရွားရွား ယာဉ်တိုက်မှုကြီးဖြစ်အပြီး ဆိုင်ကလေးပြုတ်သွားခဲ့လေပြီ။

စိတ်ထင်၍ပဲလား မသိ။ သစ်ပင်နှင့် မလှမ်းမကမ်းမှာပင် နောင်ချို့နှာခေါင်းထဲ အပုတ်နံ့ ဆိုးဆိုးရွားရွားကြီးတစ်ခုကို ဖြတ်ကနေရလိုက်သဖြင့် ခြေလှမ်းများ တုန့်ကနဲဖြစ်သွားခဲ့လေသည်။

ကြိုးကြာမေက လှည့်မေးသည်။

"ဘာဖြစ်တာလဲဟဲ့"

"နင် မရဘူးလား"

"ဘာတုန်း ဘာကိုရရမှာတုန်း"

"အပုတ်နံ့ကြီးလေ ဆိုးလိုက်တာ လူကိုမွန်ထူးသွားတာပဲ"

ကြိုးကြာမေမှာ နှာခေါင်းလေးကို ရှုံ့ပွရှုံ့ပွလုပ်ကာ အနံ့ခံပာန်ပြုသည်။ တစ်ဆက်တည်း မျက်လုံးတို့ကလည်း ဟိုဟိုဒီဒီရှာကြည့်၏။

"သြော် ဟိုအမှိုက်ပုံကလာတာနဲ့ တူပါတယ်ဟာယ်၊ ဘာမှ မဟုတ်ပါဘူး၊ လာစမ်းပါ"

သူမညွှန်ပြသော အမှိုက်ပုံကလေးက ခပ်သေးသေး။ ဒီလောက်သိုးစော်ပုတ်အက်သော အနံ့မျိုးကြီး ဘယ်လိုမှ လာစရာမရှိ။ သို့သော် ပြောပြောဆိုဆို ကြိုးကြာမေက ဆက်သွားပြီမို့ နောင်ချို နောက်ကလိုက်ရလေ၏။

သစ်ပင် ပင်စည်တွင် စွန်းထင်းနေသော သွေးနီရောင်အကွက်ကြီးများအား မြင်ရလေသောအခါ တန့်လှုပ်သွားပင် နောင်ချိုခြေလှမ်းတို့ ရပ်တန့်ရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ဘာတွေလဲ အဲဒါ"

"သွေးတွေလေ၊ သွေးကွက်တွေပေါ့"

"သွေး … ဟုတ်လား၊ လူသွေးတွေလား ဟင်"

"အင်းလေ အဲဒါအတွက် တမင်လာတာပဲ"

သချိုင်းအနီးဇရပ်မှ အဘိုးကြီး၏ စကားသံကို ပြန့်ကြားယောင်လာမိ၏။

လောလောလတ်လတ် အစိမ်းသေသေထားတဲ့နေရာက သွေးကို ယူရမယ်ဆိုပါလား။

"နင် ဒီနေရာကို ဘယ်လိုရှာလို့ တွေ့တာလဲ"

"ငါ့ အစ်ကိုဝမ်းကွဲတစ်ယောက်က မှုခင်းဂျာနယ်တစ်ခုမှာလုပ်တယ်လေ၊ သူ့မေးလိုက်တာပေါ့ လွယ်လွယ်လေးပဲ"

"ဒါ ကားတိုက်မှုဖြစ်ထားတဲ့နေရာဆိုတာလား၊ ဘယ်နေ့က ဖြစ်ထားတာလဲ ဟင်"

"လွန်ခဲ့တဲ့ သုံးရက်ကမှ"

သိပ်နီးကပ်လွန်းလှပါသည်။

ဒီနေရာမှာ သေခဲ့လူတွေက ရက်တောင်မလည်သေးဘူးပဲ။

နောင်ချို့တစ်ကိုယ်လုံး ကြက်သီးတွေ ထလာ၏။ ကြိုးကြာမေ ဘာလို့များ မကြောက်ရပါသလဲ။

ဒီကြားထဲ ပြောဖြစ်အောင်ပင်ပြောပြလိုက်သေးသည်။



"ဖြစ်ဖြစ်ချင်းနေ့ကဆို ဒီအောက်မှာ အလောင်းတွေ ဒီတိုင်းထားရတာတဲ့၊ ပိုးလိုးပက်လက်ပဲ မြင်မကောင်းဘူး၊ ငါက ငါတို့လာတဲ့ထိ ဒီလိုတွေမလားလို့ ထင်နေတာ"

ဒီလိုတွေသိလျက်က ကြောက်ဟန်မပြတာတော့ စိတ်အတော်စောနေ၍ဟု ထင်ရပါသည်။ သစ်ပင်အောက် သွက်သွက်လက်လက်ပင် တိုးသွား၏။ လက်ထဲမှာလဲ အသင့်ယူလာသော ရေသန့်ဘူးလေးကို ကိုင်ဆွဲထားလေ၏။

"ဟိတ် နင် … ဒါ ဘာလုပ်ဖို့လဲ"

"ဟို ပင်စည်က သွေးတွေကို ယူမလို့လေ၊ သွေးတွေကခြောက်နေပြီ၊ ရေနဲ့လုပ်မှ ရမှာပေါ့"

"သွေးအစစ်တော့ ဘယ်လိုပြန်ရမလဲ"

"ရပါတယ် စတိသဘောလောက်ဆို ရပြီတဲ့။ ငါ ပုရပိုဒ်ပေးလိုက်တဲ့အဘကို သေချာမေးထားတယ်"

ယခုမှ သတိပြုမိသည်။ ကြိုးကြာမေ၏ နောက်ထပ်လက်တစ်ဘက်တွင် ပုရပိုဒ်ကို အသင့်ကိုင်ထားသည်ပဲ။

မတ်တတ်သာတော့သည်မို့ တားလည်းမနေတော့ပဲ မလှမ်းမကမ်းတွင်ပင်ရပ်တန့်ကာ ကြိုးကြာမေလုပ်သမျှ စောင့်ကြည့်၍သာ နေလေတော့သည်။

ကြိုးကြာမေက သစ်ပင်ပင်စည်နားရောက်သောအခါ

www.burmeseclassic.com

www.burmeseclassic.com



ရေသန့်ဘူးအဖုံးကိုဖွင့်ကာ သွေးကွက်ကြီးတစ်ကွက်၏ အထက်ပိုင်းကျကျနေရာမှ လောင်းချလိုက်လေသည်။ နောက်လက်တစ်ဘက်တွင်လည်း ပုရပိုဒ်က အသင့်။

ရေစီးကြောင်းကလေး တဖြည်းဖြည်း စီးဆင်းကျနေသည်ကို တွေ့ပြီး နောင်ချိုရင်တွေ အခုန်မြန်နေမိလေ၏။

သွေးကွက်နေရာပေါ်သို့ ရေတွေစီးကျသည်။

အစကတော့ ဘာမှမဖြစ်။

နောက် ထပ်၍ ထပ်၍ ရေတွေစီးကျဖန်များလေသောအခါ

ပင်စည်အသားတွင် စွန်းထင်းပေကျံနေသော သွေးများမှာ

တစစဖြင့် အရည်ပျော်စပြုလာလေတော့သည်။

ထိုစဉ်မှာပင် …

ရုတ်တရက်

နောက်က အသံလိုလို ကြားလိုက်ရသဖြင့်

နောင်ချို လှည့်ကြည့်လိုက်မိလေသည်။

ယင်းသည့်ခိုက်နှင့် တစ်ပြိုင်တည်းပင်

နဂိုက တိမ်တစ်စွန်းတစ ကွယ်ကာနေသော နေရောင်သည် တိမ်တွေရွေ့သွားသောကြောင့် မြေပြင်ပေါ်သို့ လင်းလင်းပပဖြာကျလာလေတော့၏။

နောင်ချို မျက်လုံးထဲသို့



ဖျပ်ကနဲ

နေရောင် စူးစူးရှရှ ဝင်ရောက်လာသည်။

မျက်စိကျိန်းသွားသလိုဖြစ်ပြီး မျက်လုံးများမှိတ်လိုက်ရ၏။

မျက်ခွံကိုပြန်အဖွင့် မျက်လုံးတို့ ပြာဝေနေဆဲတွင်

စူးရှသော ကားမီးရောင်တစ်ခု

အရှိန်ပြင်းစွာ တိုးဝင်လာသည်အား တွေ့လိုက်ရပါလေတော့သည်။

'ဟာ'

ဒိန်းကနဲဖြစ်သွားသော ရင်နှင့်အတူ အာရုံက ချက်ချင်းသတိရလိုက်မိသည်။ ဒါ ကားတစ်စင်း အပြင်းမောင်းဝင်လာတာပဲ။

ရှောင်မှ။

ကြိုးကြာမေကို သတိရလိုက်မိ၏။

သတိပေးရန် ပြန်လှည့်ကြည့်လေသောအခါ

ကျောခိုင်းရက်သား သစ်ပင်ပင်စည်အနားရပ်နေသော ကြိုးကြာမေ၏ အနီးတွင် …

အတုန်းအရုန်းသေဆုံးနေကြသော အလောင်းများကို မြင်လိုက်ရလေတော့သည်။

သွေးတွေ … သွေးတွေက

နေရာတစ်ခုလုံး မြင်မကောင်းအောင် ပြန့်ကျဲလျက်။

www.burmeseclassic.com

www.burmeseclassic.com

အလောင်းတွေ ဖြစ်ပျက်နေပုံက သွေးပျက်စရာကောင်းလွန်းလှသည်။ တဆတ်ဆတ်တုန်ကာ ကျိုးပဲ့ပြတ်တောက်နေကြသော ခြေပြတ်လက်ပြတ်များ ...

လည်ပင်းမှတိတိရိရိပြတ်တောက်နေသော အလောင်းကြီးကတစ်နေရာမှာ မှောက်လဲကျလျက်။ သွေးတွေကျဆင်းနေသော မျက်လုံးဟောက်ပက်ကြီးနှင့် အလောင်းတစ်လောင်းကိုလည်း တွေ့ရလေသည်။

တစ်စုံတစ်ရာက ဖဲ့ရွဲ့စားသောက်ခြင်းအား ခံထားရသလိုပင်ခန္ဓာကိုယ်အစိတ်အပိုင်း မပြည့်မစုံဖြစ်နေသည်များက အများစုဖြစ်နေ၏။

ကြည့်လေရာရာပင် မရဏတရား၏အရိပ်ငွေ့တို့ လွှမ်းခြုံလျက်ရှိတော့သည်။

စိတ်ထဲ အရမ်း လန့်သွားမိ၏။

ကြောက်ရွံ့စိတ်က အခေါင်အဖျားသို့တိုင် တက်လာသည်။

လှိုင်းထလာသောရင်သည် နှုတ်ဖျားမှ ရှန်းပွင့်သော အသံအက်ကွဲကွဲကြီးတစ်ခုအား ပြုမိလေတော့၏။

**'ကြိုးကြာမေ'**

သတိလည်းပေး နောက်ကိုလည်း ပြန်လှည့်ကြည့်သည်။

နေရောင်စူးစူးကြောင့် မျက်စိကျိန်းကာ မျက်လုံးတို့မှိတ်မိပြန်၏။

အလျှင်အမြန်ပင် မျက်စိကို ပြန်ဖွင့်လေသောအခါ

●



"ဟဲ့ ဘာဖြစ်တာလဲ နောင်ချို"

အနားသို့ရောက်နေသော ကြိုးကြာမေကို တွေ့လိုက်ရသည်။

အလျှင်အမြန်ပင် တစ်ဘက်သို့ လက်ညှိုးညွှန်ပြ၏။

"ဟိုမှာ ဟိုမှာ ကားတစ်စင်း အပြင်းမောင်းဝင်လာတယ်"

"ဘယ်မှာတုန်း ဟဲ့၊ ကားက"

ကြိုးကြာမေက ဟိုဟိုဒီဒီ ကဲကာကြည့်သည်။ နောင်ချိုလည်းလိုက်ရှာမိပါ၏။ အနီးအနားတစ်ဝိုက် ဘယ်လိုကားတစ်စင်းတစ်လေမှ ရှိမနေပါ။

ချက်ချင်းဆိုသလို

သစ်ပင် ပင်စည်ဘက် ပြန်ကြည့်မိပါလေ၏။

ခုနတွေ့လိုက်မိသော သစ်ပင်အောက်မှ အလောင်းများမှာလည်းပျောက်ခြင်းမလှ ပျောက်ကွယ်၍ နေခဲ့လေပြီတည်း။

●

www.burmeseclassic.com

www.burmeseclassic.com

"နင် အမြင်မှားတာ ဖြစ်ပါလိမ့်မယ် နှောင်ချိုရယ်"

ကြိုးကြာမေက ...

နှောင်ချို မြင်လိုက်သည် (ဟု ထင်လေသမျှကို) လုံးဝ လက်မခံပါ။

... နေရောင်က မျက်စိစူးသွားလို့ နင် ထင်ယောင်ထင်မှားဖြစ်သွားတာ နေပါလိမ့်မယ်၊ ကားတစ်စင်း အပြင်းမောင်းလာတာ ဆိုရင် အသံကသေချာ ပေါက်ပါရမယ်၊ အလင်းချည်းလာလို့ရတာမှ မဟုတ်တာ၊ အခုက အသံမှ မကြားရတာပဲ၊ ပြီးတော့ သစ်ပင်စည်အောက်မှာလဲ အဲဒီလိုပဲ နင်မျက်စိကျိန်းပြီး မူးရီရီဖြစ်နေတုန်းထင်ယောင်ထင်မှား ဖြစ်သွားတာနေပါလိမ့်မယ်"

ဟုသာ မှတ်ချက်ပြုလေသည်။ ဘာမှ မပြောသာသည်မို့ အသာငြိမ်နေလိုက်ရ၏။ သူနှင့် တွေ့သည်များကတော့ တကယ့်ကို အသေအချာပါပဲ။

မျက်စိက ဒီလောက် မျက်ဝါးထင်ထင်ကြီး အမြင်မှားတတ်ပါသလော။ အဖြေရှာမရပါချေ။

မည်သို့ဖြစ်စေ သူ့ကိုယ်သူတော့ ဒီ လောက်မှားမှားယွင်းကြီး မဖြစ်နိုင်ဟု ယုံကြည်နေဆဲ။

"ထားလိုက်ပါတော့လေ နင့်ကိစ္စရော ပြီးပြီလား"

"ပြီးပြီလေ ဟို အဘပြောလိုက်တဲ့အတိုင်းလုပ်လိုက်တာနဲ့



ပုရပိုဒ်မှာ စာတွေပေါ်လာပြီ၊ ဒီမှာကြည့်"

စာလုံးတွေ ပေါ်နေတာတော့ အမှန်ဘဲဖြစ်သည်။

"ဒီတိုင်း ရေနဲ့ သုတ်လိုက်ရင်လည်း စာပေါ်လာမှာပဲနဲ့ တူပါတယ်ဟာ၊ ဟစ်ရိုမြင်တွေက ဒီလိုပဲ ရေနဲ့သုတ်မှ ဖတ်လို့ရတာ လို့ ကြားဖူးတယ်၊ အလကားသက်သက်ဒုက္ခခံပြီး လာရတယ်လို့"

နှောင်ချိုကလည်း ကြိုးကြာမေလုပ်ရပ်များအား လက်မခံနိုင်ရှိဆဲသည်။ သို့သော် ကြိုးကြာမေကလည်း သူ့လိုပင် ကိုယ့်ကိုယ်ကို မှားယွင်းနိုင်ဟု ယုံကြည်နေဟန်တူပါလေသည်။

www.burmeseclassic.com

www.burmeseclassic.com



(ပုရပိုက်ပါစာများနှင့်ရေးသားဟန်မှာ လွန်စွာမှရှေးဆန်ကာ ရုတ်တရက် နား မလည်နိုင်အောင် ဖြစ်နေလိမ့်မည်စိုးသဖြင့် ခေတ်သုံးစကားပြေဖြင့် ပြန်ရေးပါသည်)

ဒါဟာ ဖူးစာဘက်ရဲ့ရုပ်ရည်ကို တစ်ဆစ်ချင်းတစ်ပိုင်းချင်း ဖေါ်ပေါက်လာ စေမယ့် ပညာရပ် ဖြစ်တယ်။

အိပ်မက်မှာ မြင်ရတာမျိုး၊ ထင်ယောင်ဝိုးဝါး မြင်ရတာမျိုး မဟုတ်ဘူး။ တကယ် မျက်ဝါးထင်ထင် မြင်ရတာ။ ဓာတ်ပုံတစ်ပုံလို တွေ့ရတာမျိုး ဖြစ်တယ်။

ဗေဒင်ပညာနဲ့ အင်ဂျင်နီယာအတတ် ပေါင်းထားသလိုပဲ။ တွက်ချက်ပြီး ဖူးစာရှင်ရဲ့ပုံတူရုပ်လွှာကို တည်ဆောက်ယူရတာမျိုးဖြစ်တယ်။

ပထမဆုံးအနေနဲ့ အသည်းပုံလေးတစ်ခုကို အကြမ်းဖျဉ်း တည်ဆောက် လိုက်ရတယ်။ ဒီလိုအသည်း နှလုံးပုံလေးလုပ်တဲ့နေရာမှာ သပ်ယပ်မှုရှိအောင် ရေညီမျဉ်းရယ်၊ ထောင်လိုက်မျဉ်းရယ် ဆွဲလိုက်တယ်။ သင်္ချာမှာ X ဝင်ရိုးနဲ့ Y ဝင်ရိုးတွေ ဆွဲသလိုပေါ့။

အဲဒီ ဝင်ရိုးတွေပေါ်မှာ နှလုံးသားပုံကိုဆွဲတယ်။

ဒီပညာရပ်မှာတော့ X ဝင်ရိုးကို ဓိနုပ်မျဉ်းလို့ခေါ်ပြီး Y ဝင်ရိုးကို ကျူးပစ်မျဉ်းလို့ခေါ်တယ်။

ဘယ်လိုပဲနာမည်တပ်တပ် ဒါဟာ ထောင်လိုက်မျဉ်းနဲ့ အလျားလိုက်မျဉ်း တွေ ဆွဲတာပါပဲ။ ဒီလိုဆွဲတဲ့နေရာမှာလည်း ဂေါ်ကိုက်ဆွဲတာဖြစ်တယ်။

X နဲ့ Y ဆုံတဲ့ ဗဟိုမှတ်နေရာကနေ ဘယ်ဘက်ကို သုံးစိတ် ညာဘက်ကို သုံးစိတ်မှတ်လိုက်။ ဒီလိုပဲ အောက်ဘက်ကိုကျတော့ လေးစိတ်မှတ်တယ်။ အပေါ်မှာ က နှစ်ဆဖြစ်တဲ့ ရှစ်စိတ်။



အစိတ်အပိုင်းတွေကို စင်တီမီတာနဲ့ဖြစ်ဖြစ်၊ လက်မနဲ့ဖြစ်ဖြစ်မှတ်လို့ရပါ တယ်။ အဓိကက ဓိနုပ်မျဉ်း (X ဝင်ရိုး) ရဲ့ ဘယ်နဲ့ညာတို့မှာ သုံးစိတ်စီ၊ ကျူးပစ်မျဉ်း (Y ဝင်ရိုး) ရဲ့ အောက်မှာ လေးစိတ်နဲ့ အထက်မှာ ရှစ်စိတ်စာ အမှတ်ကလေးတွေမှတ်လိုက်ဖို့ပဲ။

အဲဒီအမှတ်စွန်းကလေးတွေကမှ အသည်းနှလုံးပုံလေးဆွဲရမှာဖြစ်တယ်။ အခုဆို အမှတ်စွန်းကလေးပေါင်း လေးခုရှိသွားပြီ။ ဒါဟာ အသည်းပုံရဲ့ထောင့်စွန်း တွေဖြစ်လာမယ့် အမှတ်တွေပဲ။

အသည်းပုံရဲ့ ဘေးအမှတ်နေရာအတွက်လည်း ရှိသေးတယ်။


ဓိနုပ်မျဉ်း (X ဝင်ရိုး)ရဲ့ ယာဘက် ငါးစိတ်နေရာကနေ တည့်တည့် ထောင်တက်သွား၊ အဲဒီနေရာနဲ့ ကျူးပစ်မျဉ်း ( Y ဝင်ရိုး)ရဲ့ အထက်ပိုင်း ၄ စိတ် နေရာနဲ့ ဆုံတဲ့နေရာမှာ အမှတ်တစ်ခုကိုမှတ်လိုက်။

ဒီလိုပဲ ဓိနုပ်မျဉ်း (X ဝင်ရိုး)ရဲ့ ဝဲဘက် ငါးစိတ်နေရာကနေ တည့် တည့် ထောင်တက်သွား၊ အဲဒီနေရာနဲ့ ကျူးပစ်မျဉ်း ( Y ဝင်ရိုး)ရဲ့ အထက်ပိုင်း ၄ စိတ် နေရာနဲ့ ဆုံတဲ့နေရာမှာ အမှတ်တစ်ခုကိုမှတ်လိုက်။

ဒါဟာ အသည်းနှလုံးပုံရဲ့ ဘေးစွန်းတွေဖြစ်လာမယ့် အမှတ်နေရာတွေပါ ပဲ။ သင်္ချာနဲ့ ရင်းနှီးသူတွေဆို သိပါလိမ့်မယ်။ $(x = +5 , y = +4)$ နဲ့ $(x = -5 , y = +4)$ နေရာတွေမှာ အမှတ်ကလေးတွေမှတ်ခိုင်းတာပါ။

နောက်စာမျက်နှာကပုံကိုကြည့်ရင် မြင်သာသွားလိမ့်မယ် ထင်ပါတယ်။

www.burmeseclassic.com



အသည်းနှလုံးပုံဟာ အချစ်ရဲ့သင်္ကေတအဖြစ် တစ်ကမ္ဘာလုံးက မှတ်ယူထားကြတယ်။ ဒါကြောင့် ဖူးစာဘက်ရဲ့ရုပ်ပုံလွှာကို တွက်ချက်ရေးဆွဲတဲ့အခါ နှလုံးသားပုံကိုအခြေခံ တည်ဆောက်ရတာဖြစ်တယ်။



ဖော်ပြခဲ့တဲ့ ပုံမှာပြထားတဲ့အတိုင်း လုပ်ရုံပါပဲ။

ရှေ့မှာတုန်းကပြောခဲ့သလို သက်ဆိုင်ရာနေရာတွေအတိအကျမှာ အမှတ်ကလေးတွေမှတ်။ ပြီးတော့ အဲဒီအမှတ်ကလေးတွေကို ဖြတ်ပြီး အသည်းနှလုံးပုံလေးဆွဲလိုက်ပါ။

ဒါဆို ကနဦးအဆင့် ပြီးပါပြီ။

ဒီပညာရပ်မှာတော့ အဲဒါကို ပရိုက်မြူတယ်လို့ ခေါ်ပါတယ်။

နှလုံးသားပုံထဲမှာမှ ကိုယ့်ဖူးစာရှင်ရဲ့ရုပ်ပုံလွှာပေါ်လာအောင် ဖော်ထုတ်ရမှာဖြစ်ပါတယ်။ ဒီအဆင့်မှာ ဝေဒင်လို တွက်ချက်ရတာတွေ လာပါပြီ။

ဝေဒင်မှာလို ကိန်းဂဏာန်းသုံးခုလိုတယ်။

က) မိမိနာမည်စာလုံးတွေရဲ့ ကိုယ်စားပြုဂဏာန်းတွေအားလုံးပေါင်းခြင်း၊

ခ) မိမိရဲ့ နှလုံးသားနံပါတ်၊

ဂ) မိမိနှလုံးလမ်းကြောင်းရဲ့ အရှည်၊

. . . တို့ပါပဲ။

က) မိမိနာမည်စာလုံးတွေရဲ့ ကိုယ်စားပြုဂဏာန်းတွေအားလုံးပေါင်းခြင်းဆိုတာက ဂဏာန်းဝေဒင် လေ့လာဘူးသူတွေအဖို့ နားလည်လိမ့်မယ်ထင်ပါတယ်။

မသိသူတွေအတွက်တော့ တစ်ဘက်က ဇယားလေးကို ကြည့်ပါ။

www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| A,Y,I,X,Q,J | = | 1 |
| B,K,R | = | 2 |
| C,G,S,L | = | 3 |
| D,M,T | = | 4 |
| N,H,E | = | 5 |
| U,V,W | = | 6 |
| O,Z | = | 7 |
| P,F | = | 8 |

ကိုယ့်နာမည်မှာပါတဲ့စာလုံးတွေအလိုက် နံပါတ်(ဂဏန်းတွေ) ရှိပါတယ်။

အဲဒီဂဏန်းအားလုံးကို ပေါင်းရမှာပါ။ နောက်ဆုံးမှာ တစ်လုံးတည်းကျန်သွားတဲ့အထိ ပေါင်းရမှာ။

ဒီလိုပေါင်းရာမှာလည်း ကိုယ့်နာမည်ကို အင်္ဂလိပ်လို ကိုယ်စာလုံးပေါင်းတဲ့အတိုင်းပေါင်း ပြီး အဲဒီစာလုံးတွေရဲ့ ကိုယ်စားပြုဂဏန်းတွေနဲ့ တွက်ရမှာဖြစ်တယ်။

(ဥပမာအားဖြင့် စာရေးသူရဲ့နာမည် အသေကျော်စွာကို အင်္ဂလိပ်လိုရေးရင် DEATH THE KYAWSWAR လို့ စာလုံးပေါင်းလေ့ ရှိပါတယ်။

ဒါကြောင့် ...



| DEATH | | THE | | KYAWSWAR | | |
|---|---|---|---|---|---|---|
| 4+5+1+5 | | 4+5+5 | | 2+1+1+6+3+6+1+2 | | |
| 15 | + | 14 | + | 22 | = | 51 |

၅နဲ့၁ကို ထပ်ပေါင်းတော့ နောက်ဆုံး '၆' ရတာမို့ စာရေးသူနာမည်ရဲ့ ကိုယ်စားပြုဂဏန်းအားလုံးပေါင်းခြင်းဟာ ၆ ဖြစ်ပါတယ်။ စာရေးသူ)

ခ) နှလုံးသားနံပါတ်ဆိုတာကတော့ အောက်ကဇယားမှာလွယ်လွယ်ကူကူရှာယူနိုင်ပါတယ်။

| | ပန်ဒါ | မြွေ | ယုန် | ခြင်္သေ့ | သိုး | မြင်း | ကြွက်မြွေ |
|---|---|---|---|---|---|---|---|
| ဩ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ကာ | ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| း | ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ |
| ဓာ | ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ |
| ါ | ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ |
| ရမ်း | ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ |
| မ်း | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ |

ထပေါ်တန်းမှာက သတ္တဝါတွေနာမည်ဖြစ်ပြီး ဘေးတန်းမှာက အရောင်နာမည်တွေ ဆိုတာ သတိပြုမိကြလိမ့်မယ် ထင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပေးထားတဲ့ထဲက ဘယ်အရောင်ကို သင်ကြိုက်သလဲ?

ပေးထားတဲ့ထဲက ဘယ်သတ္တဝါကို သင်အကြိုက်ဆုံးလဲ?

ရွေးလိုက်ပါ။

အဲဒီအကြိုက်ဆုံးနှစ်ခုဆိုတဲ့နေရာကိုကြည့်လိုက်ရင် သင့်နှလုံးသားနံပါတ်ကို တွေ့ရပါလိမ့်မယ်။

ဂ) မိမိနှလုံးလမ်းကြောင်းရဲ့အရှည်ကတော့ စင်တီမီတာနဲ့တိုင်းရမှာဖြစ်ပါတယ်။

ပြီးတော့ ကိန်းပြည့်ပဲ ယူရမယ်။ ဥပမာ ၁၄.၆ဆို ၁၅လို့ယူတာမျိုးပေါ့ အစွန်းထွက်ဒသမတွေကို မယူဘူးလို့ ပြောတာပါ။ ဒီနေရာမှာ ဒသမ၄အထိကို မူလဂဏန်းပဲယူပြီး ဒသမ ၄ကျော်တာနဲ့ ဂဏန်းတစ်ခု ပိုယူပါတယ်။

ဆိုလိုတာက ၁၄.၄ ဆို ၁၄။ ၁၄.၅ဆိုတာနဲ့ ၁၅။

ပြီးတော့ ဂဏန်းတစ်လုံးတည်းဖြစ်တဲ့အထိ ပေါင်းရမယ်။

ဥပမာ ၁၅ = ၁+၅ = ၆

နှလုံးလမ်းကြောင်းကိုတိုင်းတဲ့နေရာမှာ လက်ဝါးနှစ်ဘက်လုံးက နှလုံးလမ်းကြောင်းနှစ်ခုပေါင်းရဲ့ အရှည်ကို တိုင်းရမှာပါ။ ဒီလိုတိုင်းတဲ့နေရာမှာ တိကျအောင် အပ်ချည်ကြိုးလေးနဲ့ တိုင်းရင်ပိုကောင်းတယ်။

ပြီးမှ အဲဒီအပ်ချည်ကြိုးလေးရဲ့အရှည်ကို ပေတံမှာ ပြန်ကြည့်ယူပေါ့။



ဃ) ခ) နဲ့ ဂ) တွေမှာ ဂဏန်းတစ်ခုစီအသီးသီး တွက်ချက်ရရှိလာတာကိုတွေ့ရပါလိမ့်မယ်။ အဲဒီရလာတဲ့ ဂဏန်းအားလုံးကို ...

'ပေါင်းပြီး ၃နဲ့စားပါ'

ရလာတဲ့ အကြွင်းကို ယူရမှာဖြစ်တယ်။

[ဒီနေရာမှာ အကြွင်း၀ဆိုရင်တော့ ၃လို့ပဲ မှတ်ယူပါတယ်]

အဲဒီ အကြွင်းဂဏန်းကိုယူပြီး ရှေ့မှာပရိုက်ပြုတုန်းက ဆွဲထားတဲ့ နှလုံးသား ပုံထဲက ဗီးနပ်မျဉ်းပေါ်မှာ ပေါင်းထည့်မှာဖြစ်ပါတယ်။

ထပ်ရှင်းပြပါ့မယ်။

– ရလာတဲ့အကြွင်းအလိုက်

– အသည်းပုံဆွဲတုန်းက ဗီးနပ်မျဉ်းပေါ်မှာမှတ်ထားတဲ့ အမှတ်ခြစ်ကလေးရဲ့ ဘေးမှာ အစိတ်ကလေးတွေ ဆက်မှတ်ရမှာဖြစ်တယ်။

ဥပမာ ... အကြွင်း ၃ ဆိုရင် အသည်းပုံဆွဲတုန်းက ဗီးနပ်မျဉ်းပေါ် မှတ်ထားတဲ့ မှတ်ထားတဲ့ အမှတ်ခြစ်ကလေးရဲ့ဘေး ၃စိတ်အကွာမှာ မှတ်ရမှာပေါ့။

အဲဒီ အမှတ်သစ်ကလေးကို ဗြတ်သန်းပြီး အသည်းနှလုံးပုံပေါ်မှာ မျဉ်းကွေး ခပ်ပြေပြေလေးဆွဲလိုက်ပါ။

ဒါဟာ ကိုယ့်ဗူးတစ်ဘက်ရဲ့ ရုပ်ပုံလွှာက မေးရိုးပိုင်းပုံစံကို စတင်တည်ဆောက်လိုက်တာဖြစ်တယ်။

မြင်သာသွားအောင် ပုံနဲ့ ပြပါ့မယ်။

www.burmeseclassic.com

www.burmeseclassic.com



အကြွင်း သုံးမျိုးအတွက် နမူနာပုံတွေ ဆွဲပြပေးထားပါတယ်။

တကယ်တော့ ဗူးစာရှင်ရဲ့ ရုပ်ပုံလွှာဟာ နဂိုဆွဲထားတဲ့ နှလုံးသားပုံကို အခြေခံတည်ဆောက်တာပါပဲ။

နှလုံးသားပုံဆွဲတုန်းက မှတ်ခဲ့တဲ့ ဝီးနပ်မျဉ်းပေါ်က အမှတ်နေရာမှာ အခု တွက်ချက်ရရှိလာတဲ့ အမှတ်သင်္ကေတလေးကို အစားထိုးပြီး ပုံဖော်ယူလိုက်တာပါ။

(လူရဲ့ မျက်နှာမှာ ဓမ္မတာအားဖြင့် ဘယ်ဘက်နဲ့ ညာဘက်ဟာ အတူတူပဲမို့ နှစ်ဘက်ခြမ်းလုံးကို တူတူပဲ လုပ်ဖို့ရာ ...

အကြွင်းရလာဒ်ကို ဘယ်ဘက်ခြမ်းက ဝီးနပ်မျဉ်းပေါ်မှာ မှတ်သားသလို အတူတူပဲ ညာဘက်ခြမ်းမှာလည်း မှတ်သားပါတယ်)


ဒီလိုဆွဲပြတဲ့ နမူနာပုံတွေ အသီးသီးအပြင် ...

အောက်ဘက်တွေမှာ အချောကိုင်ထားတဲ့ပုံတွေလည်း ထပ်ဆွဲပြထားပါသေးတယ်။

မျဉ်းကြောင်းတွေနဲ့ မဟုတ်ဘဲ အသေအချာမှုန်းခြယ်လိုက်တဲ့အခါ လူပုံစတင်ပေါ်လွင်လာပြီပေါ့။


သေးဘက်စာမျက်နှာမှာကြည့်ပါ။





← အကြွင်း၁အတွက် နမူနာပုံ


အကြွင်း ၁ ပုံအား အချောကိုင်ထားသည့်ပုံ ↓



www.burmeseclassic.com


www.burmeseclassic.com






← အကြွင်း၂အတွက် နမူနာပုံ

**အကြွင်း ၂ ပုံအား အရောင်ကိုင်ထားသည့်ပုံ ↓**








← အကြွင်း၃အတွက် နမူနာပုံ

**အကြွင်း ၃ ပုံအား အရောင်ကိုင်ထားသည့်ပုံ ↓**



www.burmeseclassic.com

www.burmeseclassic.com


ဒုတိယ ဗုဒ္ဓပိဋကလွှာကို ဖွင့်ကြည့်ဖို့အတွက်

နေရာတစ်ခုကို သွားရမယ်။

မြို့စွန်က ပိတ်ထားတဲ့ အိမ်အိုကြီး ...

လူ ဘယ်သူမှ မနေဘူး၊

သူရဲခြောက်တယ်လို့ နာမည်ကြီးလွန်းလို့။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်တွေ ဘာတွေထဲမှာတော့ သရဲခြောက်သော အိမ်ဆိုသည့် ဗျှော်တောင်နှစ်ထပ်အိမ်မည်းမည်းကြီးများကို ရိုက်ပြလေ့ရှိပါသည်။

အခု ဒီအိမ်ကြီးကတော့ တိုက်ခံအိမ်ကြီးပါပဲ။

သို့သော် အိမ်ထဲဝင်လိုက်သည်နှင့်ပင် အေးစိမ့်သောအာရုံခံစားမှု ဆီးကြိုနေလေ၏။

လေတိုက်လို့ အေးတာမျိုးလည်း မဟုတ်။

ရင်ထဲအသည်းထဲကကို စိမ့်နေအောင် အေးတာမျိုး ဖြစ်လေသည်။

ညနေမှောင်စပျိုးချိန်မို့အလင်းရောင်က မှိန်မှိန်ရီရီရှိနေသည်။

တကယ်တော့ နောင်ချိုတို့နှစ်ယောက်သား ဒီအိမ်ကို ခိုးဝင်ကြဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

သရဲခြောက်သောအိမ်မို့ ဘယ်သူမှ မနေသော်လည်း ဒီအိမ်ရှေ့ ခြံဝင်းကြီးမှာ သော့တော့ခတ်ထားသည် မဟုတ်လား။

ခြံဝင်းတံခါးကို ကျော်ကာ နှစ်ယောက်သား အိမ်ဆီလာခဲ့ သည်။ ဟိုဟိုဒီဒီကြည့်တော့ လူရိပ်လူခြည် မတွေ့။ ခပ်သုတ်သုတ် နှစ်ယောက်သား လျှောက်လာခဲ့ကြလေသည်။

"နင် ဟိုနေ့က ပုရပိုဒ်ပထမရွက်မှာပါတဲ့နည်းအတိုင်း တွက် ကြည့်သေးလား"

"အင်းပေါ့"

"ဘာတွေ့လဲ"

"ငါ့ဖူးစာဘက်ဖြစ်လာမယ့်သူရဲ့ မေးရိုးပုံစံလေး၊ အခုကမျက် ပြင်ရဲ့ အစပိုင်း ဘောင်လောက်သာရှိသေးတယ်ဟဲ့၊ နောက် ထပ်ရလာမယ့်နည်းတွေနဲ့ တွက်ရဦးမှာ"

"နင်ဘာလို့ ဒါကို ဒီလိုလောက် စိတ်အား ထက်သန်နေ လဲ ဟင်"

"ဟဲ့ ကိုယ်နဲ့ဖူးစာဆုံရမယ့်သူက ဘယ်လိုရုပ်ရည်မျိုးရှိမလဲ တာ မိန်းကလေးတိုင်း သိချင်တာပေါ့၊ မိန်းကလေးတင် မဟုတ် ပါဘူး ယောကျ်ားလေးလည်း သိချင်တာပါပဲ"

"ငါတော့ မသိချင်ပေါင်"

"ဒါပေါ့ နင့်မှာက ကြိုက်မယ့်သူမှ မရှိတာ၊ ငါ့မှာတော့ကြိုက်



တဲ့သူများလို့ သိချင်တယ်၊ ငါ့ကြိုက်နေတဲ့သူတွေထဲက ဘယ် တစ်ယောက်ဟာ ဖူးစာဘက်ဖြစ်လာမလဲဆိုတာလေ၊ ခုဟိုနေ့က တွက်ကြည့်မေးရိုးပုံစံလေးသိလာတာတောင် ငါ့ကြိုက်နေသူ အများကြီးထဲက တော်တော်များများကို ဖယ်ထုတ်လို့ရပြီ"

"ခု ဘယ်နှစ်ယောက်ကျန်သေးတုန်း"

"ငါးယောက်တော့ ကျန်သေးတယ်၊ ခုရလာတဲ့မေးရိုးပုံကြည့်ရ တာ အဲဒီ ငါးယောက်ထဲက တစ်ယောက်ယောက်ဖြစ်မှာပဲ"

"ဘယ်သူတွေတုန်း"

"ဝင်းလွင်ဦးဆိုတာရယ်၊ စန်းမွန်အောင်ရယ်၊ နောက် စိုးသူရ၊ သောင်းစိုး၊ ပြီးတော့ ကိုမောင်မောင်အေး၊ အဲဒီမောင်မောင်အေး ဆိုတဲ့သူကတော့ ကြမ်းလို့ ကြောက်တယ်"

နောင်ချိုဆက်ပြောလိုသော်လည်း မပြောဖြစ်တော့။ ဟိုအိမ်ကြီးထဲ ရောက်လာပြီး အေးစိမ့်သော အာရုံခံစားမှုက ကြိုလိုက်သဖြင့် စကားစပျက်သွားခဲ့လေသည်။

●

www.burmeseclassic.com

www.burmeseclassic.com



အပြင်တွင် အလင်းရောင် ရှိတန်သလောက် ရှိတတ်သေးသော်လည်း အိမ်ထဲမှာတော့ မှောင်မိုက်နေလေသည်။

ကြိုးကြာမေက အသင့်ယူလာသော ဖယောင်းတိုင်ခပ်တုတ်တုတ် နှစ်တိုင်ကိုထုတ်ကာ အိမ်ဧည့်ခန်း၏ အစွန်နှစ်ဘက်ဆီ တစ်နေရာဆီ သွားရောက်ထွန်းညှိလေ၏။

"နင်ကလည်း ဖယောင်းတိုင်က နှစ်တိုင်ပဲ ပါတာလား"

"ပါပါသေးတယ်ဟာ လေး ငါး တိုင်"

"ပါရင်လည်း ထွန်းစမ်းပါဟာ လင်းလင်းချင်းချင်းရှိအောင်"

ကြိုးကြာမေက ဧည့်ခန်းအနှံ့ ဖယောင်းတိုင်တွေ ထပ်ထွန်း၏။ အိမ်နောက်ဘက် ဧည့်ခန်းအပြင်ကိုပင် တစ်တိုင်သွားထွန်းသေးသည်။

သို့သော် ...

ဖယောင်းတိုင်မီးမှာ အိမ်ကြီး၏ နေရာရှိသမျှကို အလင်းရောက်ရှိအောင် မစွမ်းနိုင်သည်မို့ အမှောင်စိုးမိုးနေသော နေရာများ ကျန်နေပါသေးသည်။

စိတ်ဆင်၍ပဲလားမသိ။ အမှောင်တစ်နေရာမှ မျက်လုံးတွေ သူတို့အား စောင့်ကြည့်နေသလိုလို ...

စိတ်မလုံနိုင်အောင် ဖြစ်မိသည်။

နောင်ချိုမှာ အမှောင်နေရာများသို့ပင် စေ့စေ့မကြည့်ရဲသလို



...မိ၏။

သူတို့အား ...

မှောင်ရိပ်တွေထဲမှ တစ်စုံတစ်ရာ စောင့်ကြည့်နေသလိုလို ခံစားမှုကို ဘယ်လိုမှ ဖျောက်ဖျက်၍မရ။

"ကဲ ခု တို့က ဒီမှာ ဘာလုပ်ကြရမှာလဲ"

"ပုရပိုဒ်ရဲ့ ဒုတိယအလွှာကို ဖွင့်ဖတ်ရမယ်လေ"

"ဒါပဲလား၊ ဟို ပထမတစ်ခေါက်တုန်းကလို ဘာလုပ်ရမယ် ညာလုပ်ရမယ် မပါဘူးလား"

"ဟင်အင်း၊ ဒီမှာ ဖွင့်ဖတ်ရုံပဲ"

"ဒါများဟယ် ကိုယ့်ဖာသာ အိမ်မှာဖွင့်ရင်လည်း ပြီးရဲ့သားနဲ့"

"မရဘူးဟဲ့၊ သူပြောတဲ့အတိုင်း အတိအကျလုပ်ရမှာ တော်ကြာ ဘယ်လိုတွေမှန်းလဲ မသိပဲနဲ့"

ထူးခြားတာတော့ အမှန်ပဲ ဖြစ်လေသည်။

ပုရပိုဒ်ဒုတိယလွှာက လွယ်လွယ်ကူကူနှင့် ဖွင့်၍မရ။

"အားထုတ်ပြီး ဖွင့်လေဟာ နင်ကလဲ"

"နေဦးဟဲ့၊ တော်ကြာ စုတ်ပြဲသွားလိမ့်မယ်၊ ခဏလောက် စောင့်ကြည့်လိုက်ဦးမယ်"

ဘာကိုစောင့်ကြည့်မှာလဲ မသိ။

နောင်ချိုကတော့ ဒီလို ကြောက်စရာကောင်းသောနေရာကြီးမှာ

www.burmeseclassic.com

www.burmeseclassic.com


တစ်စက္ကန့်ကလေးမှ ဆက်မနေလိုတော့။

သူတို့အား ဒီလို ခြောက်ခြားစဖွယ်နေရာတွေချည်း တမင်ရွေ...လွှတ်သော ဟို ပုရပိုဒ်ပေးလိုက်သည့် အဘိုးကြီးကိုပင် စိတ်ထဲ...ကြိတ်ကာ ကျိန်ဆဲနေမိသည်။

ထိုစဥ်မှာပင်

ခြေသံတရှပ်ရှပ်ကို

သူတို့ ကြားလာရခြင်းဖြစ်လေသည်။

●

အသံက …

အိမ်နောက်ဘက်ဆီမှ လာခြင်းဖြစ်သည်။

ခုနက …

ကြိုးကြာမေ ထိုနောက်ဘက်ကို ဖယောင်းတိုင်သွားထွန်းတုန်းက ...ခင်ချိုသတိထားလိုက်မိသည်။

ပစ္စည်းအပျက်အစီးများသာ စုပုံထားသော နေရာလိုပါပဲ။ အခု ...နေရာက လှမ်းကြည့်သည်ပင် ကုတင် အကျိုးအပျက်လိုလိုတစ်ခုကို ...တစ်စွန်းတစ်စ တွေ့လိုက်ရသေးသည်။

"နှင် နောက်ဘက်ကို မီးသွားထွန်းတုန်းက ဘာတွေ့လဲဟင်"

"ပစ္စည်းအဟောင်း အစုတ်တွေ စုပုံထားတဲ့နေရာလိုပါပဲ၊ ဘာမှ မထူးခြားပါဘူး၊ ဘာလို့လဲဟင်"

နောင်ချို အကြောင်းရင်းကို ဖြေစရာမလိုတော့

ခြေသံတရှပ်ရှပ်က ထပ်မံ၍ ထွက်ပေါ်လာခြင်းကြောင့် ဖြစ်လေ...သည်။

ကြိုးကြာမေနှင့်သူ တစ်ယောက်မျက်နှာတစ်ယောက် လှမ်း...ကြည့်မိကြလေ၏။

ထူးတော့ ထူးနေလေပြီ။

ဒီပစ္စည်း အပျက်စီးပုံတွေနောက်မှာများ

တစ်စုံတစ်ရာ ပုန်းကွယ်နေမည်လား။

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေရင်းသားကပင် လှမ်းမြင်နေရသော အပျက်အစီးပုံကြီး
ဆီ လှုပ်ရှားလာသလို ထင်မိသည်။

မျက်စိကို အစွမ်းကုန်ဖွင့်၍ ထား၏။

နားကိုလည်း သဲ့သဲ့အသံကလေးမျှ မလွတ်စေရအောင် အာရုံ
စိုက်၍ထားသည်။

လောလောဆယ် ခြေသံကို ထပ်မကြားရတော့။

သို့သော် ...

အိမ်နောက်ဘက်တွင် ထွန်းထားသော ဖယောင်းတိုင်မီးက

ဖျပ်ကနဲ ငြိမ်း၍သွားလေ၏။

နောင်ချိုသာမက ကြိုးကြာမေပါ တုန်ကနဲဖြစ်၍သွားသည်ကို
တွေ့လိုက်မိသည်။ လှိုင်းထလှုပ်ရှားနေသော ရင်အုံကလေးက စိတ်
လှုပ်ရှား တုန်လှုပ်ခြင်းကို ဖော်ပြ၍နေလေ၏။

အချိန်ကိုက်ပင် ခြေသံတရှပ်ရှပ်က ပြန်၍ ပေါ်လာသည်။

ဒီတစ်ခါတော့ အရင်အခေါက်တွေကလို ဖျပ်ကနဲပေါ်ပြီး ဖျပ်
ကနဲ ရပ်သွားတာမျိုး မဟုတ်တော့။

တစ်စုံတစ်ယောက်လှမ်းလာသလိုပင် ...

တရွေ့ရွေ့ နီး၍ နီး၍ ကြားလာရလေတော့သည်။

"ဘယ် ဘယ်သူလဲဟင်"

ကြိုးကြာမေက လန့်ကာအော်မေးသည်။

ပြန်ဖြေသံကို မကြားရ။

ခြေသံတရှပ်ရှပ်ကတော့ ထွက်ပေါ်နေဆဲ။

ဘွားကနဲ

သူတို့မျက်မှောက်သို့ ရောက်ချလာလေမလား။

ဘယ်လိုဟာမျိုးများ ဖြစ်လိမ့်မယဲ?

နောင်ချိုအဖို့ အရင်က ကြောက်ရွံ့ခြင်းဆိုသည်ကို

ဒီမျှ မခံစားခဲ့ဘူးပါ။

ယခုတော့ နှလုံးသားတစ်ခုလုံးအား ဖိဆီး ဖျစ်ညှစ်ထားသည့်
နှယ် အနေရခက်လွန်းလှပါသည်။

ခြေသံတရှပ်ရှပ်က မရပ်မနားလာနေဆဲ။

"ရှပ် ... ရှပ်၊ ရှပ် ရှပ် ရှပ်"

စိတ်၏ တုန်လှုပ်မှုကို မခံမရပ်နိုင်တော့သည်နှင့် နောင်ချို
လှမ်းအော်မေးလိုက်တော့သည်။

"ဘယ်သူလဲဗျ၊ နောက်မနေပါနဲ့ဗျာ၊ လူဆိုရင်လည်း အသံ
လေးဘာလေးပြုစမ်းပါ"

ခြေသံရှင်က အသံတော့ မပြုပါလေ။

သို့သော်

ယင်းဆီမှ တုန့်ပြန်မှုလေလား မသိ၊

ကြုံလိုက်ရသည်က ...

www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခန်းထဲမှ ဖယောင်းတိုင်မီးများ ငြိမ်းသေသွားခြင်းပင် ဖြစ်လေသည်။

လေတိုက်သည်လည်း မဟုတ်ပါဘဲနှင့်

ဟုတ်ကနဲ

ပြိုင်တူလိုလို ငြိမ်းကျသွားသည်က ထူးဆန်းအံ့သြဖွယ်ကောင်းလှတော့သည်။

ယာဘက် အစွန်နေရာနားတွင် ထွန်းထားသော ဖယောင်းတိုင်လေးတစ်တိုင်သာလျှင် ချက်ချင်းငြိမ်းမသွားသေးပဲ ငြိမ်းလုငြိမ်းခင် တလှုပ်လှုပ် တနွဲ့နွဲ့ရှိနေလေ၏။

နောင်ချိုအပြေးအလွှား ထိုနေရာသို့သွားသည်။

လေတိုက်တာကို ကာကွယ်သလို ဖယောင်းတိုင်အား လက်ခုပ်ကလေးနှင့် ဘေးမှအုပ်ကာ ကာကွယ်၏။

သို့သော် မမီလိုက်တော့။

ဖယောင်းတိုင်မီးတောက်ကလေး သေသွားခဲ့လေပြီ။

ဧည့်ခန်းတစ်ခုလုံး မှောင်အတိကျသွားသည်နှင့်ပင်

ရင်ထဲအားငယ်ခြင်းတို့က လှိမ့်တက်လာလေတော့သည်။

ခုနကမှ ဘာပဲဖြစ်ဖြစ် ကိုယ့်ကိုယ်ကို အားတင်းထားနိုင်ခဲ့ချေသေးသည်။

"မီးခြစ် ခြစ်လေ၊ မြန်မြန်လုပ်စမ်းပါ"



ကြိုးကြာမေကို လှမ်းကာပြော၏။

ပြောသံကိုက ငိုသံတစ်ဝက်စွက်နေသည့်နှယ် ထင်ရလေသည်။

ကြိုးကြာမေကလည်း အလျှင်အမြန်ပင် မီးခြစ်ရှာပုံရပါသည်။

မမြင်သော်လည်း ကိုယ်လက်လှုပ်ရှားသံများကို ကြားရ၏။

"ဟာ သွားပြီ"

"ဘာ ဘာလို့လဲဟင်"

"မီးခြစ်လေ၊ ခုန နောက်ဘက်မှာသွားထွန်းတုန်းက ကျန်ခဲ့ပြီ၊ အဲဒါ ငါ့အစ်ကိုရဲ့ မီးခြစ်ကလေး"

ကြိုးကြာမေအစ်ကိုက ဆုံးသွားသည်မှာ ကြာပြီဖြစ်လေသည်။ သူမက အစ်ကိုဖြစ်သူကို အလွန်ချစ်၏။ ဒါဆို အဲဒီမီးခြစ်ကလေး ပျောက်သွားလို့ မဖြစ်ဘူးပေါ့။

"ငါ သွားယူပေးပါ့မယ်ဟာ"

"ဖြစ်ပါ့မလား ဟင်"

ဘာကြောင့် ထိုသို့မေးရကြောင်း နှစ်ယောက်လုံးက နားလည်နေကြသည်။ နောက်ဘက်နှင့်ဧည့်ခန်း မဝေးလှသော အကွာအလှမ်းဖြစ်သော်လည်း သွားရန်ခက်စရာအကြောင်းက ရှိနေသည်ကိုး။

"ရပါတယ်ဟာ"

ဆိုရိုးစကားပင် အရှိသားမဟုတ်လား။ မရဲသော်လည်း ပြေးခဲ့ဆတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့လည်း ခြေသံတရှပ်ရှပ်က ငြိမ်သွားပြန်လေပြီ။

ဖယောင်းတိုင်တွေ မီးခြစ်တွေကိစ္စနှင့် သူတို့ ရှုပ်နေကြသဖြင့် ဘယ်အချိန် ငြိမ်သွားမှန်းပင် မသိလိုက်တော့။

ခြေသံမထွက်လာတော့တာပဲလား?

အနားရောက်လာလို့များ ငြိမ်သွားတာပဲလား?

အနားမလှမ်းမကမ်းတွင် ရောက်နေပြီး သူတို့အား တစ်ခုခု အန္တရာယ်ပြုလိုက်မှဖြင့် ...

နောင်ချို့ ဆက်မတွေးရဲလေတော့။

"နှင်လည်း ဒီမှာမနေခဲ့နဲ့တော့၊ ငါနဲ့လိုက်ခဲ့"

ကြီးကြာမေတစ်ယောက်တည်း ရှေ့မှာ ထားခဲ့ဖို့လည်း စိတ်မချနိုင်သည်မို့ ခေါ်သွားလိုခြင်းဖြစ်လေသည်။ သူမကတော့ ကြောက်လို့ အပါခေါ်တယ်ဟု ထင်သွားလေမလား မသိ။

ခုလိုအချိန်မှာ ရေရေရာရာရှင်းပြနေဖို့ အချိန်မအား။

ကြီးကြာမေကလည်း နာခံစွာပင် အတူလိုက်လာပါလေသည်။

နောက်ဘက်သို့ ...

နှစ်ယောက်သား တရွေ့ရွေ့လာခဲ့ကြသည်။

တစ်လှမ်း၊

ပြီးတော့ နောက်တစ်လှမ်း။

နောက်ထပ်တစ်လှမ်း။



ညော်ခန်းမှ နောက်ဖေးသို့ခရီးမှာ ဝေးကွာလွန်းလှချေသည်။

ခြေတစ်လှမ်းပြီး နောက်တစ်လှမ်းရွှေ့ဖို့ကိုပင် အတော်ကြီး အားထုတ်နေရ၏။

ကိုယ့်အသက်ရှူသံကိုပင် ကိုယ်ကြားနေရသည်။

ဒါဟာ နောက်ဆုံးအသက်ရှူနေရခြင်းများ ဖြစ်လေမလား?

သေမင်းဆီသို့ ...

တရွေ့ရွေ့တိုးသွားနေသည့်ပမာ ခံစားနေရလေသည်။

နောက်ဘက်ရောက်လာသည့်အခါ အပျက်အစီးပုံဘက်ကို မကြည့်ရဲအောင်ဖြစ်နေရသည်။ ထိုအပုံထဲမှ တစ်စုံတစ်ရာပဲ ဖြုန်းကနဲ ထလာတော့မည့်ပမာ စိတ်ခြောက်ခြားမိ၏။

အရေးထဲ မီးခြစ်ကလည်း ရှာလို့မရအောင် ဖြစ်နေရလေသည်။

"နှင် ဘယ်မှာထားခဲ့မိတာတုန်း မှတ်မိလား"

"အဲဒီနားမှာပဲ ဖယောင်းတိုင်ထွန်းထားတဲ့ဆီမှာ စင့်ကလေးရှိတယ်၊ အဲဒီစင့်ကလေးမှာ ထားခဲ့တာ"

စိတ်စောနေသည်မို့ အမှားမှားအယွင်းယွင်းဖြစ်နေရပါလေသည်။

အတော်လေးကြာမှမှ ရှာလို့တွေ့၏။

"ရော့ ဒီမှာမဟုတ်လား၊ နှင့်မီးခြစ်"

လိုချင်တာကို ရှာတွေ့ပြီးချင်းမှာပဲ သူတို့ ဒီနေရာက အမြန်ဆုံး ထွက်ရအောင်ပြင်၏။

www.burmeseclassic.com

www.burmeseclassic.com

နားက ခုမှ ရဲရဲတင်းတင်းစွင့်မိသည်။

ခြေသံတရှပ်ရှပ်ကို ထပ်မကြားရ။

တော်သေးတာပေါ့၊ ဘာမှ မဖြစ်လိုက်လို့။

သက်ပြင်းတစ်ချက်ချပြီး ကြိုးကြာမေကို ခေါ်ရ၏။

"လာဟာ ပြန်ကြရအောင်"

ထိုစဉ်မှာပင် …

လုံးဝမထင်မှတ်သော ကိစ္စတစ်ခုသည် ပေါ်ပေါက်လာခဲ့လေတော့၏။

နောင်ချို့ပခုံးပေါ်သို့ လက်တစ်ဘက်ကျရောက်လာခြင်းပင်တည်း။

လက်က ပျော့စိစိ အေးအေးကြီး။

ပခုံးပေါ် ထိတွေ့လိုက်သည်ကပင် ဘယ်လိုကြီးခံစားလိုက်ရမှန်းမသိ။

ဆတ်ကနဲ တုန်သွားသည်။

အလိုလျောက်သိစိတ်က ချက်ချင်းလှုံ့ဆော်၏။

"ပြေး ကြိုးကြာမေရေ၊ အပြင်ကို အမြန်ဆုံးရောက်အောင်ပြေး"

ပြောလည်း ပြော။ ကိုယ်တိုင်လည်း ပြေးလေတော့၏။

ဘာဆိုဘာမှ မစဉ်းစားနိုင်တော့။

နောက်ကိုလည်း လှည့်မကြည့်ဝံ့တော့။

●



အိမ်ပြင်အတော်ဝေးဝေးရောက်လေမှ

အမောဖြေကြရင်း

စကားပြောနိုင်ကြလေတော့၏။

နောင်ချိုကြ ကြိုးကြာမေကို တောင်းပန်သည်။

"နောက်ကို ဒီလိုနေရာတွေ မလာပါနဲ့တော့ဟယ်"

"အေးပါ ဒီလိုပိတ်လှောင်နေတဲ့နေရာတွေ ဘယ်တော့မှ မသွားတော့ပါဘူး"

ပိတ်မလှောင်ထားလျှင်တော့ သွားရဦးမည်ဆိုသောသဘော။

ခေါင်းမာလွန်းသောကောင်မလေးကို စိတ်ပျက်လက်ပျက်စိုက်ကြည့်ရင်း နောင်ချို ဘာမှပင် မပြောချင်လေတော့။

ယခုမှ ကြိုးကြာမေကို မေးကြည့်မိသည်။

"အထဲမှာတုန်းက ငါ့ပခုံးကို နင်ကိုင်လိုက်သေးလား ဟင်"

ကြိုးကြာမေအသွင်က ဝေခွဲမရဟန်။

"ဘာလို့မေးတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



“ငါမေးတာသာ ဖြေစမ်းပါ”

“မသိဘူးလေ၊ ငါလည်း အရမ်းလန့်နေတော့၊ ဘာလုပ်လို့လုပ်မိမှန်းတောင်မသိတော့ပါဘူး ဟယ်”

ဖြေပုံကို နောင်ချို မကျေလည်နိုင်ပါ။

တစ်ခုခု ဖုံးကွယ်ထားသလိုပါပဲ။

ကြိုးကြာမေလက်ကို ယူဆွဲကိုင်ကြည့်လိုက်မိ၏။ ဒီလောက်မအေးဘူးဟုတော့ ထင်တာပါပဲ။ ခုနက အရမ်းတုန်လှုပ်နေလို့ ထိုကဲ့သို့ ထင်မိတာလား မပြောတတ်ပါချေ။

မြင်သာသော ထူးခြားတာတစ်ခုကတော့ ရှိပါလေသည်။

အိမ်ပြင်ရောက်လာသည်နှင့် အစောပိုင်းက ဖွင့်ရခက်နေသော ပုရပိုဒ်၏ ဒုတိယအလွှာက လွယ်ကူစွာ ဖွင့်လို့ရလာခြင်းပင်တည်း။

BURMESE CLASSIC .com



## ဒုတိယပုရပိုဒ်ဝါ တွက်နည်းအဆင့်

[illegible]မ်ခါမှာတော့ ဖူးစာရှင်ရဲ့ရုပ်ပုံလွှာ ခေါင်းပိုင်းကို ရေးဆွဲဖော်ထုတ်ဖို့ဖြစ်ပါ[illegible]ယ်။ အဲ့ဒါကို တွက်ချက်ဖို့ရာအတွက် ...

က) မိမိငယ်နာမည်စာလုံးတွေရဲ့ ကိုယ်စားပြုဂဏန်းအားလုံးပေါင်းခြင်း၊

ခ) မိမိရဲ့ နှလုံးသားနံပါတ်၊

ဂ) မိမိနှလုံးလမ်းကြောင်းရဲ့ အရှည်၊

...တို့ပါပဲ။

[illegible] နဲ့ ဂ) တို့ဟာ ရှေ့ပိုင်းမှာတုန်းကပါတဲ့ တွက်နည်းနဲ့ အတူတူပါပဲ။

(တမျက်နှာ ၆၇ နှင့် ၆၈ကို ကြည့်ပါ)

[illegible] အတွက် တစ်ခုတည်းကွာခြားသွားတာကတော့ ရှေ့တုန်းကလို နာမည်စာလုံးရဲ့ [illegible]ဏန်းတွေပေါင်းရမှာ မဟုတ်ဘဲ ‘ငယ်နာမည်’ စာလုံးတွေရဲ့ ဂဏန်းတွေ ပေါင်း[illegible] ဖြစ်ပါတယ်။

တစ်ချို့လည်း ငယ်နာမည်မရှိတတ်ကြပါဘူး။

တကယ်တော့ ငယ်နာမည်ဆိုတာ လူအများစုကိုယ့်ကို အရှားဆွတ်ခေါ်လေ့[illegible] နာမည်မျိုးကို ခေါ်တာဖြစ်တယ်။

တစ်နည်းပြောရရင် ငယ်နာမည်ထက် အများသုံးနာမည်ဆိုတဲ့ စကားက [illegible]ကျလိမ့်မလားပဲ။

www.burmeseclassic.com

www.burmeseclassic.com


ဒါဟာ ကိုယ့်ကိုယ်ကို ပေးတာထက် အများက ကိုယ့်ကို ကင်ပွန်းတပ်ပေး တဲ့အနွတ္တသဘော ဖြစ်နေတတ်တယ်။

ဝင်းလွင်ဦးကို 'ဝင်းဝင်း' ခေါ်ကြတာမျိုး။

စန်းမွန်အောင်ကို 'စန်းစန်း' ခေါ်ကြတာမျိုးပေါ့။

တစ်ချို့လည်း နာမည်ရင်းနဲ့ ဘာမှ မဆိုင်တဲ့ ငယ်နာမည်တွေ ရှိတတ်ကြ တယ်။ ဖက်ကြီး၊ ကုလားမ၊ ဖိုးသား၊ သားကြီး စသဖြင့်ပေါ့။

(တရေးသူရဲ့ ကလောင်အမည်ဟာ ဒဿကျော်စွာပေမယ့် အများက ကိုကျော်စွာလို့ ခေါ်ကြတယ်။ ဒါကြောင့် ဒီနေရာမှာ တရေးသူသာတွက်ရင် ကိုကျော်စွာဆိုတဲ့ နာမည်တလုံးပေါင်းနဲ့ တွက်ရပါလိမ့်မယ်။)

လုံးဝအများသွတ်အခေါ်မခံရပဲ နာမည်အရင်းအတိုင်းကြီး အခေါ် အခေါ်ခံရရင်တော့လည်း နာမည်အရင်းအတိုင်းပဲ တွက်ရမှာပေါ့။

ဒီလို ငယ်နာမည်တွေကို အင်္ဂလိပ်လို စာလုံးဘယ်လို ပေါင်းမလဲဆိုတာ ကိုယ်ပေါင်းချင်သလို ပေါင်းပါ။ ကိုယ်ကြုံရမယ့် ကိုယ့်ကံကြမ္မာဟာ ကိုယ်ရွေးချယ် တဲ့အတိုင်း ဖြစ်ရမှာပါ။

နာမည်ပါ စာလုံးတွေအလိုက် ဂဏန်းတွေကိုတော့ ရှေ့တွက်နည်းတွေမှာ ဖော်ပြခဲ့ပြီးပါပြီ။

ပြီးတော့ က) ခ) ဂ) ရလာတဲ့ ဂဏန်းသုံးခုကို တစ်လုံးတည်းဖြစ် အောင် တစ်ခါထပ်ပေါင်းရမယ်။

ပြီးရင် ၃ နဲ့ပဲ စားရမယ်။

ရလာတဲ့ အကြွင်းကပဲ လိုအပ်တဲ့ နောက်ဆုံးဂဏန်းပါပဲ။

(ဒါပေမယ့် ရှေ့တုန်းကတွက်နည်းနဲ့ တစ်ခုကွာခြားသွ...ပြန်တာက ဒီနေရာမှာ အကြွင်းဝကို သုညလို့ပဲ ယူရမှာဖြစ်တာပါပဲ။)

– နောက်ဆုံးရလာတဲ့ ဂဏန်းဟာ

– ကျူးပစ်မျဉ်းနဲ့ အသည်းနှလုံးပုံရဲ့ ထိပ်အလယ်ခေါင်တည့်တည့်က အချိုင့်ကလေး ထိစပ်နေရာမှာ

– နဂိုက မှတ်ထားတဲ့ အမှတ်ကလေးရဲ့အပေါ်မှာ ပေါင်းပြီးမှတ်ရိုးပါပဲ။

ဥပမာ အကြွင်း၂ဆိုရင် နဂိုအမှတ်အထက် ၂မိတ်ကွာတဲ့နေရာမှာ အမှတ် အသားလုပ်ရမယ်ပေါ့။

အကြွင်း သုညဆိုရင်တော့ နဂို အမှတ်အသားနေရာအတိုင်းမှာ မှတ်ရမှာ ပါ။

ပြီးတော့ ...

အခုမှတ်တဲ့ အမှတ်အသားသစ်ကနေ

အသည်းနှလုံးပုံသေးနေရာ တစ်ဘက်တစ်ချက်ကို မျဉ်းကွေးပြေပြေလေး ဆွဲလိုက်မယ်။ ဒါဟာ ဗူးစာရှင်ရဲ့ ဦးခေါင်းပုံဖော်ထုတ်တာပါပဲ။


မြင်သာသွားအောင် နမူနာ ပုံတွေ ဆွဲပြပါ့မယ်။

နမူနာပုံအသီးသီးမှာ တစ်ပါတည်း အချောပုံတွေပါ ဆွဲပြထားတယ်။

www.burmeseclassic.com


www.burmeseclassic.com






← အကြွင်း၀အတွက် နမူနာပုံ

**အကြွင်း ၀ ပုံအား အချောဆွဲထားသည့်ပုံ** ↓








← အကြွင်း၁အတွက် နမူနာပုံ


**အကြွင်း ၁ ပုံအား အချောဆွဲထားသည့်ပုံ** ↓



www.burmeseclassic.com


www.burmeseclassic.com





← အကြွင်း၂အတွက် နမူနာပုံ

အကြွင်း ၂ ပုံအား အချောဆွဲထားသည့်ပုံ ↓



BURMESE CLASSIC .com

လောလောလတ်လတ် မီးသဂြိုဟ်ထားတဲ့ မီးသွေးတစ်ခဲကိုယူ

တတိယပုဂ္ဂိုလ်ပေါ်မှာ ပွတ်လိုက်။

ဒါဆို ဖတ်လို့ရပြီ။

www.burmeseclassic.com

www.burmeseclassic.com



လောလောလတ်လတ်မီးသဂြိုဟ်ထားသော မီးသွေးတစ်ခဲကို ယူရတာကတော့ သိပ်မခက်ခဲလှပါ။ မီးသဂြိုဟ်စက်မှ အစောင့်ကုလားကလေးကို လက်ဘက်ရည်ဖိုးပေးပြီး ယူလာခဲ့လိုက်တာပါပဲ။

ထိုမီးသွေးခဲနှင့် ပုရပိုဒ်ကို ပွတ်ခြစ်လိုက်တော့ စာလုံးတွေပေါ်လာသည်။ နောင်ချိုကတော့ ထုံးစံအတိုင်း …

"အလကားပါ၊ နဂိုထဲက ပုရပိုဒ်ပေါ်မှာစာတွေက ရှိနေပြီးသားပဲ၊ မှိန်နေလို့ မမြင်ရတာ၊ မီးသွေးခဲနဲ့ ပွတ်လိုက်တော့ ပေါ်လာတာပေါ့"

ဟု ဝေဖန်ဖြစ်သည်။ ကြီးကြာမေက ပြုံးပြုံးလေးသာ ပြန်ကြည့်ပြီး ဘာမှ ပြန်မပြော။ အဆင့်ဆင့် အောင်မြင်သွားပြန်ပြီ မဟုတ်လား။ ပန်းတိုင်နှင့် တစ်စစနီးကပ်လာချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သင်္ဂြိုဟ်စက်မှ ယူလာသော မီးသွေးခဲလေးကို လမ်းထိပ်ဘက်က အမှိုက်ပုံမှာ သွားလွှင့်ပစ်ခဲ့၏။ သူတို့ကတော့ ရိုးရိုးပင် မလိုအပ်တော့သောပစ္စည်းတစ်ခုကို စွန့်ပစ်လိုက်တာပါပဲ။

ထိုမှ အကျိုးဆက်အဖြစ် မသက်ဆိုင်သူတစ်ယောက် ဒုက္ခတွေ့သွားလိမ့်မည်ကိုတော့ ကြိုတင်မမြင်နိုင်ခဲ့ကြပါ။

မီးသွေးခဲ သွားလွှင့်ပစ်သော အမှိုက်ပုံအနီးတွင် တဲအိမ်ကလေးတစ်အိမ်ရှိ၏။ ဆင်းရဲသောကြောင့် ဝင်းကလေးဘာလေးပင် ကာရံထားနိုင်ခြင်းမရှိ။ ဒီတော့ ထိုတဲအိမ်ကလေးက သူတို့လွှင့်ပစ်ရာ အမှိုက်ပုံနှင့်မြေတစ်ဆက်တည်းလိုဖြစ်နေတော့တာပေါ့။

နောင်ချိုက သင်္ဂြိုဟ်စက်မှမီးသွေးခဲကို လွှင့်ပစ်စဉ်ကပင် ...

ဒီတဲနှယ် အမှိုက်ပုံနဲ့ ဒီလောက်နီးနီးမှာနေတာ အန္တရာယ်တွေမရှာလား၊ မသိဘူးဟုပင် တွေးမိသေးခဲ့လေသည်။



နောက်နေ့မနက်မှာ သတင်းစကားတစ်ခုရောက်လာတော့ သူတို့တော်ထဲ ဘာသိဘာသာပါပဲ။

"အမှိုက်ပုံနား တဲကလေးကလူကြီး သေသွားပြီ"

ဆိုတော့ သိပ်ထူးဆန်းတယ် မထင်မိခဲ့။

နောက်မှ စကားတွေက ပိုမိုစုံလင်လာသည်။

သေပုံက ဆန်းတယ်တဲ့။

ကိုယ့်လည်ပင်းကိုယ်ညှစ်ကိုင်ပြီး မျက်လုံးကြီးပြူးထွက်သေနေဆိုတော့ သွေးရိုးသားရိုးမဟုတ်ဘူးဟု သဘောရကြလေသည်။

ထိုလူကြီးက သန်သန်မာမာကြီးဆိုတော့ ရောဂါကြီးကြီးမားမားရှိနေလောက်စရာမမြင်။ အရက်ကလေးဘာလေး နည်းနည်းပါးသောက်တတ်သော်လည်း တကယ့်ယစ်ထုတ်ကြီးမျိုး မဟုတ်။

ပြောဖန်များလာတော့ နောင်ချိုနှင့် ကြိုးကြာမေမှာ စိတ်ဝင်စားသည်။ အရပ်ထဲမှာကလည်း ယုံထင်ကြောင်ထင်ကောလဟာလနှင့် အတော်ကြောက်လန့်နေကြပြီ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး

မတတ်သာတော့သည်နှင့် နောင်ချို့အား ကြိုးကြာမေက ပြော ဖြစ်လေသည်။

"ငါတို့သွားကြည့်ရအောင် ဟယ်၊ ဟိုအိမ်ကို"

အပြည့်အစုံမပြောသော်ညား ဘယ်ကိုလဲဆိုတာ နှစ်ယောက်လုံး က သိနေကြပါသည်။

"အို ငါတို့နဲ့တော့ ဆိုင်လိမ့်မယ် မထင်ပါဘူးဟာ၊ အနေသာ ကြီးပါ"

သို့သော်

တကဲတမ်း တဲကလေးဆီရောက်သွားပြီးချိန်မှာတော့ ထိုစကား ကို နောင်ချိုကိုယ်တိုင်ပင် အပြည့်အဝ မယုံကြည်နိုင်တော့ပါ။

●



အလောင်းယူသွားပြီမို့ တဲအိမ်ကလေးတွေတွင် အ[illegible] မိသားစုသာရှိနေကြပါသည်။

ကျန်ရစ်ခဲ့တာက ဇနီးလုပ်သူရယ်၊ လူမမယ်သားငယ်ကလေး ရယ်ပါပဲ။ သူတို့တွေက အခင်းဖြစ်သောနေ့တွင် တခြားကိုသွားနေကြ တာတဲ့။

ထိုညက ထိုအိမ်မှာ သေသူတစ်ယောက်တည်း ရှိနေသည်ပေါ့။

အိမ်နီးပါးချင်းများက …

တအစ်အစ်နှင့် ထူးဆန်းသော အော်သံကြီးကို

ဟိုညက တစ်ညလုံး ကြားခဲ့ရသည်တဲ့။

လည့်ပင်းအစ်နေတဲ့အသံမျိုးပဲဟု ပြောကြသဖြင့် စိတ်အရမ်းဝင် [illegible] သွားမိသော်လည်း ပူဆွေးနေသူများရှေ့တွင်မို့ ခြေခြေမြစ်မြစ် မေးသာခဲ့ပါ။

ထိုအိမ်မှ ပြန်အထွက်မှာတော့ …

ဘာရယ်မဟုတ်ဘဲ

နောင်ချိုတစ်ယောက် တဲအိမ်ကလေးဘေးဘက်ကို အကြည့် ရောက်သွားခဲ့လေ၏။

ခေါင်းနပမ်းတွေ ချက်ချင်းကြီးပြီး အရမ်းလန့်သွားရသည်။

ကြိုးကြာမေကိုပင် မပြဝံ့တော့။

●

www.burmeseclassic.com

www.burmeseclassic.com



မြင်ရသည်က

ဘာမျှမဟုတ်သော်လည်း

သူတို့အတွက်တော့ အရမ်းတိုက်ဆိုင် ကြောက်မက်ဖွယ်ကော
နေပါသည်။

●

တဲအိမ်ကလေးနံဘေး ထရံတွင် ...

မီးသွေးခဲများဖြင့်

ရုပ်ပွနေအောင် လျှောက်ခြစ်ထားသောအရာများ။

ထိုမှအောက်ဘက်မြေပြင်တွင် မီးသွေးခဲလေးတစ်ခုကျနေသ
ကို အဝေးကပင် မြင်သာပါသည်။

သူတို့တွေ မီးသဂြိုဟ်စက်မှ ယူလာသော မီးသွေးခဲဖြစ်မည်
နှောင်ချိုတစ်ထစ်ချ ယုံလိုက်မိ၏။

ဘာလို့များအမှိုက်ပုံထဲ ပစ်ထည့်ခဲ့သော မီးသွေးခဲက ထိုေ
ရောက်နေရတာလဲ?

အိမ်ဘေးထရံပေါ်မှာ ဘာလို့ဒီလောက်ရုပ်ပွအောင် ခြစ်ထ
တာလဲ? ဘယ်သူလုပ်တာလဲ?

ဤတဲအိမ်ထဲတွင် ထိုညက ဘာတွေဖြစ်သွားခဲ့တာလဲ?

ရုပ်ပျက်ဆင်းပျက် သေဆုံးသွားရှာပြီဖြစ်သော ကာယကံရှင်



၍ ဘယ်သူမှ တိတိကျကျဖြေရှင်းနိုင်လိမ့်မည် မဟုတ်ပါ။

နှောင်ချိုတို့အတွက်တော့

ယင်းမှာ

ဘဝတစ်သက်တာလုံး စိတ်အတွေးတို့အား ခြောက်လှန့်သွားတော့မည့် အဖြေမဲ့ပုစ္ဆာတစ်ရပ်ပင် ဖြစ်ပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## တတိယဝုရဝုဒ်ဝါ တွက်နည်းအဆင့်

ဒီနောက်ပိုင်းကစပြီး ကိုယ်တိုင်ရေးဆွဲရတာမျိုးထက် သက်ဆိုင်တဲ့ ပုံ[ကို] ရွေးချယ်ရတာမျိုးတွေလာပါပြီ။

တွက်ချက်ရတာတွေတော့ အစဉ်အလာအတိုင်းရှိတာပေါ့။

ရှေ့ပိုင်းတွက်ချက်မှုတွေအရ မေးရိုးပုံစံနဲ့ ဦးခေါင်းပုံစံကို တည်ဆောက် ပြီးပါပြီ။ အခုက ဗူးစာဘက်ရဲ့ နှာခေါင်းပုံစံဘယ်လိုရှိမလဲဆိုတာ တွက်ချက်ကြ[ည့်] မှာပါ။

ဗူးစာရှင်ရဲ့ ရုပ်ပုံလွှာကို တွက်ချက်ဖော်ထုတ်ရာမှာ အဓိကအားဖြင့်တော့ ရုပ်ရည်သွင်ပြင်ဘယ်လိုရှိမလဲဆိုတဲ့ မိမိဗူးစာရှင်ဖြစ်လာမယ့်သူရဲ့ မျက်နှာကို ဖော် ထုတ်ကြည့်တာပဲ ဖြစ်ပါတယ်။

ဒီလို ဗူးစာရှင်ရဲ့မျက်နှာကို တွက်ချက်ကြည့်ဖို့အတွက် ဒီပညာရပ်မှာ မျက်နှာပြင်ပါ အစိတ်အပိုင်းတစ်ခုစီကို တစ်ခုချင်းတည်ဆောက်တွက်ချက်တဲ့နည်း နဲ့ ဖော်ထုတ်ပြထားပါတယ်။

ဒါကြောင့်အခု ဗူးစာရှင်ရဲ့ နှာခေါင်းပုံ ဘယ်လိုရှိမလဲဆိုတာ ဖော်ထုတ် ကြည့်မှာပါ။

ဒါကိုတွက်ဖို့အတွက် မိမိဟာ

- ဘာရာသီဖွားလဲ
- ဘာနေ့သားလဲ



ဆိုတဲ့နှစ်ချက် သိဖို့နဲ့ ရပါတယ်။

ရာသီဖွားဆိုတာက မိန်ရာသီဖွား၊ သိဟ်ရာသီဖွား ... စသဖြင့် ၁၂ ရာသီ [ဖွ]ားကို ပြောတာပါ။

ကိုယ်ဘာနေ့မွေးသလဲဆိုတာတော့ အားလုံးသိကြမှာပါလိမ့်မယ်။

အဲဒီနှစ်ချက်ကို မူတည်ပြီး တစ်ဘက်စာမျက်နှာမှာပြထားတဲ့ ဇယားကို [ကြ]ည့်ပါ။

ဇယားရဲ့ ...

ထောင်လိုက် ခေါင်းစဉ်းဟာ ရာသီဖွားတွေဖြစ်ပြီး

အလျားလိုက် ခေါင်းစဉ်းဟာ နေ့နံဖြစ်ပါတယ်။

ဇယားကွက်ထဲက ကိုယ့်ရာသီဖွားနဲ့ ကိုယ့်နေ့နံဆုံတဲ့ နေရာမှာရှာကြည့်ရင် [န]ံပြင်နံပါတ်ရပါလိမ့်မယ်။ အဲဒီနံပါတ်ဟာ ဗူးစာဘက်ရဲ့ နှာခေါင်းပုံစံရှာရမယ့် [နံပ]ါတ်ပါပဲ။

ဂဏန်းတွေအလိုက် သက်ဆိုင်ရာ ဗူးစာရှင်နှာခေါင်းပုံစံတွေကိုတော့ [နော]က်ဘက် နှစ်မျက်နှာကျော်မှာ ဖော်ပြပေးထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



| | နွေ | လာ | ဂါ | ဟူး | ကြာ | သော | နေ |
|---|---|---|---|---|---|---|---|
| မိဿ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ပြိဿ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| မေထုန် | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| ကရကဋ် | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| သိဟ် | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ကန် | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| တူ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁ |
| ဗြိစ္ဆာ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁ | ၂ |
| ဓနု | ၉ | ၁၀ | ၁၁ | ၁၂ | ၁ | ၁ | ၂ |
| မကာရ | ၁၀ | ၁၁ | ၁၂ | ၁ | ၇ | ၁ | ၂ |
| ကုံ | ၁၁ | ၁၂ | ၁ | ၆ | ၇ | ၁ | ၂ |
| မိန် | ၁၂ | ၁ | ၂ | ၆ | ၇ | ၁ | ၂ |

ဥပမာ ကိုယ်က ကန်ရာသီဖွား တနင်္လာသားဆိုပါတော့။

ထောင်လိုက်က ရာသီဖွားခေါင်းစဉ်တွေမှာ ကန်ရာသီဖွားနေရာကို ဒ… ပြီးတော့ အလျားလိုက်က တနင်္လာ ဆိုတဲ့နေရာတည့်တည့်နဲ့ တန်းနေတဲ့ ဒ… ကြည့်ရင် နံပါတ် 'ဂု' ကို တွေ့ပါလိမ့်မယ်။



အဲဒီနံပါတ်ဟာ ကိုယ့်ဖူးစာရှင်ရဲ့ နှာခေါင်းသွင်ပြင် တည်ဆောက်ရမယ့် အဖြေနံပါတ်ပါပဲ။

ဒီနံပါတ်နဲ့ သက်ဆိုင်တဲ့ ပုံစံကို နောက်ဘက်က စာမျက်နှာတွေမှာရှာပါ။ ပြီးတော့ ရှေ့ပိုင်းတုန်းက တည်ဆောက်ထားပြီးဖြစ်တဲ့ (မေးရိုးပုံနဲ့ ဦးခေါင်းပုံရှုပြီးဖြစ်တဲ့) မိမိဖူးစာရှင်ရဲ့ မျက်နှာပုံထဲမှာ အဲဒီသက်ဆိုင်ရာနှာခေါင်းပုံကို ထည့်ရမှာဖြစ်ပါတယ်။

(ပိုပြီးရှင်းသွားရအောင် စာအုပ်နောက်ဆုံးပိုင်းမှာလည်း ထပ်ပြီး နမူနာပြ ရှင်းထားပါသေးတယ်)


www.burmeseclassic.com

www.burmeseclassic.com


နှာခေါင်းပုံ နံပါတ် ၁



နှာခေါင်းပုံ နံပါတ် ၂




နှာခေါင်းပုံ နံပါတ် ၃






နှာခေါင်းပုံ နံပါတ် ၄




နှာခေါင်းပုံ နံပါတ် ၅





နှာခေါင်းပုံ နံပါတ် ၆



www.burmeseclassic.com


နှာခေါင်းပုံ နံပါတ် ၇


နှာခေါင်းပုံ နံပါတ် ၈


နှာခေါင်းပုံ နံပါတ် ၉




နှာခေါင်းပုံ နံပါတ် ၁၀


နှာခေါင်းပုံ နံပါတ် ၁၁


နှာခေါင်းပုံ နံပါတ် ၁၂

www.burmeseclassic.com

www.burmeseclassic.com


စတုတ္ထပုရပိုဒ်ဟာ မပြည့်ခဲ့ဘူး။

သူ့ကိုဖတ်နိုင်ဖို့ သချိုင်းမှာ အခေါင်းတစ်ခုရှိတယ်၊

အဲဒီအခေါင်းက အင်မတန်ဆန်းတယ်၊

တချို့အချိန်မှာ အထဲကအလောင်းပျောက်သွားတတ်တယ်တဲ့

သုဘရာဇာကြီးက မယုံလို့ တူးပြီးဖွင့်ကြည့်တယ်။

အထဲမှာ ဘာမှ မရှိဘူး။ နဂိုထဲက အလောင်းမရှိတာပဲလား?

ဒါပေမဲ့ တစ်ချိန်မှာ အလောင်းပြန်ရောက်လာမယ်လို့

တချို့ကဆိုတယ်။

အဲဒီအခေါင်းအတွင်းဘက်မှာ ပုရပိုဒ်ရဲ့ လိုတဲ့စာတွေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မျက်စိရှေ့တွင် မြင်တွေ့နေရသော အခေါင်းကြီးကို ကြည့်ကာ ချောင်ချို့မှာ တုန်လှုပ်ခြင်းကြီးစွာ ဖြစ်နေမိလေသည်။

"မသတိစရာကောင်းလိုက်တာဟာ"

နှုတ်ကဖွင့်က ငြီးငြူမိတော့ ကြိုးကြာမေက ပြုံးသည်။

"ဒီလိုပဲပေါ့ဟယ်၊ နင်ကလည်း ခံစားမနေစမ်းပါနဲ့ ကိုယ်လုပ်စရာရှိတာ မြန်မြန်လုပ်ရအောင်"

ကြိုးကြာမေကို စိတ်ပျက်လက်ပျက်ဟန်ဖြင့် ကြည့်လိုက်မိသည်။

"နင် ... ဒီလို အရူးထတာတွေ ဘယ်တော့မှ ပြီးတော့မှာလဲ ကြိုးကြာမေရယ်၊ နင့်မို့လို့သာပဲ ..."

စကားကို တစ်ပိုင်းတစ်စနှင့် ရပ်တန့်ထားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြိုးကြာမေက သူနဲ့ ပခုံးချင်းခပ်ဖွဖွတိုက်လိုက်ရင်း ...

"အေးပါ၊ ငါစိတ်ရှုပ်ပေါက်သမျှကို နင်က ငါ့မို့လို့ လိုက်ကူပေးနေမှန်းနားလည်ပါတယ်၊ ဒါကြောင့်လည်း ငါ့အချစ်ဆုံးသူငယ်ချင်းကြီးကို ငါက သိပ်ချစ်နေရတာပေါ့"

သူငယ်ချင်းတဲ့လားကွယ်။ ဘာပဲဖြစ်ဖြစ် ငါက နင့်ကို မြတ်နိုးဖို့ လူဖြစ်လာခဲ့ရတဲ့ကောင်လို့ပဲ မှတ်လိုက်ပါ။

"ကဲ ခုဘာလုပ်မှာလဲ ဒီအခေါင်းကို ဖွင့်ကြရမှာလား"

"အေးလေ၊ ဟော့ဒီပုရပိုဒ်ထဲမှာ လိုနေတဲ့စာကြောင်းတွေကို အခေါင်းအလယ်ပျဉ်ချပ်မှာရေးထားမယ်လို့ ပြောတာပဲ"

"ဟို အဘိုးကြီးကလည်း ပေါက်ပေါက်ရှာရှာ ဒီအခေါင်းထဲမှ စာတွေလာရေးရတယ်လို့"

"သူရေးတာ မဟုတ်ဘူးဟဲ့"

"ဒါဆို ဘယ်သူရေးတာတုန်း"

"ငါက ဘယ်သိမှာလဲ၊ ကဲပါ ဖွင့်မှာသာ ဖွင့်စမ်းပါ"

ဖြည်းညင်းစွာပင်အခေါင်းဖုံးကို တွန်းဖွင့်သည်။

အထဲမှာ ဘာမှရှိမနေဘူးဟု သိထားလျက်က တုန်လှုပ်ချင်နေမိသေးသည်။ အခေါင်းပွင့်သွားလေသောအခါ ...

မြင်လိုက်ရသော မြင်ကွင်းကြောင့် အံ့သြထူးဆန်းကာ အနည်းငယ်လည်း လန့်သွားရလေတော့သည်။



"ပုရွက်ဆိတ်တွေ အုံနေတာပါလား"

ပုရွက်ဆိတ်တွေ အတော့်ကို များပါသည်။

သို့သော် ရိုးရိုးအုံနေပုံမျိုး မဟုတ်။

လူတစ်ယောက်လဲလျောင်းနေသလို ကောက်ကြောင်းအတိုင်း ပတ်ပတ်လည် အုံနေကြခြင်းဖြစ်သည်။

မမြင်ရသော တစ်စုံတစ်ရာခံနေလို့ ဘေးပတ်ပတ်လည်မှသာ ဝိုင်းအုံနေရသလိုမျိုး။ ဒီကောက်ကြောင်းပုံကို ကြည့်ရသလောက် မမြင်ရသော တစ်စုံတစ်ရာမှာ ဘာများဖြစ်လိမ့်မလဲ?

မြင်နေကျ ပုရွက်ဆိတ်မျိုးတွေလည်း မဟုတ်။

အမည်းရောင် ခပ်တုတ်တုတ်ကြီးတွေ။ ကြည့်ရတာ ပင့်ကူပေါက်စကလေးတွေနှင့်ပင် တူနေသေးတော့သည်။

အနက်ရောင်ပင့်ကူတွေ အများကြီး ဝိုင်းအုံနေကြပုံမျိုးပေါ့။

ကြိုးကြာမေက အခေါင်းအလယ်တည့်တည့်မှ ပျဉ်ချပ်ကို သေချာငုံ့ကြည့်သည်။

"ဟော ဟော့ဒီမှာ တွေ့ပြီ"

ဟုတ်ပါသည်။ အခေါင်းအလယ်တွင် စာကြောင်းကလေးတွေ အထင်းသားရှိနေလေ၏။

သူမလက်က ပုရပိုဒ်ကို ဖြန့်ကြည့်သည်။

ပြီးတော့ အားရဝမ်းသာ လိုသောစာကြောင်းများကို ကူးယူနေ

www.burmeseclassic.com

www.burmeseclassic.com

လေတော့၏။

နောင်ချိုက ပခုံးတွန့်လိုက်သည်။

ဒီတစ်ခါတော့ အဆင်ချောပေသားပဲ။

ကြိုးကြာမေ ကူးနေသည်ကို ခဏစောင့်ကြည့်နေပြီးမှ အနား ထရပ်ကာ ခွာလာခဲ့လေသည်။ စိတ်ထဲမှာတော့ သက်ပြင်းရဲရဲမချ သေး။ ဒီကိစ္စကြီးကိုလုပ်ရသည်မှာ အချိန်မရွေး ထဖောက်နိုင် ယခင်အတွေ့အကြုံများအရ သိထားပြီး မဟုတ်လား။

လျှပ်စစ်မီးအလင်းရောင်ဖြင့် အပြင်ဘက်တွင်လင်းချင်းနေ လည်း ပြင်ပတွင် မိုးအုံ့ကာ မှောင်မိုက်၍နေသည်။

သုဘရာဇာကြီး၏ အိမ်ကလေးတွင် သူတို့ရောက်ရှိနေကြ ဖြစ်လေ၏။

ဟိုထူးဆန်းသောအခေါင်းကလေးကို ကြည့်ပါရစေဆို သုဘရာဇာကြီးက ရှောရှောရှူရှူပင်ခွင့်ပြုလေ၏။ ထွေလီကာလီ မမေး။ လုပ်စရာရှိသေးသည်ဟုပင် သူတို့ကို အိမ်ကလေးမှာ ထားခဲ့ သင်္ချိုင်းဘက်ထွက်သွားလေသည်။

ဒီအိမ်က သင်္ချိုင်းနှင့်မလှမ်းမကမ်းလေးမှာတင် ရှိတာမဟု လား။

အပြင်ဘက်ရောက်လာသောအခါ နောင်ချို ဟိုဟိုဒီဒီငေးမိ သင်္ချိုင်းဘက် ငေးမိရက်သားဖြစ်နေလေသည်။



မိုးစက်ပေါက်တွေက သင်္ချိုင်းအုပ်ဂူများပေါ် တဖြောက်ဖြောက် ကျရောက်လျက်။

အုပ်ဂူတွေရဲ့အောက်မှာ လဲလျောင်းနေကြပြီဖြစ်သူတွေကို ငြိမ်း ချမ်းစွာ နေကြပြီလို့ ပြောကြတာပဲ။ ခုလို ရာသီဥတုဆိုးဆိုးကြီးမှာ ခြောက်ပေသာသာလောက် ဂူလေးမှာနေရတာ ငြိမ်းချမ်းတယ်လို့ ခေါ် နိုင်ပါ့မလား။

ဘာလို့ကော လဲလျောင်းသွားပြီ၊ အိပ်ပျော်သွားပြီဆိုတဲ့သဘောနဲ့ သေဆုံးခြင်းကို တင်စားသုံးနှုန်းကြတာပါလိမ့်။

လဲလျောင်းနေရင် ပြန်ထလာလို့ ရတာပဲ။

အိပ်ပျော်နေရင်ရော ဘယ်ခါပြန်နိုးလာမှာလဲ?

တောင်တွေးမြောက်တွေးလျှောက်တွေးရင်း ကြောက်လန့်စရာ စိတ်ကူးများနှင့် မွန်းကျပ်လာသည်မို့ သင်္ချိုင်းဘက်မှ အကြည့်ကိုလွှဲ လိုက်ရသည်။

တခြားတစ်ဘက်တွင်တော့ အုံ့မှိုင်းနေသော အမှောင်ထုသာရှိ လေသည်။ အမှောင်ကို သူ စေ့စေ့မကြည့်ရဲသည်မှာ ကြာပြီ။

ဟိုတစ်ခါ ...

ဟိုအိမ်ကြီးမှာကတည်းက။

အမှောင်မည်းမည်းထဲ သူ့ပခုံးပေါ် အေးစက်ပျော့စိနေသော သက်ကြီးတစ်ဘက် လာအတင်ခံရပြီးကတည်းက။

www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်မှာ ဘယ်ကိုမှ ဆက်မကြည့်လိုတော့သည်မို့ အခေ
ပြန်ဝင်ဖို့သာ ပြင်လိုက်သည်။

ထိုအချိန်တွင် ...

ဘာရယ်မဟုတ်ပဲ မျက်လုံးအကြည့်က တစ်နေရာဆီ ရောက်
သွားရလေ၏။

ရိုပ်ကနဲ

တစ်စုံတစ်ရာဖြတ်သန်းသွားသည်ကို တွေ့လိုက်သလိုပါပဲ။

ဘုရား ဘုရား။

ချက်ချင်း ဓာတ်မျှော်တွေ ပျံသွားရ၏။

အုပ်ဂူတစ်ခုနောက်ဘက်မှ တွေ့လိုက်ရခြင်းပါ။

ဘာများဖြတ်သွားတာပါလိမ့်လဲ? ဒါမှမဟုတ် အမြင်ပဲမှားတာ
လား? ခုလိုမိုးတွေရွာနေတုန်းမှာ အုပ်ဂူတွေဘက် ဘယ်သူကများ
လျှောက်သွားနေမလဲ?

ဘာပဲဖြစ်ဖြစ်

ကြိုးကြာမေကိုစွပြီးလျှင် ဒီနေရာမှ မြန်မြန်ထွက်မှ ဖြစ်တော့မည်မျိုး။

နို့မို့ဆို အရင်အခေါက်တွေကလို ကြောက်စရာတွေကြုံလာမှာ
စိုးလှပါသည်။

ခပ်သုတ်သုတ်ဖြင့် အထဲသို့ ပြန်ဝင်၏။

ကြိုးကြာမေရှိရာသို့ မြင်လိုက်ရသောအခါ ...

●

ကြိုးကြာမေမှာ -

အခေါင်းထဲသို့ ခေါင်းစိုက်ကျနေလေပြီ။

တစ်ယောက်ယောက်က လှမ်းဆွဲထားသလို

ကိုင်းညွတ်ကွေးကျနေခြင်းဖြစ်၏။

အတင်းရုန်းကန်ထနေသလို လှုပ်ရှားနေဟန်ကို မြင်လိုက်သည်။

အခေါင်းထဲမှ တစ်စုံတစ်ရာကလည်း အားကောင်းစွာအတင်းဆွဲ

သည်။

သေချာအောင် တစ်ခါထပ်ကြည့်သည်။

ဒီတစ်ခါတော့ မျက်ဝါးထင်ထင်မြင်ရခြင်းဖြစ်၏။

ဘယ်လိုမှ မျက်စိမမှားနိုင်။

'ဟာ' ကနဲ

www.burmeseclassic.com

www.burmeseclassic.com



အသံပြာသွားမတတ်အော်ကာ အတင်းပြေးသွားလိုက်လေ၏။

ကြိုးကြာမေမှာ ရုန်းကန်ထမလာနိုင်ပဲ ရှိနေဆဲ။

အလွန်လျင်မြန်သောအဟုန်ဖြင့် အနားသို့ ရောက်သွားခဲ့လေ၏။

သူရည်ရွယ်သည်ကတော့

ကြိုးကြာမေကို ဆွဲကူ ထူပွေ့ပေးဖို့ပါ။

သို့သော် အခေါင်းအနီးအရောက်မှာပင်

ခလုတ် တိုက်လိုက်လေသလား ...

အရှိန်လွန်သွားတာပဲလား ... မသိ။

ဝုန်းကနဲ ခြေချော်ကာ လဲကျပါလေတော့သည်။

သူလဲကျတာက

အခေါင်းရှိရာဆီတည့်တည့်။

နဂိုအခေါင်းကို ဖွင့်လှစ်စဉ်က အခေါင်းဖုံးပျဉ်ကို ထိုအနားမှာ ထောင်ထားခဲ့ဖြစ်သည်။

ယခု သူလဲကျသွားတော့ ထိုပျဉ်ချပ်မှာ လှုပ်ရှားမှုအရှိန်ဖြင့် ပြုတ်ကျလာလေ၏။

သူကလည်း

အခေါင်းထဲတည့်တည့် ပြုတ်အကျ။

ပျဉ်ချပ်က နောက်က လိုက်ကျလာသလိုဖြစ်သွားသည်။

ဝုန်းကနဲ အသံနှစ်ခုအပြီးတွင်



နောင်ချိုမှာ အခေါင်းထဲပြုတ်ကျဝင်ရောက်သွားပြီး

အခေါင်းဖုံးပျဉ်ချပ်ကလည်း ကွက်တိပိတ်မိပါလေတော့သည်။

'ဟား' ကနဲ

အော်သံကြီးတစ်ခုကို သူနောက်ဆုံးကြားလိုက်ရ၏။

သူပဲ အော်လိုက်မိလေသလား?

တစ်စုံတစ်ယောက်၏ မွတ်သိပ်ဆာလောင်သလို အသံကြီးပေလား?

သူအသေအချာ သိလိုက်တာတော့ တစ်ခုပဲရှိသည်။

ဆက်တိုက်ရောက်လာသော

ပိန်းပိတ်လေသော

အမှောင်။

www.burmeseclassic.com

www.burmeseclassic.com

နောက်ပိုင်းတွင်သူတို့ ပြန်စွေးကြည့်ရသလောက်တော့

အခေါင်းထဲ ပြုတ်ကျသွားသည်နှင့် နောင်ချို မေ့သွားလိုက်သည်မှာ တဒင်္ဂလေးမျှသာ ဖြစ်ပါသည်။

ထိုအတောအတွင်း

ကြိုးကြာမေက ပူပန်ထိတ်လန့်စွာ အော်ဟစ်နေသည်တဲ့။

သို့သော် နောင်ချိုကြားခဲ့ရသည်များကတော့

ဆာလောင်မွတ်သိပ်သော ဝမ်းခေါင်းသံဖြင့် အော်သံနက်ကြီးပါပဲ။ အခေါင်းပျဉ်ကလေးတစ်ခုသာ ခြားနေသောနေရာတွင် ထိုကဲ့သို့အသံကို မှားယွင်းခြားနားစွာ ကြားရတတ်ပါသလား?

သူမသိပါ။

မေမျှော်သလို တဒင်္ဂဖြစ်သွားသည်မို့ ကြားမိကြားရာကြားရခြင်းလည်း ဖြစ်ပါလိမ့်မည်။

ထိုခဏလောက်ကလေးအတွင်းမှာပင်

အာရုံခံစားမှုများစွာ တဖျပ်ဖျပ်ပြောင်းလဲတွေ့ကြုံနေခဲ့လေ၏။

ပြန်လည်ပြောပြခြင်းငှာ မစွမ်းသာ။

အလွန်အမင်း သွေးပျက်ဖွယ်အဖြစ်များဟူသော နောင်ချိုအမှတ်ရလေတော့၏။

ထို့နောက် သုဘရာဇာကြီးပြန်လာသည်နှင့်ကြုံ၍ အခေါင်းဖုံးကို ကူဖွင့်ပေးမှ နောင်ချို ထိုနေရာ ထိုအာရုံခံစားမှုမှ လွတ်မြောက်လေတော့



သည်။

ကြိုးကြာမေမှာ

အခေါင်းဖုံးပွင့်လာလာခြင်း နောင်ချိုအား တွေ့လိုက်ရသောအခါ လန့်အော်မိခဲ့လေသည်။

အချိန်ခဏလေးသာ အခေါင်းထဲ နောင်ချိုကျသွားခဲ့ခြင်း ဖြစ်သော်လည်း ...

မျက်နှာတစ်ခုလုံး ဖြူရော်သွေးဆုတ်ကာ

လူသေတစ်ယောက်အား မြင်လိုက်ရသည့်ပမာ ဖြစ်နေသောကြောင့်ပင်တည်း။

●

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတုန်းက ... ငါ အိပ်ငိုက်သွားတာဟဲ့၊ တစ်ခါမှ အဲဒီလို မဖြစ်ဖူးဘူး၊ ခုမှ ထူးထူးဆန်းဆန်းဖြစ်တာ၊ ငိုက်ကျနေတော့ လည်း အဝေးကကြည့်ရင် တစ်မျိုးမြင်ရတာပေါ့၊ နင်အခေါင်းထဲ ကျသွားတော့ ငါ့မှာ စိတ်ပူလိုက်တာ"

နောင်ချိုက ဘာမှ ပြန်မပြောပါ မျက်လုံးအကြောင်သားအတိုင်း ရှိနေဆဲ။ အခေါင်းထဲကျသွားပြီးကတည်းကပင် သူ့မှာ စိတ်နှင့်လူနှင့် မကပ်သလိုဖြစ်နေရလေသည်။

... ဟဲ့ နင်ကလဲ စကားလေးဘာလေးပြန်ပြောပါဦး၊ နင် အခေါင်းထဲကျသွားတဲ့ ခဏလေးအတွင်း ဘယ်လိုတွေများဖြစ် သွားရတာလဲ ဟင်"

မေးလွန်းမက မေးလေမှ နောင်ချိုက စကားတစ်ခွန်းကိုသာ ပြန်ပြောလေသည်။

"ပုရပိုဒ်ပေးလိုက်တဲ့ အဘပြောတာမှတ်မိသေးလား၊ လော ရဲ့ လျှို့ဝှက်ချက်တစ်ခုကို စပြီးဖော်ထုတ်သူဟာ ကိုယ်ကျိုး အတွက်သုံးရင် အန္တရာယ်ရှိတယ်ဆိုတာလေ၊ ကြောက်စရာ ကောင်းတဲ့ အမှေမ်းကြောင်ရာကောင်းတဲ့ အရာနဲ့ ကြုံရတော့ မယ်၊ ရှောင်လွှဲလို့ မရနိုင်ဘူး၊ လာတော့မယ်၊ မကြာခင်လာ တော့မယ်"



## စတုတ္ထပုရပိုဒ်ဝါ တွက်နည်းအဆင့်

အခုဖော်ပြမယ့်တွက်နည်းကတော့ ဖူးစာရှင်ရဲ့ နှုတ်ခမ်းပုံ မှာစွဲပြည့်ဝကို ပြပါတယ်။

ဒီအတွက် ... ၁) ကိုယ်ဟာ ဘာရာသီဖွားလဲဆိုတာရယ်၊

၂) ကိုယ့် မွေးရက် မွေးလရယ် ...

တို့ကို သိရပါမယ်။

ကိုယ့်ရာသီဖွားအလိုက် သက်ဆိုင်ရာဏတာန်းတွေရှိပါတယ်။

| | |
|---|---|
| မိဿ | - ၁၁ |
| ပြိဿ | - ၁၃ |
| မေထုန် | - ၁၇ |
| ကရကဋ် | - ၁၉ |
| သိဟ် | - ၂၃ |
| ကန် | - ၂၉ |
| တူ | - ၃၇ |
| ဗြိစ္ဆာ | - ၄၃ |
| ဓနု | - ၄၇ |
| မကာရ | - ၅၃ |
| ကုံ | - ၅၇ |
| မိန် | - ၅၉ |

www.burmeseclassic.com

www.burmeseclassic.com



ဒီလို -

[ကိုယ့်ရာသီဖွားအလိုက် သက်ဆိုင်ရာဂဏန်း + မွေးရက် + မွေး

အားလုံးကို ပေါင်းပြီး ၉နဲ့စားပြီး အကြွင်းကို ယူရမှာဖြစ်ပါတယ်

ဥပမာ ကန်ရာသီဖွားဖြစ်ပြီး စက်တင်ဘာ ၂၀ရက်နေ့မွေးသူဆိုပါစေ

သူ့ရာသီဖွားဂဏန်းက ၂၉ ဖြစ်ပါတယ်။

စက်တင်ဘာဖြစ်လို့ ၉လပိုင်း၊

၂၀ရက်နေ့က ၂၀ကိုယူတယ်။

ဒါကြောင့်

၂၉ + ၂၀ + ၉ =

'၅၈' ရတယ်။

အဲဒီ ၅၈ကို ၉နဲ့ ပြန်စားတော့

'၄' ကြွင်းတယ်။

နောက်ဘက်စာမျက်နှာမှာ ၄ကြွင်းသမားအတွက်

ဗူးစာရှင်ရဲ့ နှုတ်ခမ်းပုံစံကို ဖော်ပြပေးထားပါတယ်။

ရှေ့အဆင့်တွေကို လုပ်ထားပြီးတဲ့


ဦးခေါင်းပုံ၊ မေးရိုးပုံ၊ နှာခေါင်းပုံ ပေါ်ပြီးသား

ဗူးစာရှင်ရဲ့ ရုပ်ပုံလွှာမှာ

အခု တွက်ချက်ရရှိတဲ့ သက်ဆိုင်ရာ နှုတ်ခမ်းပုံကို ထည့်လိုက်ရုံပါပဲ။











www.burmeseclassic.com

www.burmeseclassic.com


ဂုဏ်ကြောင်းအထွက်ရှုအာရှင်ဖြစ်နေတတ်သောပုံစံ




ဂုဏ်ကြောင်းအထွက်ရှုအာရှင်ဖြစ်နေတတ်သောပုံစံ




ဂုဏ်ကြောင်းအထွက်ရှုအာရှင်ဖြစ်နေတတ်သောပုံစံ




ဂုဏ်ကြောင်းအထွက်ရှုအာရှင်ဖြစ်နေတတ်သောပုံစံ



ဂုဏ်ကြောင်းအထွက်ရှုအာရှင်ဖြစ်နေတတ်သောပုံစံ



ဂုဏ်ကြောင်းအထွက်ရှုအာရှင်ဖြစ်နေတတ်သောပုံစံ





www.burmeseclassic.com

www.burmeseclassic.com



မကြာသေးခင်ကမှ

စုံတွဲတစ်တွဲ အတူခုန်ချသတ်သေထားတဲ့

နေရာတစ်ခုရှိတယ်။

ကုန်းစောင်းလို့ခေါ်တဲ့ ချောက်ကမ်းပါးအစွန်းတစ်ခုပဲ။

ပဉ္စမပုရပိုဒ်ကို အဲဒီမှာ ဖွင့်ကြည့်ရမယ်။

www.burmeseclassic.com

www.burmeseclassic.com


ချောက်ကမ်းပါး၏ အစွန်းတွင် လေတဂူးဂူးတိုက်ခတ်နေလေ
၏။

ကြိုးကြာမေသည် အသင့်ပါလာသော ပုရပိုဒ်ကို ဖြည်းညင်းစွာ
ဆုတ်ရင်းမှ ခုနက ချောက်ကမ်းပါးဆီသို့အလာတွင် ဝိုးတဝါးမြင်လိုက်
သော မြင်ကွင်းကို စိတ်မသက်မသာတွေးနေမိလေသည်။

နှင်းလိုလိုမြူလိုလို မသဲမကွဲကြား၌ မြင်လိုက်ရသည်မှာ ...
စုံတွဲတစ်တွဲ၏ သဏ္ဌာန်လိုပါပဲ။

ဒီလောက် ရာသီဥတုဆိုးဆိုးကြီးမှာ ဘယ်စုံတွဲမှတော့ ဒီနား
ရောက်တန်ရာ။ ပြီးတော့ ... အဘိုးကြီးပြောလိုက်သည့် စကားကို
ကြားယောင်လိုက်မိ၏။

"ဒီနေရာမှာ စုံတွဲတစ်တွဲ မကြာခင်ကမှ ခုန်ချသတ်သေထားကြ

www.burmeseclassic.com

www.burmeseclassic.com



တယ်''

တဲ့။ ဒါကြောင့်များ ခုနက စုံတွဲလိုလိုသဏ္ဍာန်ကို မြင်ရတာများလား? အတွေးမဆုံးခင်မှာပင် အသည်းထဲအေးကနဲဖြစ်သွားရသည်။

နောင်ချိုရှိရာဆီ အားကိုးတကြီးကြည့်လိုက်မိ၏။ ခံစားနေရသမျှကို ပါးစပ်ကတော့ ထုတ်မပြောဖြစ်။ ဒီအလုပ်တွေအားလုံးကို သူ့က အားပေးသည်မှ မဟုတ်တာပဲ။

ဒီတစ်ခေါက်မှာတော့ နောင်ချိုကြည့်ရတာ နည်းနည်းထူးနေသလို ထင်ရသည်။

မျက်လုံးတွေက ကြောင်ကြောင်ကြီး၊ မတုန်မလှုပ်သလိုပါပဲ။

အရင်အခေါက်တွေကဆို ကြိုးကြာမေကြောင့်သာ လိုက်လာရသော်လည်း ပါးစပ်က ပွစိပွစိဖြင့် အမြဲကန့်ကွက်နေကျ မဟုတ်လား။

မဝံ့မရဲဖြင့် တစ်ခွန်းတော့ မေးကြည့်လိုက်မိသည်။

''နင် အဆင်ပြေရဲ့လားဟင် နောင်ချို''

''ငါ့နားထဲမှာ အသံတွေကြားနေရတယ်''

မဆီမဆိုင် ပြန်ပြောသောစကားကြောင့် ကြိုးကြာမေကြောင်သွားရလေသည်။

''ဘာအသံတွေတုန်း''

''လုပ်ပါ နင့်ကိစ္စ နင်ဆက်လုပ်ပါ''

မေးတော့လည်း သေချာပြောမပြပြန်။



ပန်းတစ်ဘက်တွန့်လိုက်ရင်း ကြိုးကြာမေပုရပိုဒ်ကို လှန်ဖွင့်လိုက်၏။ ဒီတစ်ခါပုရပိုဒ်ကတော့ အေးအေးဆေးဆေးဖွင့်လို့ရသားပါပဲ။ ဒီမှာ မဖွင့်ဘဲ ငါ့ဘာသာ အိမ်မှာကြည့်ရ အကောင်းသား။

ဒါမှမဟုတ် ဒီနေရာမှာမို့ပဲ အလွယ်ဖွင့်လို့ရတာလား?

ထိုစဉ်မှာပင် နောင်ချိုက နောက်ထပ်ထူးဆန်းသောစကား တစ်ခွန်းကို ပြောပြန်လေသည်။

''လေချွန်သံတွေ နင်မကြားဘူးလား ကြိုးကြာမေ''

နားစိုက်ထောင်ကြည့်၏။ လေတော့ တဂူးဂူးတိုက်ခတ်နေလေသည်။ သို့သော် လေချွန်သံရယ်လို့တော့ မကြားမိရိုးအမှန်ပါ။

''ငါမကြားပါဘူး''

''လေချွန်နေတယ်လေ၊ ဟော လာပြန်ပြီ ကြားလား၊ တိုးသွားလိုက် ကျယ်လာလိုက်၊ ဟော နောက်တစ်ခါလာပြန်ပြီ၊ နင်သိလား၊ လေချွန်သံဆိုတာ ဝိညာဉ်လောကရဲ့ ခေါ်သံတွေပဲ''

ကြိုးကြာမေ ခေါင်းကိုခါမိသည်။ နောင်ချို သူ့ကို နောက်နေသည်ပဲ။ ထိုသို့ပင် သူထင်လိုက်မိသည်မှာ ခဏအကြာ နောင်ချို့ဆီက ထူးဆန်းသော အပြုအမူတစ်ခုကို မတွေ့လိုက်ရခင်အထိဖြစ်ပေသည်။

ပုရပိုဒ်ပါစာများကို ဖတ်နေရင်းသားက ...

မျက်ဝန်းထောင့်စွန်းတွင် ရုတ်တရက်မြင်လိုက်ရသည်။

နောင်ချို ထရပ်ကာ လျှောက်သွားလိုက်ခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ရှိနေသည်က ချောက်ကမ်းပါးအစွန်းမှာ ဖြစ်သည်။ အ
နောင်ချို လျှောက်သွားသည်ကလည်း ချောက်ကမ်းပါးရှိရာဆည့်တည်
နောက်ထပ် သုံးလေးလှမ်းမျှ ထပ်လှမ်းလိုက်လျှင်ပင် နောင်ချို
ပြုတ်ကျလေတော့မည်။

"ဟဲ့ ဘာလုပ်တာလဲ နောင်ချို"

နောင်ချိုက ဂရုမပြု။ နောင်တစ်လှမ်းဆက်လှမ်းပြန်၏။

**"နောင်ချို ရပ်စမ်း"**

ငယ်သံပါအောင် လန့်အော်လိုက်ခြင်းဖြစ်လေသည်။ ဒီတစ်
တော့ ထိရောက်ပါသည်။ နောင်ချိုသည်ရှေ့ဆက်မတိုးတော့ဘဲ ချော
ဆဲနေရာတွင်ပင် ရပ်တန့်သွားလေ၏။

ရှေ့လည်းဆက်မလျှောက်။ ပြန်ပြီးတော့လည်းလှည့်မကြည့်
သူမ အပြေးလျှောက်သွားပြီး နောင်ချို့ကို အတင်းဆွဲလှည့်လိုက်
သည်။

"နင်ရူးနေသလားဟင် နောင်ချို၊ ဆက်လျှောက်ရင် ကျသွား
ပေါ့၊ သေသွားလိမ့်မမယ် ဘာမှတ်သလဲ"

ပြူးကြောင်ကြောင်ကြီး ပြန်ကြည့်နေရာမှ နောင်ချိုတစ်ယော
ယခုမှပင် သတိဝင်လာသလိုရှိလေသည်။

"ငါ့ကို ငါ့ကို ခေါ်နေကြတယ်"

"ဘယ်သူလဲ ဘယ်သူက ခေါ်တာလဲ"

"ငါလိုက်သွားရမယ်၊ မသွားလို့ မဖြစ်ဘူး"

"ဘာတွေ လျှောက်ပြောနေတာလဲဟာ လာလာ ပြန်ကြမယ်"

"ငါ့မျက်လုံးထဲမှာမြင်နေတယ်၊ သူတို့ခေါ်နေတယ်၊ ငါမလိုက်
လို့ မဖြစ်ဘူး၊ သူတို့က … သူတို့က သိပ်အားကြီးတယ်၊
ဟော လေချွန်နေပြန်ပြီ၊ အမယ်လေး သူတို့ပြေးလာနေကြပြီ၊
အမယ်လေး …"

ကြိုးကြာမေမှာ ငိုပါလေတော့သည်။

နောင်ချို့ကို ဆွဲခေါ်လို့လဲမရ။ သူ့မျက်လုံးတွေက ကြောင်
ကြောင်ကြီးနှင့် လူကလည်း တောင့်တောင့်ကြီးရပ်နေတာဆိုတော့
အရမ်းအားငယ်သွားမိလေသည်။

"ငါကြောက်လာပြီနောင်ချိုရယ်၊ နင်ဘာဖြစ်သွားတာလဲဟင်၊
ပြန်ကြမယ်လေ၊ ထပ်မပြောပါနဲ့တော့နော် ငါကြောက်လာပြီ"

တဟင့်ဟင့်နှင့် မျက်ရည်များစီးကျငိုနေမိသောအခါ နောင်ချိုက
သူမပခုံးတစ်ဘက်ကို အသာပွေ့ပိုက်နှစ်သိမ့်လာပါသည်။

စီးကျနေသော မျက်ရည်များကို သုတ်ပေးကာ နှစ်သိမ့်ပေး၏။

"မငိုနဲ့တော့နော် တိတ်တိတ်"

ထိုစကားတစ်ခွန်းတည်းကိုသာ ထပ်တလဲလဲ ပြောနေလေ၏။

အတန်ကြာရှိုက်ငိုပြီး အားရလေမှ ကြိုးကြာမေက စိတ်အနည်း
ငယ် သက်သာရာရသွားသည်။ ငိုချလိုက်ရလို့ စိတ်ပေါ့သွားမိ၏။

www.burmeseclassic.com

www.burmeseclassic.com



နောင်ချိုလည်း ခုန် စိတ်ဂယောက်ဂယက်ဖြစ်သွားတာ ပြေးမြင်ယောင်လိုက်မိလေ၏။

ထင်ပါရဲ့။

"လာလေ နောင်ချို သွားကြမယ်"

နောင်ချို့လက်ကို ဆွဲကာခေါ်၏။

ထိုစဉ်မှာပင် ...

ကြိုးကြာမေအဖို့

အလွန်ထူးဆန်းသော ခံစားချက်တစ်ခုကို ခံစားလိုက်ရခြင်း

ဖြစ်ပါလေတော့သည်။

အသွင်အပြင်ကတော့ နောက်ဘက်တည့်တည့်က လေတိုက်

လိုက်ခြင်းပါပဲ။ ဒါပေမဲ့ တစ်စုံတစ်ယောက်က သူမအား တွန်းထုတ်

လိုက်သလို ခံစားလိုက်ရလေသည်။

အရှိန်လွန်ကျသွားခြင်းသည် နောင်ချို့အား တွန်းထုတ်လိုက်

သလို ဖြစ်သွားခဲ့လေ၏။

မျက်စိတစ်မှိတ်။

လျှပ်တပြက်။

အချိန်ကလေးအတွင်းမှာပါပဲ။

နောင်ချို့ကို သူတိတိကျကျ တွန်းမိသွားလေသည်။

နောင်ချိုသူ့မြင်ကွင်းမှ ချက်ချင်းပျောက်ကွယ်သွားလေ၏။

ဖြစ်ပျက်သွားလေသမျှအား ကြိုးကြာမေ ရုပ်ရှင်အနှေးပြကွက်

လွင့်စင်ထွက်သွားသော နောင်ချို့ကိုယ်ခန္ဓာကလေး။

ကယောင်ကတမ်းလှမ်းဆွဲလိုက်သော သူမ၏လက်တစ်ဘက်။

နောင်ချို၏ တုန့်ပြန်လက်ဆန့်တန်းခြင်းနှင့်လည်း ထိလုထိခင်။

သို့သော် ...

နောင်ချို့အား သူလှမ်းဆွဲ၍ မရလိုက်ပါ။

ဖျပ်ကနဲမျက်စိရှေ့က ပျောက်သွားရခြင်းပါပဲ။

နောင်ချို ကျသွားခဲ့လေပြီ။

ချောက်ကမ်းပါးအောက်သို့ ...။

အလွန်ကြောက်မက်ဖွယ်များ ကြုံဆို ငုံလင့်နေရာသို့ ...။

www.burmeseclassic.com

www.burmeseclassic.com



## ဗူးစာရှင်ရုပ်ပုံလွှာ တွက်နည်းအဆင့်

အခုဆို ဗူးစာရှင်ရဲ့ ရုပ်ပုံလွှာဟာ တော်တော်လေးပုံပေါ်နေပြီဖြစ်ပါတယ်။

အခု မျက်လုံးပုံကို ဆက်ဖော်သွားပါ့မယ်။

ဒီအတွက် – မိမိ မွေးသက္ကရာဇ်ရယ်

– မိမိရဲ့ နှလုံးသားနံပါတ်ရယ်

– မိမိမွေးနံရယ်

သိဖို့ပဲ လိုပါတယ်။

ရှေ့ပိုင်း ဗူးစာရှင်ရဲ့ မေးရိုးပုံနဲ့ ဦးခေါင်းပုံဖော်တုန်းက နှလုံးသားနံပါတ်ကို တွက်ချက်ရရှိထားပြီးသား ဖြစ်ပါလိမ့်မယ်။

အဲဒီ 'နှလုံးသား နံပါတ်' ကို ပြန်ထည့်ရုံပါပဲ။

တွက်ရမှာက ...

[ မွေးသက္ကရာဇ် + နှလုံးသားနံပါတ် + ၁၅၀၀ ကို မွေးနံနဲ့ စားပြီး ရလာဒ်ကို မွေးနံနဲ့ ပြန်ပေါင်းရမှာ ဖြစ်ပါတယ်။ ]

၁၅၀၀ ပေါင်းထည့်တာကတော့ ဒါဟာ ချစ်ခြင်းမေတ္တာရဲ့ နံပါတ်ဖြစ်နေလို့ပါ။

ဥပမာတစ်ခု တွက်ပြပါ့မယ်။

၁၉၉၀ မှာမွေးတဲ့ စနေသမီးဖြစ်ပြီး နှလုံးသားနံပါတ် '၆' ရထားသူ ဆိုပါတော့



၁၉၉၀ + ၆ + ၁၅၀၀ = ၃၄၉၆ ရပါတယ်။

အဲဒါကို မွေးနံ နဲ့စားရမယ်။

စနေသမီးမို့ မွေးနံက ၇ ပါ။

၃၄၉၆ ÷ ၇ = ၄၉၉

အဲဒီစားလို့ရတဲ့ ရလာဒ်ကို ယူပါမယ် (အကြွင်း မဟုတ်ပါဘူး)

အဲဒီ ရလာဒ်ကိုမှ တစ်ခါ မိမိမွေးနံနဲ့ ပေါင်းရမှာပါ။

၄၉၉ + ၇ = ၅၀၆

အဲဒါကို ဂဏန်းတစ်လုံးထဲဖြစ်အောင် ပြုတော့

၅ + ၀ + ၆ = ၁၁ > ၁ + ၁ = '၂'

အဖြေက '၂' ဖြစ်ပါတယ်။

နောက်ပိုင်းမှာ အဖြေ ၂ အတွက် မျက်လုံးပုံစံဆိုပြီး ပြထားပါတယ်။

တခြားသူတွေအတွက်လည်း ဒီလိုပါပဲ။

ကိုယ်ရတဲ့ အဖြေတွေအလိုက် ကိုယ့်သက်ဆိုင်ရာဗူးစာရှင်ရဲ့ မျက်လုံးပုံစံ ဘယ်လိုရှိမလဲဆိုတာ နောက်က စာမျက်နှာမှာ ရှာဖွေပြီး

ရှေ့ပိုင်းတုန်းက ဆွဲထားတဲ့ ဗူးစာရှင်ရဲ့ ရုပ်ပုံလွှာမှာ ဖြည့်စွက်ရမှာ ဖြစ်ပါတယ်။

နောက်စာမျက်နှာမှာ အဖြေတစ်ခုချင်းအလိုက် မျက်လုံးပုံစံအမျိုးမျိုးကို ဖော်ပြထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၁ ကြွင်းအတွက် ဖူးစာရှင်၏ မျက်လုံးပုံစံ



၂ ကြွင်းအတွက် ဖူးစာရှင်၏ မျက်လုံးပုံစံ



၃ ကြွင်းအတွက် ဖူးစာရှင်၏ မျက်လုံးပုံစံ



၄ ကြွင်းအတွက် ဖူးစာရှင်၏ မျက်လုံးပုံစံ



၅ ကြွင်းအတွက် ဖူးစာရှင်၏ မျက်လုံးပုံစံ



၆ ကြွင်းအတွက် ဖူးစာရှင်၏ မျက်လုံးပုံစံ



www.burmeseclassic.com

www.burmeseclassic.com

၇ ကြွင်းအတွက် ဖူးစာရှင်၏ မျက်လုံးပုံစံ



၈ ကြွင်းအတွက် ဖူးစာရှင်၏ မျက်လုံးပုံစံ



၉ ကြွင်းအတွက် ဖူးစာရှင်၏ မျက်လုံးပုံစံ





နောက်ဆုံးပုရပိုဒ်ကို

ပရလောကသားတစ်ယောက်ယောက်ကကူညီနို.

ဖတ်မှ ရသိဖို့မယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံပေါ်တွင် …

ကြိုးကြာမေမှာ တငိုတည်း ငိုနေမိလေတော့သည်။

အားလုံးမှာ သူမ၏ အမှားများချည်းပါပဲ။

အစကတည်းက မအပ်မရာကိစ္စတွေကို သူမ ဖော်ထုတ်ဖို့ ကြိုးစားမိခဲ့တာ။ ပုရပိုဒ်ပေးလိုက်သော အဘကတော့ ပြောသွားပဲ ကိုယ်ကျိုးအတွက် လောကလျှို့ဝှက်ချက်ကို စဖော်ထုတ်မိရင် ကိုယ့်မှာ ဒါဏ်ခံရတတ်တယ်။

နောင်ချိုကလည်း ဒါတွေမလုပ်ချင်ဘူးဟု ငြင်းရှာပါသေးသည်။

သို့သော် သူမကသာ လိုချင်တာတစ်ခုတည်းကိုသိပြီး ဘာမှ ဂရုမစိုက်နိုင်ခဲ့။

အမှန်ဆို သူမပဲ ဒီအပြစ်ဒါဏ်ကို ခံစားရမှာ …၊

www.burmeseclassic.com

www.burmeseclassic.com

အခုတော့ ကြားထကြ မဆီမဆိုင် နောင်ချိုတစ်ယောက်မှာ ကြားဝင်၍ …၊

**ခွဲစိတ်**ခန်းတွင် အသက်လုနေကာ သေမလားရှင်မလားမသိရသော **နောင်ချို**ရှိရာဆီ မှန်တံခါးနောက်မှ မှန်းဆကြည့်ရင်း ကြိုးကြာမေ တစ်ယောက် ကိုယ့်ကိုယ်ကို ခွင့်မလွှတ်နိုင်လောက်အောင် ဖြစ်နေခဲ့ရပါလေ၏။

ထွက်ပေါက်မရသော သူမဒေါသတို့သည် တစ်စုံတစ်ရာအပေါ် ပွင့်အံပေါက်ကွဲလိုက်ချင်သောစိတ် ထိန်းမရအောင်ဖြစ်လာခဲ့မိ၏။

ပုရပိုဒ်အကြောင်းသွားတွေးမိသည်။

နောက်ဆုံးအဆင့်ကိုက ပရလောကသားတစ်ယောက်ရဲ့ အကူအညီယူရမှာတဲ့။ မဖြစ်နိုင်တာ။ ဒါတွေကြိုသိလျက်နဲ့ ရှေ့ပိုင်းအဆင့်တွေကတည်းက စလုပ်မိခဲ့တာ ငါညံ့တာပဲ။

ကိုယ့်ကိုယ်ကို ဒေါသဖြစ်ရသလို ပုရပိုဒ်ကိုလည်း မကောင်းမြင်၏။ ဒင်းကြောင့် …၊ ဒင်းက ခက်ခဲလွန်းသော အစီအရင်တွေကြောင့်

စိတ်မထိန်းနိုင်တော့သော ကြိုးကြာမေသည် ဆေးရုံမှ အိမ်သို့ အမြန်ပြန်ပြေးမိလေတော့သည်။

သူမရင်ထဲတွင် ဖြစ်ပေါ်နေသော အာသီသမှာတော့ တစ်ခုတည်း။ ဟိုပုရပိုဒ်ကြီးအား အစိတ်စိတ်အမွှာမွှာဆုတ်ဖြဲလိုက်ရန်ပင်ဖြစ်သည်။ ပုရပိုဒ်ပါနည်းအပြည့်အစုံကို မရလည်းနေပစေတော့ …

●



အိမ်ကို ပြန်ရောက်ရောက်ချင်း

အခန်းထဲပြေးဝင်ပြီး

ဗီရိုထဲမှ ပုရပိုဒ်ကို ဆွဲချထုတ်ယူလိုက်သည်။

ဒင်းကြောင့်ဖြစ်တာ …

ဒင်းကြောင့် ငါ့သူငယ်ချင်းလေး ဒုက္ခတွေ့တာ …။

ပုရပိုဒ်၏ ပထမဆုံးအရွက်မှ စတင်ကာ

အစိတ်အစိတ် အမွှာမွှာ ဆုတ်ဖြဲလေတော့သည်။

ပထမဆုံးအရွက်။

ပြီးတော့ နောက်တစ်ရွက်။

နောက်ထပ်တစ်ရွက်။

ထိုသို့ဖြင့်ပင် နောက်ဆုံးအရွက်ထိရောက်လာခဲ့ပါလေသည်။

ဒေါသစိတ်မွှန်နေ၍ပဲလား မသိ။ ထိုပုရပိုဒ်ပေါ်တွင် ဘာစာတစ်လုံးမျှ မတွေ့။

ဘာပဲဖြစ်ဖြစ် ဆွဲဖြဲပစ်တော့မည်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် ...

အခန်းတံခါးဝသည် လေမတိုက်ပါပဲလျက်

ကျွီကနဲ ပွင့်ဟသွားလေတော့သည်။

ကြိုးကြာမေ အခန်းမှာ အိမ်တံခါးမကြီးနှင့်တည့်တည့်။

သူမအခန်းတံခါးရောတံခါးမကြီးရော ပွင့်ထားလျှင် အိမ်တံခါးဝ မှတဆင့် လမ်းမဆီ တိုးလျှိုပေါက်မြင်နိုင်လေ၏။

ယခုတံခါးပွင့်သွားသံကြားတော့ ဘာရယ်မဟုတ်ပဲ အပြင်သို့ အကြည့်ရောက်လိုက်မိသည်။

ကြိုးကြာမေတစ်ယောက် ကိုယ်မျက်စိပင် ကိုယ်မယုံနိုင်အောင် အံ့အားသင့်သွားရလေ၏။

အပြင်တွင်ရပ်နေသည်မှာ

နောင်ချိုဖြစ်နေသောကြောင်ပင်တည်း။



ဆေးရုံအဝတ်အစားများနှင့်မို့ အနည်းငယ်ညှိုးငယ်နေသလို တွေ့ သော်လည်း ကြိုးကြာမေအဖို့တော့ အပျော်ရွှင်ဆုံး ဖြစ်သွားရပါလေ သည်။

“ဟယ် နောင်ချို”

ဝမ်းမြောက်ဝမ်းသာအော်ကာ အိမ်ပြင်ဘက်သို့ ပြေးထွက်သည်။

သူမသေဘူး သူမသေတော့ဘူးပဲ။

ရွှင်လန်းအားရစိတ်သည် နှလုံးသားထဲတွင် ဘောင်ဘင်ခတ်နေ တော့၏။

သို့သော် ...

နောင်ချိုနားအရောက်မသွားနိုင်ခင်

အိမ်တံခါးမကြီးဆီ အဖြတ်မှာပင်

လေတိုက်သလိုအလိုလျောက်ပွင့်တတ်သော တံခါးများသည် လေတိုက်သလို အလိုလျောက်လည်းပြန်ပိတ်တတ်ပါသလား မပြော တတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အိမ်တံခါးမကြီးသည် ဝုန်းကနဲ ပြန်ပိတ်ကာ ကြိုးကြာမေရှေ့က တားဆီးလိုက်လေ၏။

အရှိန်နှင့်ပြေးလာသူမို့ အရှိန်ဖြင့်ဆောင့်မိကာ

သူမထိုင်လျက်သား လဲကျသွားခဲ့ရလေ၏။

ဘာမှမဟုတ်လှသော တိုက်မိခြင်းဖြစ်သောလည်း သူမခန္ဓာကိုယ်ကတော့ ခံနိုင်ရည် မရှိလှပါ။ သိစိတ်တို့ပျောက်ကွယ် မေ့မျောသွားတော့မည်ကို သိလိုက်ချင်း၌ ကြိုးကြာမေ အသံထွက်ဟာစ်အော်ခဲ့မိလိုက်သည်မှာတော့ …

"နောင်ချို"

ဆိုသော စကားတစ်ခွန်းပင်တည်း။

●



သတိရလာလာချင်း၌ပင်

နောင်ချိုအား ကြိုးကြာမေ အမောတကောရှာမိသည်။

"နောင်ချို နောင်ချိုရောဟင်၊ နောင်ချိုဘယ်မှာလဲ"

ပါးစပ်ကမေးလည်း မေး၊ မျက်လုံးများကလည်း ကျိုးကန်းတောင်မျှောက်ကြည့်သည်။

ဖေဖေ၊ မေမေ၊ အန်တီလေးတို့သာ သူမအနားဝိုင်းနေကြသည်ကို မြင်ရ၏။ ထိုအထဲတွင် နောင်ချိုတစ်ယောက်ကတော့ဖြင့် မပါဝင်ပါချေ။

နောင်ချိုပြန်သွားတာလား၊ ဒါမှမဟုတ် ငါ့ကို နောက်ချင်လို့ပဲ တစ်နေရာကများပုန်းနေသလား။

ရေဆာသူတစ်ယောက်လို အငမ်းမရထပ်မေးမိပြန်၏။

"နောင်ချို ဘယ်မှာလဲဟင် မေမေ"

"နောင်ချိုက ဆေးရုံမှာပဲလေ သမီးရဲ့"

ဖြေပြီးပြီးချင်း မေမေမျက်နှာလွှဲသွားသည်မှာ ဘာကြောင့်မှန်းမသိ၊ ဒေါ်လေးက ဝင်ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီးလေး အိပ်မက်ယောင်နေတာထင်တယ်၊ လန့်အော်နေလို့ အန်တီလေးတို့ ဝင်လာကြတာ"

ယခုမှပင် သူမကိုယ်သူမ သတိထားမိတော့သည်။

သူမအခန်းထဲမှ ခုတင်ပေါ်မှာ အိပ်နေတာပဲ။ နောက်ဆုံးသိလိုက်သလို အိမ်ရှေ့တံခါးမကြီးနှင့်တိုက်မိပြီး လဲကျသွားသည့်နေရာမှာလည်း မဟုတ်။

အဲဒါတွေက တကယ်ဖြစ်တာမှ ဟုတ်ရဲ့လား?

အိပ်မက်မက်တာများလား?

သေချာသွားအောင် အိမ်ရှေ့ဘက် အပြေးထွက်လာခဲ့လိုက်လေသည်။ ခုနကမြင်လိုက်သလို နောင်ချို့ကိုများ တွေ့လိမ့်မလားဟု။

အိမ်ရှေ့လမ်းမပေါ်တွင် လူအများသွားလာနေကြသည်ကို တွေ့ရပါသည်။ သို့သော် နောင်ချိုတစ်ယောက်တော့ ထိုအထဲ၌ မပါဝင်။ ဘယ်နေရာမှာမှ နောင်ချိုအား မတွေ့ရပါချေ။

●



"နောင်ချိုလေး နေ့လည်ကပဲ ဆုံးသွားတယ် သမီးရယ်"

နောင်ချို့မေမေက ပြောလည်းပြော ဖက်လည်းဖက်ကာ ငိုသည်။

ဒါဆို ငါ အိပ်မက်မက်တဲ့ အချိန်လောက်ကပေါ့။

အိပ်မက်မက်တာမှ ဟုတ်ရဲ့လားဟု စိတ်ထဲတွင် မသေချာ။

နောင်ချို့အမေလို ပါးစပ်ကပွင့်ထွက်ကာ ငိုချင်လှသော်လည်း မငိုနိုင်ဘဲ အံကိုသာ တင်းတင်းကြိတ်ထားလိုက်မိသည်။

ဘဝဆိုတာက ဒါပဲလား။

ကိုယ်တစ်ကယ်ခင်တွယ်သောသူတစ်ယောက် ကိုယ့်အပေါ်လည်း သံယောဇဉ်ကြီးလွန်းသူတစ်ယောက်ကို ဒီလိုလွယ်လွယ်ကူကူလေးနဲ့ ဆုံးရှုံးရတာတဲ့ပါသလား။

ပြီးတော့ အိပ်မက်တွေလိုလို တကယ့်အဖြစ်တွေလိုလို မကွဲပြား ရောရောထွေးထွေး ဖြစ်နေတာတဲ့ပါသလား။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုသာဆိုရင် ငါတစ်ခုတည်း တောင်းဆိုချင်ပါတယ်။

ဒီအဖြစ်ကြီးတစ်ခုလုံး အိပ်မက်ဆိုးကြီးသာဖြစ်လိုက်ပါတော့။ ငါအိပ်မက်က နိုးလာတဲ့အခါ ငါ့ဘေးမှာ နင်ရောက်နေပါလေတော့ နှောင်ချိုရယ်။

အရင်လို အပြုံးလေးတွေနဲ့

ငါ့ကို နှစ်သိမ့်တတ်တဲ့ အကြည့်လေးတွေနဲ့

ငါ့လက်တွေကို ဆုတ်ကိုင်ရင်း

ငါ့ဘဝတစ်လျှောက်လုံး ငါ့ဘေးနား မားမားမတ်မတ် ရပ်နေပေးပါတော့လားဟယ်။'

●



နှောင်ချိုရေ ...

နင်မကြားနိုင်တော့ပေမယ့် ငါစကားတစ်ခွန်းလေးကိုတော့ ပြောခွင့်ပြုပါဟယ်။

ငါ့ကို ခွင့်လွှတ်ပါ။

မသိဆိုးရွားလွန်းတဲ့ ကောင်မလေးကို ခွင့်လွှတ်ပါတော့ဟယ်။

နင်အသက်ပေးကူညီခဲ့လို့ ငါ့ရှုးသွပ်မှုဖြစ်တဲ့ ဖူးစာရှင်ရှာတဲ့ တွက်နည်းကို ဖော်ထုတ်နိုင်ခဲ့ပါပြီ။

အဲဒီနည်းနဲ့ ငါတွက်ကြည့်လိုက်တဲ့ ငါ့ဖူးစာရှင်ရဲ့ပုံအတိအကျကိုလည်း ငါမြင်တွေ့နိုင်ခဲ့ပြီသိလား။

ဒါပေမဲ့ နာကျည်းစရာကောင်းတာက ငါနောက်ဆုံးပိတ် တွက်ချက် ရေးဆွဲရရှိလိုက်တဲ့ ငါ့ဖူးစာရှင်ရဲ့ ပုံဟာ ငါ့ကို ကမ်းလှမ်းခဲ့တဲ့သူတစ်ယောက်မှ မဟုတ်ဘူး။ ငါ့ကို ချစ်တယ်ပြောခဲ့သူ ငါက ချစ်တယ်ထင်ခဲ့တဲ့သူတွေလည်း မဟုတ်ဘူး။ ငါနောက်ဆုံးဇကာတင်ရွေးချယ်မယ်လို့ နင့်ကိုတောင်ပြောဖြစ်ခဲ့တဲ့ သူငါးယောက်လည်း မဟုတ်ဘူး။

အဲဒီ ငါ့ဖူးစာရှင်ပုံက ဘယ်သူလဲ သိလား။

အဲဒါ နင်ပဲ ဟယ်။

နောက်ဆုံးတွက်ချက်မှုအပြီး ဖူးစာရှင်ရဲ့ပုံကို ငါလတ်စသတ်လိုအပြီးမှာ ပေါ်ထွက်လာတဲ့ပုံကို ကြည့်ရင်း အဲဒါ နင်ပဲလို့သိလိုက်တဲ့အခါ အရင်ဆုံး ငါလုပ်ချင်တာက ဖြစ်နိုင်ရင် ကိုယ့်ကိုယ်ကိုတောင် ပြန်သတ်

www.burmeseclassic.com

www.burmeseclassic.com

ပြီး ဒါဏ်ပေးလိုက်ချင်တာပါပဲ။

ငါဘယ်လောက်တောင်ညံ့ခဲ့သလဲနော်။

ကိုယ့်တစ်ကယ့်ဖူးစာရှင် တစ်ယောက်၊

ကိုယ့်နှလုံးသားရဲ့ တစ်ကယ်ရွေးချယ်ရမယ့် လက်တွဲဖော်တစ်

ယောက် ငါ့ဘေးမှာ တစ်ချိန်လုံးရှိနေခဲ့တာကို လုံးဝ သတိမပြုမိခဲ့ဘူး

ငါကိုက ရူးတာပါ။

ငါကိုက ညံ့တာ။

အခုအချိန်ကျတော့မှ ငါပြန်စဉ်းစားမိတယ်။ တောက်လျှောက်

ငါ့ကိုကြည့်လာခဲ့အကြည့်တွေထဲက စကားသံကို အခုမှ ငါဘာသာ

ပြန်တတ်လာတယ်။

နင် ငါ့ကို ချစ်နေခဲ့တာပဲနော်။

ငါ့ကိုချစ်တယ်လို့ နင်တစ်ချိန်လုံးပြောနေခဲ့တာပဲ။

ဒါကို ငါဘာလို့ မသိရသလဲ။

တကယ်တော့ ငါတုံးလွန်းပေမယ့် ငါ့နှလုံးသားက ကြား

တယ်။ ငါဟာနှလုံးသားရဲ့အသံကို လျစ်လျူရှုမိလို့ အကြီးမား

ဆုံးရှုံးမှုကို ကြုံခဲ့ရတာပါ။

ငါ … ငါလည်း နင့်ကို **ချစ်နေခဲ့တာ**ပါပဲ။

ဒါကို တောက်လျှောက် မသိ**ကျိုးကျွံပြုနေခဲ့**မိတယ်။ နီးလွန်း

မှုန်ဝါးနေရတဲ့**အချစ်**ပါပဲ။



ငါလည်း နင့်ကို ချစ်ပါတယ်ဆိုတာလေးတစ်ခုတောင် မပြော

လိုက်ရဘဲ ပြန်မလာနိုင်တော့မယ့် အဝေးကို နင်ခွဲခွာသွားခဲ့တယ်။

တခြားသော ခံစားချက်တွေအားလုံးထက် အဲဒီလိုမပြောလိုက်ရ

လေခြင်းဆိုတဲ့ နာကျင်မှုက ဆိုးပါတယ်။

ဒါဟာ ကျန်နေမယ့် ဘဝသက်တမ်းတစ်လျှောက် ငါ့ကို အမြဲ

ဒါဏ်ခတ်နေတော့မယ့် အဆိုးရွားဆုံးအပြစ်ပေးမှုသာပဲဖြစ်တယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



## နောက်ဆုံးဗုရဗုဒ်ဝါ တွက်နည်းအဆင့်

ဒါကတော့ နောက်ဆုံးအဆင့် တွက်ခြင်းပါပဲ။

ရှေ့ပိုင်းမှာကတည်းက ဖူးစာရှင်ရဲ့ ရုပ်ပုံလွှာ အတော်ပေါ်လွင်နေပြီဖြစ်ပါတယ်။ အခု နောက်ဆုံး တွက်လို့ရမယ့် 'မျက်ခုံးပုံစံ' ကို ကြည့်စွက်လိုက်ရင် သင့် ဖူးစာရှင် ဘယ်လိုရုပ်ရည်ရှိမလဲဆိုတာ ပြည့်စုံသွားပါပြီ။

မျက်ခုံးပုံစံတွက်ဖို့က

ရှေ့က မျက်လုံးပုံစံတွက်နည်းနဲ့ အတော်တူပါတယ်။ ဒါပေမဲ့ မွေးနံနဲ့ စားမှာ မဟုတ်ဘဲ ၇နဲ့ စားတာလေး ကွာသွားတယ်။

ပြီးတော့ မွေးနံကို အရင် ပေါင်းထည့်ပြီးမှ စားရမှာဖြစ်ပါတယ်။

[ မွေးသက္ကရာဇ် + မွေးနံ + နှလုံးသားနံပါတ် + ၁၉၀၀ ကို ၇နဲ့ စားရမှာ ဖြစ်ပါတယ်။ ]

ပြီးတော့ ဒီအဆင့်မှာက စားလို့ရတဲ့ ရလာဒ်ကို မယူဘဲ 'အကြွင်း' ကိုသာ ယူရမှာ ဖြစ်ပါတယ်။

ဥပမာတွက်ပြရရင် ...

၁၉၉၅ မှာ မွေးတဲ့ တနင်္ဂနွေသားအတွက် တွက်မယ်ဆိုပါတော့။

သူ့နှလုံးသားနံပါတ်က '၄' ဆိုပါတော့

တနင်္ဂနွေမို့ မွေးနံက ၁ ပါ။

၁၉၉၅ + ၁+ ၄ + ၁၉၀၀ = ၃၉၀၀ ရပါတယ်။



အဲဒါကို ၇ နဲ့စားရမယ်။

၃၉၀၀ ÷ ၇

အဲဒီစားလို့ရတဲ့ အကြွင်းကို ယူပါမယ်။

စားလို့ပြတ်တာမို့ '၀' (သုည) ကြွင်းပါတယ်။

နောက်က စာမျက်နှာမှာ

သုညကြွင်းအတွက် ဖူးစာရှင်ရဲ့မျက်ခုံးပုံစံကို ရှာပြီး

ရှေ့မှာ တွက်ချက်တည်ဆောက်ထားပြီးဖြစ်တဲ့

ဖူးစာရှင်ရဲ့ ရုပ်ပုံလွှာထဲ ဖြည့်စွက်လိုက်ရုံပါပဲ။

ဒီအဆင့်ထိတွက်လို့ပြီးရင်

သင့်ဖူးစာရှင်ရဲ့ မျက်နှာသွင်ပြင်တစ်ခုလုံးကိုလည်း ဖော်ထုတ်နိုင်ပြီမို့ တွက်နည်းအားလုံး ပြည့်စုံပြီလို့ ဆိုနိုင်ပါလိမ့်မယ်။

ဒီလိုဆို

သင့်ဖူးစာရှင်ရဲ့ ရုပ်ပုံလွှာကိုလည်း ဖော်ထုတ်နိုင်ပြီမို့ နှလုံးသားရဲ့ လိုအင်တစ်ခု ပြည့်ဝသွားပါပြီလို့ မျှော်လင့်မိပါတယ်။

www.burmeseclassic.com


www.burmeseclassic.com



၁ ကြွင်းအတွက် ဖွားစာရင်း၏ မျက်ခုံးပုံစံ



၂ ကြွင်းအတွက် ဖွားစာရင်း၏ မျက်ခုံးပုံစံ



၃ ကြွင်းအတွက် ဖွားစာရင်း၏ မျက်ခုံးပုံစံ



၄ ကြွင်းအတွက် ဖွားစာရင်း၏ မျက်ခုံးပုံစံ





၅ ကြွင်းအတွက် ဖွားစာရင်း၏ မျက်ခုံးပုံစံ



၆ ကြွင်းအတွက် ဖွားစာရင်း၏ မျက်ခုံးပုံစံ



၇ ကြွင်း(ဝကြွင်း)အတွက် ဖွားစာရင်း၏မျက်ခုံး



www.burmeseclassic.com

www.burmeseclassic.com



# နမ္မနာပေါင်းရုံးတွက်ပြခြင်း

ဒါဟာ နမ္မနာအခန်းနဲ့ တွက်ပြထားတာ ဖြစ်ပါတယ်။

ရှေ့မှာ တင်ပြခဲ့တာတွေကို ပိုပြီး နားလည်ရှင်းလင်းအောင်ပါ။

ရှေ့က အဆင့်အားလုံးကို ပေါင်းစပ်တွက်ပြမှာဖြစ်ပါတယ်။

အရင်ဆုံး

ဖူးစာရှင်ရဲ့ ရုပ်ပုံလွှာဖော်ထုတ်တွက်ချက်နည်းရဲ့ ပရိကံအဆင့်ဖြစ်တဲ့ နှလုံးသားပုံ ရေးဆွဲခြင်းကို ပြုလုပ်ပါတယ်။

ဒါဟာ ဘယ်သူမဆို ဒီတွက်နည်းတွက်လိုသူတိုင်း ပြုလုပ်ရမယ့်အဆင့်ပါ။ ပြီးတော့ မေးရိုးပုံစံကို စတင်ဖော်ထုတ်ဖို့ရာ လုပ်ဆောင်ပါတော့မယ်။

ဒီအတွက် သုံးခုလိုတယ်။

က) မိမိနာမည်စာလုံးတွေရဲ့ ကိုယ်စားပြုဂဏန်းတွေအားလုံးပေါင်းခြင်း

ခ) မိမိရဲ့ နှလုံးသားနံပါတ်၊

ဂ) မိမိနှလုံးလမ်းကြောင်းရဲ့ အရှည်၊

...တို့ပါ။

တွက်လိုသူရဲ့ နာမည်ဟာ နီလာနိုင် ဆိုပါတော့။

အင်္ဂလိပ်လို သူ့နာမည်ကို NILAR NAING လို့ပေါင်းပါတယ်။

ဒီနာမည်ထဲက အင်္ဂလိပ် အက္ခရာတွေတစ်လုံးချင်းစီရဲ့ နံပါတ်တွေကို ပေါင်းပါမယ်။



| NILAR | NAING | | |
|---|---|---|---|
| 5+1+3+1+2 | 5+1+1+5+3 | | |
| 12 | 15 | = | 27 |
| 2 + 7 | = | 9 | |

ဒါ့ကြောင့် သူ့နာမည် ကိုယ်စားပြုနံပါတ်ဟာ ၉ ဖြစ်ပါတယ်။

သူ့နှလုံးသားနံပါတ်ကို ရှာဖို့ရာအတွက် စာမျက်နှာ '၆၇' ပါ သက်ဆိုင်ရာ ဇယားကို ကြည့်လိုက်တယ်။

သူမက သတ္တဝါတွေထဲမှာ 'သိုး' ကို ကြိုက်ပြီး

အရောင်တွေထဲမှာတော့ 'အပြာ' ရောင်ကို ကြိုက်တယ်တဲ့။

ဒါကြောင့် သိုး နဲ့ အပြာ ဆုံတဲ့နေရာက နံပါတ်ကို ကြည့်လိုက်တော့ ၂ကို တွေ့တာမို့ သူ့နှလုံးသားနံပါတ်ဟာ ၂ ဖြစ်ပါတယ်။

သူ့လက်ဝဲနှစ်ဘက်လုံးက နှလုံးလမ်းကြောင်းတွေရဲ့ အရှည်ကိုတိုင်းတော့ 14.6 cm ဖြစ်နေတာနဲ့ ၁၄လို့ပဲ ယူလိုက်ပါတယ်။

အဲဒါကို ဂဏန်းတစ်လုံးတည်းရအောင် ပေါင်းလိုက်တော့ ၆ ရပါတယ်။

အခု ရထားတဲ့ ဂဏန်းသုံးခုစလုံးကို ပေါင်းပြီး ၃နဲ့ စားပါမယ်။

၉ + ၂ + ၆ = ၁၇ ÷ ၃

အကြွင်း '၂' ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်


ဗီးနှပ်မျဉ်းပေါ်က ဘယ်ညာအမှတ်ဓိတ်ကလေးတွေရဲ့ တစ်ဘက်တစ်ချက်


နှစ်မိတ်စာစီ အကွာအဝေးမှာ အမှတ်ကလေးတွေမှတ်ပြီး

အဲဒီအမှတ်ကလေးတွေကို ဖြတ်သန်းလို့

အသည်းနှလုံးပုံပေါ်မှာ မျဉ်းကွေးပြေပြေလေး ဆွဲလိုက်ပါတယ်။

ဟော့ဒီလို ပုံရပါတယ်။ အဲဒါကိုပဲ တပါတည်း ပုံချော်ပါဆွဲလိုက်ပါတယ်။





ပြီးတော့ ခေါင်းပိုင်းကို ဆက်တွက်ကြည့်ပါမယ်။

ဒီအတွက်

က) မိမိငယ်နာမည်စာလုံးတွေရဲ့ ကိုယ်စားပြုဂဏာန်းအားလုံးပေါင်းခြင်း၊

ခ) မိမိရဲ့ နှလုံးသားနံပါတ်၊

ဂ) မိမိနှလုံးလမ်းကြောင်းရဲ့ အရှည်၊

...တို့လိုတယ်လို့ တွက်နည်းက ဆိုထားတယ်။



နိုလာနိုင်ရဲ့ Nick Name က 'နိုနို' လို့သိရပါတယ်။

ဒီငယ်နာမည်ထဲက အင်္ဂလိပ် အက္ခရာတွေတစ်လုံးချင်းစီရဲ့ နံပါတ်တွေကို ပေါင်းပါမယ်။

NO NO

5+7 5+7

12 + 12 = 24

2 + 4 = 6

ဒါ့ကြောင့် သူ့ငယ်နာမည် ကိုယ်စားပြုနံပါတ်ဟာ ၆ ဖြစ်ပါတယ်။

ဒီတော့ လိုအပ်တဲ့ ဂဏာန်းသုံးခုကို ပေါင်းပြီး ၃နဲ့စားပါမယ်။

၆ + ၂ + ၆ = ၁၄ ÷ ၃

အကြွင်း '၂' ရပါတယ်။ ဒါကြောင့်

ကျူးမစ်မျဉ်းနဲ့ အသည်းနှလုံးပုံရဲ့ ထိပ်အလယ်ခေါင်တည့်တည့်က ချိုင့်ကလေး ထိစပ်နေရာ (နဂိုက မှတ်ထားတဲ့ အမှတ်ကလေးရဲ့)

အထက် ၂မိတ်အကွာမှာ အမှတ်အသားတစ်ခု ပြုလိုက်ပြီး


အဲဒီအမှတ်အသားကို ဖြတ်လို့ အသည်းနှလုံးပုံ ဘေးတစ်ဘက်တစ်ချက်ကို ဆောင် မျဉ်းကွေးလေးတွေ ဆွဲလိုက်ပါတယ်။

ပြီးတော့ အကြမ်းမျဉ်းကြောင်းပေါ်မှာပဲ ပုံချော်ဖြစ်အောင်လည်း ခြယ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com







နီလာနိုင်ရဲ့ ဖူးစာရှင်ဖြစ်လာမယ့် သူ့ရဲ့ မျက်နှာပုံ အောက်ခံဘောင်ကို ရပြီပေါ့။

ဒီပုံထဲမှာပဲ ... နှာခေါင်းရယ်

နှုတ်ခမ်းရယ်

မျက်လုံးနဲ့ မျက်ခုံးရယ် တို့ကို

ထပ်မံ တွက်ချက်ပုံဖော်ရပါဦးမယ်။

နီလာနိုင်ဟာ မတ်လ ၃၀ရက်နေ့မွေးတာမို့ မိဿရာသီဖွားဖြစ်ပါတယ်

ပြီးတော့ စနေသမီးလည်း ဖြစ်တယ်။

စာမျက်နှာ ၁၁၀ပါ ဇယားမှာ ကြည့်တဲ့အခါ မိဿနဲ့စနေ ဆုံတဲ့နေရာ

ဂဏန်းဟာ ၇ ဖြစ်ပါတယ်။

ဒါကြောင့် နှာခေါင်းပုံစံ နံပါတ် ၇ ကို ရှာတော့

စာမျက်နှာ ၁၁၄မှာ တွေ့ပြီး

ရှေ့က ဖော်ထုတ်ပြီးသား ဖူးစာရှင်ရဲ့ ပုံမှာ ဖြည့်စွက်ပါတယ်။



ဟော့ဒီလိုပုံ ရလာပါတယ်။



ဆက်ပြီး ဖူးစာရှင်ရဲ့ ပုံမှာ နှုတ်ခမ်းပုံစံ ဖြည့်စွက်နိုင်ဖို့ရာ

ဆက်လက် တွက်ချက်လုပ်ဆောင်ပါမယ်။

ရှေ့မှာ ပြောထားခဲ့သလိုပဲ သူမဟာ မိဿရာသီဖွားမို့

မိဿရဲ့ သက်ဆိုင်ရာ ဂဏန်းဟာ ၁၁ ဖြစ်တာကို

စာမျက်နှာ ၁၃၁ မှာ တွေ့ရပါတယ်။

အဲဒီ ၁၁ ရယ်၊ မွေးရက် ၃၀ ရယ်၊ မွေးလ ၃ ရယ် ပေါင်းပါမယ်။

၁၁ + ၃၀ + ၃ = '၄၄' ရတယ်။

အဲဒီ ၄၄ ကို ၉နဲ့ ပြန်စားတော့

'၈' ကြွင်းတယ်။

၈ ကြွင်း အတွက် ဖူးစာရှင်ရဲ့ နှုတ်ခမ်းပုံစံကို ရှာတော့

စာမျက်နှာ ၁၃၅ မှာ တွေ့ပြီး

ရှေ့က ဖော်ထုတ်ပြီးသား ဖူးစာရှင်ရဲ့ ပုံမှာ ဖြည့်စွက်တဲ့အခါ

ဟော့ဒီလိုပုံ ရလာပါတယ်။

www.burmeseclassic.com



အခုနောက်ဆုံး မျက်လုံးရယ် မျက်ခုံးရယ်ပုံတွေကိုပဲ

တွက်ချက်ဖြည့်စွက်ဖို့ရာ ကျန်ပါတော့တယ်။

ပူးစာရှင်ရဲ့ မျက်လုံးပုံရှာဖို့ရာအတွက်

မွေးသက္ကရာဇ် + နှလုံးသားနံပါတ် + ၁၉၀၀ ကို

မွေးနံနဲ့ စားပြီး ရလာဒ်ကို မွေးနံနဲ့ ပြန်ပေါင်းရမှာ ဖြစ်ပါတယ်။

နီလာနိုင်ရဲ့ မွေးသက္ကရာဇ်က ၁၉၉၄ပါ။

နှလုံးသားနံပါတ်က ရှေ့မှာ တွက်ခဲ့တာ ၂ ရထားပါတယ်။

ဒါကြောင့် ...

၁၉၉၄ + ၂ + ၁၉၀၀ = ၃၈၉၆ ရပါတယ်။

အဲဒါကို မွေးနံ နဲ့စားရမယ်။

စနေသမီးမို့ မွေးနံက ၇ ပါ။

၃၈၉၆ ÷ ၇ = ၅၅၆

အဲဒီစားလို့ရတဲ့ ရလာဒ်ကို ယူပါမယ် (အကြွင်း မယူတော့ပါဘူး)



အဲဒီ ရလာဒ်ကိုမှ တစ်ခါ သူ့မွေးနံနဲ့ ပေါင်းရမှာပါ။

၅၅၆ + ၇ = ၅၀၆

အဲဒါကို ဂဏန်းတစ်လုံးထဲဖြစ်အောင် ပြုတော့

၅ + ၀ + ၆ = ၁၁ > ၁ + ၁ = '၂'

အဖြေက '၂' ဖြစ်ပါတယ်။

နောက်ပိုင်းမှာ အဖြေ ၂ အတွက် မျက်လုံးပုံစံကို ရှာတော့

စာမျက်နှာ ၁၄၈မှာ တွေ့တာကြောင့်

ရှေ့က ဖော်ထုတ်ပြီးသား ပူးစာရှင်ရဲ့ ပုံမှာ ဖြည့်စွက်လိုက်ပါတော့တယ်။

ဟော့ဒီလိုပါ။



နောက်ဆုံးကျန်တဲ့ မျက်ခုံးပုံစံလေးပဲ တွက်ပါမယ်။

မျက်ခုံးပုံစံတွက်ဖို့ရာ

မွေးသက္ကရာဇ် + မွေးနံ + နှလုံးသားနံပါတ် + ၁၉၀၀ ကို

၇နဲ့ စားရမယ်လို့ ဆိုထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာ နီလာနိုင်ရဲ့ သက်ဆိုင်ရာ အချက်အလက်တွေကို ဖြည့်စွက် တွက်ချက်လိုက်တဲ့အခါ

၁၉၉၄ + ၇ + ၂ + ၁၅၀၀ = ၃၅၀၃ ရပါတယ်။

အဲဒါကို ၇ နဲ့စားရမယ်။

၃၅၀၃ ÷ ၇

ဒီအခါမှာ အကြွင်း ၃ ရပါတယ်။

ဒါကြောင့် အကြွင်း ၃ အတွက် မျက်ခုံးပုံစံကို ရှာပါတယ်။

စာမျက်နှာ ၁၆၈ မှာ တွေ့ရပါတယ်။

ဒီတော့ အဲဒီ မျက်ခုံးပုံစံကို

ဖူးစာရှင်ရဲ့ ပုံမှာ ဖြည့်စွက်ပါတယ်။

[ဒီနေရာမှာတစ်ခုလေးသတိပြုစေချင်ပါတယ်။တွက်ချက်ရရှိတဲ့ပုံဟာ ဆံပင်မပါဘဲ ဖြစ်နေတာပါပဲ။ လူတစ်ယောက်ရဲ့ဆံပင်ပုံစံဆိုတာ အချိန်နဲ့အမျှ မျိုးမျိုး ပြောင်းလဲနေတတ်တာမို့ဖူးစာဘက်ဖြစ်လာမယ့် သူရဲ့ဆံပင်ပုံစံ ဘယ်လိုရှိလိမ့်မလဲဆိုတာ အသေတွက်ချက်လို့မရပါ ဘူး။ ဒီအတွက် စာရေးသူကပဲ ဆံပင်ပုံစံနမူနာကလေးတွေ ပေးထားပါ တယ်။ ကိုယ်ကြိုက်ရာ ဆံပင်ပုံစံကိုသာ ကိုယ့်ဖူးစာရှင်ရုပ်ပုံလွှာမှာ ယူ တပ်ကြည့်လိုက်ပါတော့။ ယောကျ်ားလေး မိန်းကလေးအလိုက် သင့် လျော်ရာဆံပင်ပုံစံတွေကို ရွေးချယ်တပ်ဆင်နိုင်ကြပါတယ်။]



နောက်ဆုံး ... စာမျက်နှာ ၁၈၀-၁၈၄ ရှိ ဆံပင်ပုံစံတွေထဲက လိုက်ဖက်ရာကို တပ်ဆင်လိုက်တဲ့အခါ ...

နီလာနိုင်ရဲ့ ဖူးစာဘက်ဖြစ်လာမယ့်သူ ရုပ်ပုံလွှာဟာ

ဟောဒီလို အပြည့်အစုံ တွက်ချက် ဖော်ထုတ်ရရှိသွားပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ပုံစံနမူနာ ၁


ဆံပင်ပုံစံနမူနာ ၂


ဆံပင်ပုံစံနမူနာ ၃

BURMESE CLASSIC .com


ဆံပင်ပုံစံနမူနာ ၄



ဆံပင်ပုံစံနမူနာ ၅

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ပုံစံနမူနာ ၆





ဆံပင်ပုံစံနမူနာ ၇

BURMESE CLASSIC .com



ဆံပင်ပုံစံနမူနာ၈






ဆံပင်ပုံစံနမူနာ ၉

www.burmeseclassic.com

www.burmeseclassic.com




## ပရိသတ်များသို့

ဖူးစာရှင်ရဲ့ ရုပ်ပုံလွှာ ဖော်ထုတ်ဖို့ တွက်နည်းအဆင့်ဆင့်ကို အသေးစိတ် တင်ပြခဲ့ပြီးပြီမို့ အဆင်ပြေပြေတွက်ချက်နိုင်ကြလိမ့်မယ်လို့ ထင်ပါတယ်။

တွက်ချက်ရရှိလာမယ့် ပုံတွေအားလုံးကို သီးသန့်စုပြီး စာတစ်ရွက်နဲ့ မေတ္တာလက်ဆောင်ညှပ်ပေးလိုက်တာကိုလည်း တွေ့ပါလိမ့်မယ်။ အဲဒါဟာ ... မိမိဖူးစာရှင်ရဲ့ ပုံဖော် တွက်ချက်တဲ့အခါ စာအုပ်ထဲမှာပါတဲ့ ပုံတွေအတိုင်း တူအောင် မဆွဲတတ်ရင် ဖြတ်ပြီး ကပ်ဖို့ပါ။

ဖူးစာရှင်ရဲ့ ရုပ်ပုံလွှာတွက်တဲ့အခါ စာအုပ်ထဲမှာပါတဲ့ အစီအစဉ်အတိုင်း ၁)မေးရိုးပိုင်း၊ ၂)ခေါင်းပိုင်း၊ ၃) နှာခေါင်း၊ ၄)နှုတ်ခမ်း၊ ၅)မျက်လုံး၊ ၆)မျက်ခုံး စသဖြင့် အဆင့်ဆင့် တွက်ချက်သွားပါ။ ရလာတဲ့ တစ်ဆင့်ချင်းအလိုက် တစ်ခုစီ ပုံဆွဲလိုကဆွဲ မဆွဲလဲဖြတ်ပြီး ကပ်သွားပေါ့။

ဒီနည်းဟာ အိန္ဒိယလောကီပညာကျမ်းတစ်စောင်က ထုတ်နုတ်ထားတာမို့ ယုံယုံကြည်ကြည်တွက်ချက်နိုင်ကြပါတယ်။ ဘုရားဟောမဟုတ်လို့ အကြွင်းမဲ့လို့တော့ မကြွေးကျော်လိုပေမယ့် တော်တော်တော့ မှန်တယ်လို့ ပြောပါရစေ။ စာရေးသူက ကိုယ့်အတွက်ကိုယ် မတွက်ချင်ပေမယ့် အနားပတ်ဝန်းကျင်က လူအားလုံးအတွက် တွက်ပေးပြီး စမ်းသပ်အောင်မြင်ထားပြီးပါပြီ။ ဒါပေမဲ့ ကိုယ်တိုင်အတွက် တွက်ရင် ပိုမှန်တယ်လို့ မူရင်းကျမ်းမှာဆိုထားပါတယ်။

ဒီနည်းဟာ အင်္ဂလိပ်လိုဆိုရင်တော့ How to Search Your Soul Mate လို့ ခေါ်ပါတယ်။ ရှေးက ယုံကြည်မှုတွေအရ ရှုထား

www.burmeseclassic.com

www.burmeseclassic.com



တွေဟာ လက်လေးဘက် ခြေလေးဘက် ခေါင်းနှစ်လုံးစီပါကြသတဲ့။ နောက်ပိုင်းမှ တန်ခိုးရှင်တစ်ပါးရဲ့ အမျက်သင့်မှုကြောင့် တစ်ခြမ်းစီခွဲထုတ်ခံရရာက ခေါင်းတစ်လုံး ခြေနှစ်ဘက် လက်နှစ်ဘက်သာရှိတော့တဲ့ ယနေ့ခေတ်လူသားမျိုးတွေ ဖြစ်လာကြတော့တာပဲတဲ့။

ဒီလို နှစ်ခြမ်းကွဲသွားတဲ့ လူသားတွေဟာ သံသရာတလျှောက်လုံး သူ့ရဲ့ ကွဲကွာနေတဲ့ နောက်တစ်ခြမ်းကို ရှာနေကြရတော့သတဲ့။ အဲဒီနောက်တစ်ခြမ်းဟာ Soul Mate ပါပဲ။ တစ်နည်းပြောရရင် ဝိညာဉ်အမွှာ ပေါ့လေ။ အခု ဖော်ပြထားတဲ့ ဖူးစာရှင်ရုပ်ပုံလွှာ တွက်ချက်နည်းဟာ ကိုယ့်ဝိညာဉ်အမွှာရဲ့ ရုပ်သဏ္ဌာန်ကို တွက်ချက်ဖော်ထုတ်နည်းပါပဲ။

လူတိုင်းမှာ ဝိညာဉ်အမွှာရှိတယ်လို့ ရှေးက ယုံကြည်ခဲ့ကြတယ်။ တကယ်လို့ အပျိုကြီး၊ လူပျိုကြီးဖြစ်မယ့်သူဆိုရင်တောင်လည်း ကိုယ့်ဝိညာဉ်အမွှာဟာ လောကထဲက တစ်နေရာမှာ ရှိနေပေမယ့် ပေါင်းဖက်ခွင့်မရဘူးပေါ့လေ။ ဒါပေမဲ့ ကံကြမ္မာက စေ့စပ်ထားတဲ့ သူ့ဖူးစာဘက်ရဲ့ ရုပ်ပုံလွှာကိုတော့ ဖော်ထုတ်လို့ရတာပါပဲ။ တစ်ချို့ကျတော့လည်း အိမ်ထောင်၂ဆက် ၃ဆက်ကျကြတယ်။အဲဒီလိုလူမျိုးအတွက် ဖူးစာရှင်ဆိုတာ ဘယ်သူလဲ? ကျမ်းကဆိုထားတာတော့ သူ့နှလုံးသားအတွက် မိတ်ဖက်ဟာ အမြဲတစ်ယောက်တည်းရှိသတဲ့။ ကျန်တာတွေကတော့ ခေတ်စကားနဲ့ပြောရင် အချစ်တုတွေပေါ့နော်။

ဒီနည်းကို ယောကျ်ားအတွက်ရော မိန်းကလေးအတွက်ပါ တွက်လို့ရပါတယ်။ ဒီထဲမှာပါတဲ့ နှုတ်ခမ်းပုံတွေကို ထင်အောင်ဆွဲထားရတယ်။ ဒါပေမဲ့ ယောကျ်ားလေးအတွက်ဆို အရောင်နည်းနည်း



ဖျော့လိုက်ပြီး မိန်းကလေးအတွက်ဆို ခုတိုင်းထားလိုက်ရင် ပြီးတာပဲ။ ယေဘုယျအားဖြင့်တော့ ယောကျ်ားလေးနဲ့ မိန်းကလေးက နှုတ်ခမ်းအရောင်တောက်ပမှုမှာ အဓိကကွာခြားသွားတာပါပဲ။

နှုတ်ခမ်းပုံနဲ့ မျက်နှာပုံတွေ တွက်ရာမှာ အကြွင်း သုညရတာနဲ့ ကြုံကောင်းကြုံနိုင်တယ်။

နှုတ်ခမ်းပုံအတွက် သုညကြွင်းဟာ ၉ကြွင်းနဲ့ တူပြီး၊ မျက်လုံးပုံအတွက် သုညကြွင်းဟာ ၇ကြွင်းနဲ့ တူပါတယ်။

စာအုပ်ရဲ့ ရှေ့ပိုင်းမှာ ဖူးစာရှင်ရုပ်ပုံလွှာမြင်ရဖို့ ရှေးကလုပ်တတ်ခဲ့တဲ့ နည်းလမ်းတွေကိုလည်း ပထမနည်းကနေ စတုတ္ထနည်းအထိ ဖော်ပြထားတယ်။ ဓာတ်လမ်းပါ ကြိုးကြာမေက အဲဒီနည်းတွေနဲ့ မအောင့်မြင်ဘူးဆိုပေမယ့် တစ်ချို့လည်း အဲဒီနည်းတွေလုပ်ကြည့်လို့ အဆင်ပြေတယ် ဆိုကြတယ်။

ဒီစာအုပ်နဲ့ ပတ်သက်လို့ အဆင်မပြေတာ မေးမြန်းချင်တာရှိရင် ... ghostgolli@gmail.com ကို အီးမေးလ်ပို့ပြီး မေးမြန်းပါ။

စာရေးသူရဲ့ စာတွေကို

အင်တာနက်ကနေ **အခမဲ့** ဖတ်ချင်ရင်တော့ ...

ghostsuperstar@gmail.com ဆီကို

'ဒဿကျော်စွာရဲ့ စာတွေ ဖတ်ချင်ပါတယ်'

လို့ တစ်ကြောင်းတည်းရေးပြီး အီးမေးလ်လှမ်းပို့လိုက်ရုံပါပဲ။

နှစ်ပတ်ကိုတစ်ကြိမ် သင့်အီးမေးလ်ထဲအရောက် အခမဲ့ ပြန်ပေးပေးပါလိမ့်မယ်။

www.burmeseclassic.com